
www.burmeseclassic.com

အောင်မြင့်

စာပေ

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

# ပြဒါးပျံစက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ပြဒါးပျံစက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃
ပညာဒီပ
ပြဒါးပျံစက်ကွင်း/ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



ခွင့်ပြုချက်အမှတ် ၅၀၀၇၇၇၆၀၅၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၆၄၀၉၁၁။
။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
၅၄၁၀၄၅၊ ၅၅၂၀၀၃၊ ၀၉ ၅၀ ၂၀၃၅၄။
ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (မေလ)။
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၈၀၀)ကျပ်

# ( ဒဿနလက်ဆောင် )

❋ လူနှစ်ယောက် လက်ထပ်လိုက်ရုံနှင့်တော့
တဒင်္ဂပျော်ရွှင်မှုမျိုး ရနိုင်ပါသည်၊
စိတ်ဓါတ်ချင်း တစ်ထပ်တည်းကျမှသာ
ရာသက်ပန် ပျော်ရွှင်ခွင့် ရနိုင်ပေမည်။

❋ လူအတော်များများမှာ
မိမိကို သူတစ်ပါးက ချစ်စေချင်ကြသည်။
အကောင်းဆုံးမှာ
မိမိက လူအတော်များများအပေါ်
ချစ်စိတ်မွေးနိုင်ပါက ပိုကောင်းပေသည်။

❋ အချစ်သည်
အလုပ်မရှိသူအတွက်
အလုပ်များစေသောအရာဖြစ်သလို
အလုပ်မအားသူအတွက်တော့
အလုပ်ပျက်စေသော အရာတစ်ခုပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

❋ အချစ်ကို ရရှိသူအတွက်
ပျော်ရွှင်မှုကို အထွတ်အထိပ်အထိ
ရောက်စေပါတယ်၊
အမြင့်ဆုံးရောက်ပြီး ထပ်တက်ရန် မရှိလျှင်တော့
စိတ်ဓာတ်ကျစရာများ ရောက်လာနိုင်ပါတယ်။

❋ အိပ်မက်သည် လွတ်လပ်သော
ခံစားမှုပုံရိပ်ဖြစ်သည်။
သို့သော် အိပ်မက်ထဲမှအတိုင်းတော့
အပြင်မှာ ဖြစ်ခွင့်မရနိုင်ပေ။
အပြင်မှာ လိုချင်သောအရာကို
မအိပ်သေးခင်အချိန်၌ ကြိုးစားယူရပေမည်။

❋ ကြံ့ရာကျပန်းစိတ်မျိုးဖြင့်
ဦးတည်ချက်ရှိရာသို့ မရောက်နိုင်ပေ၊
ကြံ့ရာစိတ်ကြောင့် ကျရာအလုပ် လုပ်ရပြီး
ကျရာအလုပ်ဖြင့် ရသမျှသာ လက်ခံရပေမည်။

BURMESE CLASSIC .com

# ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) ကမ္ဘာ့နေရာများမှ တစ္ဆေအသုအသများ
အခန်း(၂) သုသာန်ရောက်မှ အသက်ပြန်ရှင်ခွင့် ရလာသူ
အခန်း(၃) ကျောက်နာမောင်းမှ ကျောက်မောင်းထိုးသံ
အခန်း(၄) သိုက်က လာတဲ့မိန်းကလေး
အခန်း(၅) ပုံတောင်ပုံညာမှ မိုးနတ်ကြီးပူဇော်ပွဲ
အခန်း(၆) နာနာဘာဝ လှည့်စားခံရသူများ
အခန်း(၇) တောနက်တွင်းမှ ကယ်တင်ရှင်
အခန်း(၈) မာယာရှင်နှင့် မာယာကျော့ကွင်းများ
အခန်း(၉) အချစ်စက်ကွင်းမှ မလွတ်ကင်းနိုင်ခဲ့သူ
အခန်း(၁၀) လက်ဝါးပြင်ပေါ်မှ အချစ်သင်္ကေတများ
အခန်း(၁၁) ဥစ္စာစောင့်နှင့် ဖူးစာဆုံကြသူများ
အခန်း(၁၂) ကြောက်စရာကောင်းသည့် ပြဒါးပျံစက်ကွင်း
အခန်း(၁၃) ဘဝဟောင်းသို့ ပြန်ခွင့်ရခဲ့သူ


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

# ကမ္ဘာ့နေရာများမှ တစ္ဆေအယူအဆများ

ပတ်ဝန်းကျင်တစ်ခုလုံး မြူခိုးမြူငွေ့များ ပိတ်ဆီးနေသယောင် ထင်ရလေသည်။ ကြည့်သည့်နေရာတိုင်း ဝေ့ဝေ့ဝါးဝါးဖြစ်နေသည်။

သို့သော်လည်း အရာဝတ္ထုအချို့ကိုတော့ ဝိုးတဝါး မြင်တွေ့နေရသည်။

မြင်တွေ့နေရသော အရာဝတ္ထုတိုင်းကိုလည်း သူမအနေဖြင့် မှတ်မိနေသည်။

သူမအမည်မှာ နှင်းမေဖြစ်သည်။

နှင်းမေသည် အသက်(၁၉)နှစ်အရွယ်ခန့်သာ ရှိသေးသည့်



www.burmeseclassic.com

www.burmeseclassic.com



လှပချောမောသူတစ်ဦးဖြစ်သည်။

သူမသည် တောင်ရိုးရွာသူတစ်ဦးဖြစ်ပြီး ငယ်စဉ်ကတည်းက ထိုရွာမှာမွေး၊ ထိုရွာမှာ ကြီးပြင်းခဲ့သူဖြစ်သည်။

တောင်ရိုးရွာမှာ ပုလဲနှင့်ဂန့်ဂေါသို့ သွားသော တောင်ပေါ်လမ်းနှင့် မဝေးလှသောနေရာ၌ ရှိပြီး ဂန့်ဂေါနှင့်လည်း မဝေးလှပေ။

ကိုလိုနီခေတ်ဦးပိုင်းအချိန်လောက်က ပုံတောင်ပုံညာ တောင်တန်းကြီးများပေါ်မှာသော်လည်းကောင်း၊ တောင်နှစ်လုံး ပတ်ဝန်းကျင်မှာသော်လည်းကောင်း၊ သစ်တောဝါးတောကြီးများက လူတိုးမပေါက်အောင် ရှိကြလေသည်။

ထိုသစ်တောကြီးများအတွင်း၌ ဆင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ မြွေ၊ မျောက်ဝံ စသော တောရိုင်းတိရစ္ဆာန်ကြီးများလည်း ရှိကြသည်။

ဂန့်ဂေါနှင့်ပုလဲသို့ ဆက်သွယ်ထားသောလမ်းမှာလည်း ယခုကဲ့သို့ ကားလမ်းမျိုး မဟုတ်ဘဲ တောထဲမှာ သစ်ခွဲသောလမ်းများမှသာ အသုံးပြု၍ သွားကြရသည်။

ထိုနယ်မြေဒေသမှာ တောတောင်များသာ ဖုံးအုပ်ထားလေရာ ပုံတောင်ပုံညာ တောင်တန်းကြီးနှစ်ခုအပါအဝင် ဇန်ဂျီတောင်၊ လေညှင်းတောင်၊ မောင်တော်နှမတော်တောင်၊ နွားလန့်တောင်၊ ခိုတောင်၊ မအူတောင် စသော မြောက်နှင့်တောင်သို့ ကန့်လန့်ဖြတ် သွယ်တန်းထားသော တောင်တန်းများလည်း ရှိကြလေသည်။

ရှေးအခါက ကားလမ်းမရှိသောကြောင့် ထိုတောလမ်းများမှာပင် လှည်းများဖြင့် အုပ်စုဖွဲ့ကာ ခရီးသွားလာကြရသည်။ ပုလဲနှင့်ဂန့်ဂေါမှာ မိုင်(၈၀)ကျော်မျှ ကွာဝေးလေရာ အကယ်၍ ပုလဲမှ ဂန့်ဂေါသို့ ရောက်အောင်သွားမည်ဆိုပါက ညအိပ်ညဉ့်နေ သွားကြရသည်။

တောင်ပေါ်ခရီးဟု ဆိုသော်လည်း ရာသီမရွေး သွားလာနိုင်





သည်တော့ မဟုတ်ပေ။ မြေအမျိုးအစားမှာ စနယ်(တနယ်)မြေဟု ခေါ်သော မြေစေးများဖြစ်သဖြင့် မာလျှင် ဆူးတမျှ၊ နူးပြီး ပျော့နေလျှင် ဒူးအထိ ကျွံဝင်သွားတတ်သည်။

သို့ကြောင့် ဆောင်းရာသီနှင့်နွေရာသီ ရောက်မှသာ ခရီးသွားကြပြီး မိုးရာသီရောက်လာလျှင်တော့ ခရီးသွားလာခြင်း မပြုတော့ပေ။

လှည်းများဖြင့် ခရီးသွားလာကြရာမှာ သူခိုးဓားပြ၊ သားရဲတိရစ္ဆာန်များဘေးရန်မှ ကင်းဝေးစေရန် အုပ်စုလိုက် သွားလေ့ရှိပြီး နေ့အချိန်မှာ အရိပ်ကောင်းသော သစ်ပင်ရိပ်များ၌ အိပ်ပြီး ညအချိန်ရောက်တော့မှ ကညင်ဆီမီးတိုင်များ ထွန်းကာ ခရီးသွားလာကြသည်။

ညအချိန် ခရီးသွားလာခြင်းကြောင့် နွားလည်း သက်သာ၊ လူလည်း သက်သာသည့်အပြင် ဓားပြနှင့်သားရဲတိရစ္ဆာန်များ၏အန္တရာယ်မှ ကင်းဝေးကြလေသည်။

ပုံတောင်ပုံညာတောင်တန်းကြီးများနှင့် သစ်တောကြီးများ အတွင်း၌ သောင်းကျန်းသူများနှင့် ဓားပြများ ခိုအောင်းရာနေရာများဖြစ်ပြီး ခရီးသွားများကို လုယက်တိုက်ခိုက်မှု ပြုခဲ့ကြသည်။

ဂန့်ဂေါဘက်မှာ နေကြသူများအပါအဝင် တောင်ကြောများမှာ ရွာတည်နေကြသူများသည် နွေရာသီ၊ ဆောင်းရာသီ ရောက်လာပါက ချင်းတွင်းမြစ်ဘက်သို့ ဆင်းလာကြပြီး ၎င်းတို့မှာ ပါလာသော ဝါ၊ မျှစ်၊ မကျည်း၊ ဆီး စသော ကုန်ပစ္စည်းများကို ရောင်းချကြသည်။

အပြန်မှာ အလိုရှိသော ကုန်ပစ္စည်းများ ဝယ်ယူပြီး ပြန်သွားကြလေသည်။

ချိုင့်ဝှမ်းထူပြော ၊ လမ်းခေါ်ကာတောတွင်
သောသောညံညံ ၊ သေနတ်သံနှင့်
ဝဲဂျံလင်းတ ၊ စောင့်မျှော်ကြ၊



www.burmeseclassic.com

www.burmeseclassic.com



ဟူသောစာပိုဒ်များဖြင့် ကဗျာဆရာကြီး ကိုလေးအင်းဝ(ဂုဏ်ရည်)က ထိုပတ်ဝန်းကျင်မှ မြင်ကွင်းများကို ကဗျာဖြင့် ရေးသားတင်ပြခဲ့ဖူးသည်။

(၁၉၆၂)ခုနှစ်နောက်ပိုင်း ရောက်တော့မှ ပုလဲဂန့်ဂေါသို့ ပေါက်ရောက်သွားနိုင်သော ကားလမ်းကြီးကို ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုကားလမ်းကြီး ပေါက်သွားသောအခါ ပုံတောင်ပုံညာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ နေကြသည့်ရွာများလည်း တိုးတက် စည်ကားလာလေတော့သည်။

ပုလဲနှင့်ဂန့်ဂေါအကွာအဝေးမှာ မိုင်(၈၀)ခန့်သာ ဝေးကွာသော်လည်း တောင်တက်တောင်ဆင်း ကွေ့ပတ်ဖောက်ရသောကြောင့် ကားလမ်းအရှည်မှာ (၁၁၄)မိုင်အထိ ရှိခဲ့လေသည်။

ပုလဲမှ လာလျှင် ပုံတောင်တောင်တန်းကြီးကို အရင်ကျော်ဖြတ်ရပြီး အလယ်မှာ ချိုင့်ဝှမ်းဒေသဖြစ်သည်။ အနောက်ဘက်တွင် ပုံညာတောင်တန်းကြီးရှိသည်။ ထိုတောင်နှစ်လုံးအလယ်လောက်တွင် ကျေးရွာရှိသည်။ ကျေးရွာသည် ခရီးသွားများအတွက် စခန်းထောက်နေရာအတွက်ဖြစ်သလို ရွာကြီးတစ်ရွာလည်းဖြစ်သည်။

ကျေးရွာအုပ်စုကို ရွာပေါင်း(၁၆)ရွာဖြင့် ဖွဲ့စည်းထားပြီး အပျိုချောများ ထွက်သောနေရာဟု လူသိများသောနေရာတစ်ခုလည်းဖြစ်သည်။

ကျေးရွာမှာ ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်ပြီး (၁၁၄၅)ခုနှစ် ပေတိုင်မီကတည်းက သူကြီးအုပ်ချုပ်သောရွာအဖြစ် တည်ရှိခဲ့သည်။

ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ကျေးရွာကို အခြေပြုပြီး သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ခဲ့ကြရာ သီပေါမင်း ပါ





တော်မူပြီးနောက် အင်္ဂလိပ်များလက်အောက်သို့ ကျရောက်အခါ သစ်ထုတ်လုပ်ရေးလုပ်ငန်းကို အကြီးအကျယ် ထုတ်လုပ်ခဲ့ကြလေသည်။

နောက်ပိုင်း ကားလမ်းပေါက်သွားသောအခါ ကျေးရွာသည် ခရီးသွားများအတွက် စခန်းထောက်နေရာဖြစ်ခဲ့သည်။ အနောက်ဂန့်ဂေါဘက်မှ ပုံညာတောင်ကို ကျော်လာသူများ၊ အရှေ့ဘက် ပုလဲမှ ပုံတောင်ကို ကျော်လာသူများ ရှိနေရာမှာ ခရီးတစ်ထောက် ဝင်နားကြသည်။

ကျွန်တော်ရောက်သွားခဲ့စဉ်က ထိုကျေးရွာမှာပင် ဒေသထွက် လက်ဆောင်ပစ္စည်းအတော်များများ ဝယ်ယူ၍ရကြောင်း တွေ့ခဲ့ရသည်။

ယောလုံချည်၊ ယောပင်နီ၊ ယောလွယ်အိတ်၊ သမင်ချို၊ ပြောင်ချို၊ ကျားသားရေ၊ ကျားသစ်ရေ၊ ဆက်သားခြောက်၊ ဂျေသားခြောက်များအပြင် အိမ်တိုင်းရှေ့မှာ သစ်ခွပန်းရောင်စုံများကို ချိတ်ဆွဲရောင်းချကြသည်ကို တွေ့ခဲ့ရသည်။ သစ်ခွပန်းများမှာ ပုံတောင်ပုံညာ သစ်တောကြီးများအတွင်းမှ ရှာဖွေရောင်းချသောကြောင့် အမျိုးအစား စုံသလို အရောင်အသွေးလည်း စုံလင်လှသည်။

ရန်ကုန်မြို့ ရပ်ကွက်များအတွင်းမှာ လှည့်လည်ရောင်းချနေသူများကဲ့သို့ သစ်ပင်နှင့်ပန်းပွင့်ကို အတုပြုလုပ်ပြီး ရောင်းချခြင်းမျိုး မရှိကြပေ။

ရှေးအခါက ပုံတောင်ပုံညာအပါအဝင် ဂန့်ဂေါဒေသ၊ ယောဒေသ၊ ဆောဒေသ၊ ကျောဒေသများအကြောင်း ပြောလျှင် စုန်း၊ ကဝေပညာများ တတ်ကျွမ်းသည့်အကြောင်းများမှာ အဓိကနေရာမှ ပါဝင်ခဲ့ပေသည်။

ရှေးက ရေးသားထုတ်ဝေခဲ့သော သရဲတစ္ဆေ၊ စုန်းကဝေ ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



များထဲတွင် ယောဆရာများအကြောင်း၊ ယောဒေသမှ ထွက်သော စုန်းတဝေ ပညာသည်များအကြောင်းကို အတော်များများ ဖတ်ရှုကြရသည်။

ဆရာနှင့် စုန်းကဝေများ ပညာပြိုင်သောအကြောင်းများကိုလည်း ကြောက်မက်ဖွယ်ကောင်းအောင် ရေးသားခဲ့ကြသည်။

တစ္ဆေသရဲ၊ စုန်းကဝေများနှင့် ပတ်သက်သည့်အကြောင်းများကို ရှေးကတည်းက ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ရေးသားခဲ့ရာ ထင်ရှားသော စာအုပ်များ ရှိခဲ့သည်။ (၁၉၀၀)ပြည့်နှစ်ဝန်းကျင်ခန့်က ဇေယျသင်္ခယာဘွဲ့ခံ လှေသင်းအတွင်းဝန် ရေးသားခဲ့သည့် တဋ္ဌတ္တဒီပဏီကျမ်း၊ ထိုကျမ်းမှာ နန်းတွင်း၌ တွေ့မြင်ရသော တစ္ဆေဟူသောစာအုပ်ဖြစ်သည်။

(၁၉၃၄)ခုနှစ်က ပဥ္စရူပ်တိုက်ပိုင်ရှင် ဦးခ ရေးသားထားခဲ့သော တစ္ဆေညွန့်ပေါင်းကျမ်း၊ ၎င်းစာအုပ်ထဲတွင် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားမှ ကြောက်စရာကောင်းသော တစ္ဆေ၊ သရဲ၊ သဘက်၊ ကျတ်၊ ဥစ္စာစောင့်များအကြောင်းကို ရေးသားထားသောစာအုပ်ဖြစ်သည်။

(၁၉၃၀)ခုနှစ်နောက်ပိုင်းတွင် စာရေးဆရာမကြီး(ဒေါ်)ဒဂုန်ခင်ခင်လေးက 'ကိုကိုလေး' ဟူသော ကလောင်အမည်ခွဲဖြင့် ရေးသားခဲ့သော 'မှော်ဆရာမှတ်တမ်းများ' စာအုပ်၊

နောက်ပိုင်းမှာ ထိုဝတ္ထုများကို စာအုပ်အဖြစ် ထုတ်ဝေခဲ့ရာ (၃)အုပ်အထိ ရှိလေသည်။ မှော်ဆရာမှတ်တမ်းများထဲမှာ အခြေခံသော အကြောင်းအရာများမှာ မြန်မာပြည် နေရာအနှံ့အပြား ဖြစ်သော်လည်း အများအားဖြင့်တော့ ရှမ်းပြည်နယ်ဘက်မှ အကြောင်းအရာများလေသည်။

နောက်ပိုင်း (၁၉၆၀)ခုနှစ်ဝန်းကျင်တစ်ဝိုက်မှာတော့ ကဝေသာရ ကလောင်အမည်ဖြင့် သရဲတစ္ဆေ၊ စုန်းကဝေဝတ္ထုများ ထွက်ခဲ့ရာ၎င်းမှာလည်း (၉)အုပ်အထိ ရှိခဲ့လေသည်။





ထိုအထဲတွင် မှော်စက်ရှင် ကလောင်အမည်ဖြင့် ရေးသားသော အခြားဝတ္ထုများလည်း ရှိခဲ့သေးသည်။ သရဲတစ္ဆေ၊ စုန်းကဝေနှင့် ပတ်သက်ပြီး ရေးသားသော စာရေးဆရာများအကြောင်းကို ပြောမည်ဆိုလျှင် ဆရာကြီး မြစကြာအကြောင်းလည်း မလွဲမသွေ ပါဝင်ရမည်ဖြစ်သည်။

ဆရာကြီးမြစကြာ စာအုပ်များကို (၁၉၅၀)ပြည့်နှစ်နောက်ပိုင်းအဆက်မပြတ် ထုတ်ဝေခဲ့ရာ အုပ်ရေအတော်များများ ရှိလေသည်။

အရေးအသား ကောင်းသလို အကြောင်းအရာလည်း စုံလှသောကြောင့် စာဖတ်ပရိသတ်များ နှစ်သက်ခဲ့ကြလေသည်။

ဆရာကြီး မြစကြာ ဆိုသည်နှင့် တစ္ဆေသရဲ၊ စုန်းကဝေ ဝတ္ထုချည်း မဟုတ်ဘဲ အခြားဗဟုသုတ ရစေသော စာအုပ်အချို့လည်း ရှိပေသည်။

မြစကြာ ခရီးစဉ်များမှာ မြန်မာပြည်နေရာအနှံ့အပြား ရှိသော ထူးခြားသောအကြောင်းအရာများကို လေ့လာရေးသားခဲ့သောစာအုပ်ဖြစ်ပြီး ခရေပင်ဇောက်ထိုးနှင့် ကျောက်နွားညီနောင်တို့မှာ စာဖတ်သူအတွက် ဗဟုသုတ ရစေနိုင်သော ဝတ္ထုများဖြစ်ခဲ့ကြသည်။

ထိုခေတ်အခါက စာပေဝေဖန်ရေးဆရာတို့က မြစကြာစာအုပ်များကို အညံ့စား၊ အပေါစားဝတ္ထုများအဖြစ် ဝေဖန်ပြောဆိုခဲ့ကြသော်လည်း မိန်းမအတွက် အရက်သောက် အသည်းကွဲနေသော ဝတ္ထုများထက်တော့ အကြောင်းအရာ ပိုကောင်းသည်ဟု ဆိုနိုင်ပါသည်။

ရန်ကုန်မြို့ထဲက အိမ်တစ်လုံး၊ အရက်ဆိုင်တစ်ဆိုင်မှာ တင်ပြီးသွားသော ဝတ္ထုတစ်အုပ်ထက်စာလျှင် ကိုယ်မသွားလာနိုင်သော မရောက်ဖူးသေးသော မြန်မာပြည်အကြောင်းများကို တစ်စုံတစ်ခု သိရသည်က ပို၍အကျိုးရှိနိုင်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ကမ္ဘာ့စာပေလောကမှာလည်း တစ္ဆေပုံပြင်၊ တစ္ဆေဝတ္ထုများ အများအပြား ပေါ်ပေါက်ခဲ့သည်။ ထိုအမျိုးအစားများကို ကမ္ဘာ့စာပေလောကတွင် . . . Gothicnovel Supernatural Tale ဟု၍ခေါ်ဝေါ်ကြသည်။

ယင်းဝတ္ထုအမျိုးအစား အများအပြား ပေါ်ထွက်ခဲ့သည့်ကာလမှာ (၁၉)ရာစုအစောပိုင်းကာလများ၌ ဖြစ်သည်။

ဟောရေ့ဝဲလ်ပို၏ The Castle of Otranto (1764) ကို အစောဆုံး ပေါ်ထွက်ခဲ့သော တစ္ဆေဝတ္ထုအဖြစ် စာပေပညာရှင်များက အသိအမှတ်ပြုခဲ့ကြသည်။ ထို့နောက်ပိုင်းမှာလည်း ထိုခေတ်အခါက ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာများက ဆက်လက်ရေးသားခဲ့ကြသည်။ ၎င်းတို့မှာ. . .

အင်္ဂါအယ်လင်ပိုး၊ လေဖာနူ၊ ဖေရီရှယ်လီ၊ ဘရန်စတိုကာ၊ ချားလ်စ်ဒစ်ကင်း၊ လူဝီစတီဗင်ဆင်၊ ကစ်ပလင်၊ သောမတ် ဟာဒီ၊ ဟင်နရီဂျိန်း၊ ဂျိုးဇက်ကွန်ရက်၊ ပြင်သစ်စာရေးဆရာ မိုပါဆွန်းတို့ ဖြစ်ကြသည်။ နောက်ပိုင်း ဆာအာသာကွန်နင်ဒွိုင်း ရေးသားသော ဝတ္ထုဇာတ်လမ်းအချို့တွင် တစ္ဆေနှင့် သက်ဆိုင်သော အကြောင်းအရာများ ပါဝင်လာလေသည်။

တစ္ဆေနှင့် ပတ်သက်ပြီး အကြောင်းအရာအမျိုးမျိုးရှိသလို လူမျိုးဓလေ့နှင့် အခေါ်အဝေါ်များလည်း ကွဲပြားသွားကြလေသည်။

သို့သော်လည်း အဓိပ္ပာယ် ဖွင့်ဆိုလျှင်တော့ တစ္ဆေ သို့မဟုတ် ဝိညာဉ်ဟုသာ အဓိပ္ပာယ်တွေ့ရလေသည်။ တစ္ဆေနှင့် ပတ်သက်ပြီး နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က ပြုစုထားခဲ့သည့် ရှေးဟောင်းကျမ်းများ၌လည်း တွေ့ရနိုင်ပေသည်။

တရုတ်ပညာရှိများက ဝိညာဉ်လောကနှင့် ပတ်သက်ပြီး အ





လေးအနက် ထားကြသလို တစ္ဆေသရဲ ရှိသည်ဟုလည်း ယုံကြည်လက်ခံမှု ရှိကြသည်။

နောက်ပိုင်း တစ္ဆေရှိသည်မရှိသည်ကို စူးစမ်းသုတေသနပြုခဲ့ရာမှ ၎င်းတို့ တွေ့မြင်ရသော အကြောင်းအရာပေါ် မူတည်ပြီး အခေါ်အဝေါ် အမျိုးမျိုး ထွက်ပေါ်လာလေသည်။

ခေတ်အဆက်ဆက် သမိုင်းစဉ်တွင်လည်းကောင်း၊ ကမ္ဘာတလွှားတွင်လည်းကောင်း "တစ္ဆေ" ကို ဝေါဟာရအမျိုးမျိုးဖြင့် ခေါ်တွင်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများတွင် ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသည့် အမည် ဝေါဟာရများကို စာရင်းပြုစုဖော်ပြပါသည်။

| | |
|---|---|
| တစ္ဆေ | - Apparition |
| ရုပ်သွင်မြင်ရခြင်း (တစ္ဆေ) | - Appearance |
| တစ္ဆေ | - Bakemono (Japanese) |
| တစ္ဆေ | - Bogey |
| ရုပ်နှင့်ကွာနေသော ဝိညာဉ်တစ္ဆေ | - Disembodied Spirit |
| တစ္ဆေ | - Entity |
| တစ္ဆေ | - Espectro (Spanish) |
| တစ္ဆေ | - Esprit (French) |
| ထုံနိုင်ဖွယ် မရှိသည့်အရာ (တစ္ဆေ) | - Fantasma (Spanish) |
| တစ္ဆေ | - Fantome (French) |
| တစ္ဆေ | - Gast (Old English) |
| တစ္ဆေ | - Geist (German) |
| တစ္ဆေ | - Gespenst (German) |



www.burmeseclassic.com

www.burmeseclassic.com



ပိုးလောင်း၊ ပိုးလောက်လန်း(တစ္ဆေ)- Larva (Latin)
တစ္ဆေ = Lemures (Latin)
တစ္ဆေ - Lau (Amaman Islands)
ထင်ရှားသော သာဓကဖြင့် ကိုယ်ထင်ပြသူ(တစ္ဆေ) = Manofestation
တစ္ဆေ - Obake (Japanese)
တစ္ဆေ = Phantasm
တစ္ဆေ - Phantom
ပုဏ္ဏကတိုက်သကဲ့သို့ ခြောက်လှန့်တတ်သည့်တစ္ဆေ - Poltergeist
အငြိမ်မနေသည့်လူသေ (တစ္ဆေ) - Restless dead
နိုးတိုးနိုးတိပ် မြင်ရသူ(တစ္ဆေ) - Shade
အရိပ်အယောင် ခပ်မှောင်မှောင် မြင်ရသူ(တစ္ဆေ) - Shadow
တစ္ဆေ - Specter
တစ္ဆေဘဝနှင့် ရောက်လာသူ - Spectral visitor
တစ္ဆေ - Spectre
မြင်နိုင်သောရောင်စဉ် - Spectrum (Latin)
တစ္ဆေ - Spettro (Italian)
ဝိညာဉ်တစ္ဆေ - Spirit
တစ္ဆေ - Spook
စိတ်အာရုံတွင် ထင်မြင်သောရုပ်လွှာ- Vision
တစ္ဆေ = Wraith
တစ္ဆေ = Youkai (Japanese)
တစ္ဆေ = Youurei (Japanese)

မှီငြမ်း။ ။ (A WITCH'S GUIDE TO GHOSTS AND THE SUPERNATURAL by Gerina Dunwich)





အထက်ပါအကြောင်းအရာများကို လေ့လာကြည့်ပါက အခေါ်အဝေါ် ကွဲပြားသော်လည်း အဓိပ္ပာယ်ကတော့ တစ္ဆေပင် ဖြစ်ပေရာ တစ္ဆေနှင့် ပတ်သက်ပြီး အတိုင်းအတာတစ်ခုထိ လက်ခံကြကြောင်း တွေ့ကြရပေသည်။

မည်သို့ပင်ရှိစေ. . .

တစ္ဆေ သို့မဟုတ် ဝိညာဉ်နှင့် ပတ်သက်သည့် အကြောင်းအရာများမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့သလို ယခုအချိန်မှာလည်း ရှိနေဆဲပင်ဖြစ်သည်။

နောင်နှစ်ပေါင်းများစွာကြာအောင်လည်း ရှိနေဦးမည်သာဖြစ်သည်။

ကျွန်တော် ယနေ့ ရေးသားမည့်အကြောင်းအရာမှာ. . .


ပုံတောင်ပုံညာ အနောက်ဘက်ရှိ တောင်ရိုးရွာမှ ထူးခြားဆန်းကြယ်သော အကြောင်းအရာများပင် ဖြစ်ပေသည်။

ထိုတောင်ရိုးရွာမှ နှင်းမေဆိုသော အမျိုးသမီးတစ်ယောက် အကြောင်းကို စတင်ဖော်ပြပေးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

# သုသာန်ရောက်မှ အသက်ပြန်ရှင်ခွင့် ရလာသူ

တောင်ရိုးရွာသည် ပုံညာတောင်၏အနောက်ဘက်တွင် တည်ရှိလေသည်။

၎င်းမှာ ပထမပိုင်းကာလများတွင် ရွာငယ်ကလေးတစ်ရွာဖြစ်သော်လည်း နောက်ပိုင်းမှာ တဖြည်းဖြည်းနှင့် လာရောက်နေထိုင်သူများလာသောကြောင့် ရွာကြီးတစ်ရွာဖြစ်လာခဲ့သည်။ စုန်း

ထိုရွာမှာ နေထိုင်ကြသူများမှာ လယ်ယာလုပ်ခြင်း၊ [illegible]ခြင်း၊ တောင်ယာစိုက်ပျိုးခြင်း၊ ခြံစိုက်ပျိုးသူများအဖြစ် ပုံတောင်ပုံညာ သစ်တောများအတွင်းမှာ အခကြေးငွေယူ၍ သစ်ခုတ်ပေးခြင်း၊ ဆင်စီးပေးခြင်း စသောအလုပ်များအပြင် အခြားအလုပ်များစွာတို့လည်း မြောက်



www.burmeseclassic.com

www.burmeseclassic.com



များစွာ လုပ်ကိုင်နေသောနေရာမျိုးဖြစ်သည်။

ဝါးခုတ်ခြင်း၊ ပွန်းလျက် ရှာဖွေခြင်း၊ သစ်ခွပန်းများ ရှာဖွေစုဆောင်းသောအလုပ်များအပြင် တောထဲမှာ အမဲလိုက်ခြင်း စသောအလုပ်များပါ သွားရောက်လုပ်ကိုင်နိုင်ကြလေသည်။

၎င်းတို့ရွာအပါအဝင် ထိုနေရာတစ်ဝိုက်မှာ နေထိုင်ကြသောသူများမှာ တောထဲမှ တစ်နှစ်လုံး ရှာဖွေစုဆောင်းထားသော ပစ္စည်းများတို နွေရာသီ၊ ဆောင်းရာသီ ရောက်လာပြီး သွားရေးလာရေး သာယာသောအချိန်တွင် ပုံတောင်ပုံညာကို ကျော်ပြီး ချင်းတွင်းမြစ်ကမ်းအထိအရောက်သွားကာ ရောင်းချလေ့ရှိကြသည်။

ရောင်းရသောငွေဖြင့် တစ်နှစ်ပတ်လုံး အသုံးဝင်မည့် အလိုရှိသောပစ္စည်းများကို ဝယ်ယူပြီး ပြန်ကြလေသည်။ ထိုအချိန် ရောက်မှပဲတစ်နှစ်လုံး မမြင်ရသောငွေကို မြင်ကြရသောအချိန်လည်းဖြစ်သည်။

ကုန်ရောင်းသွားချိန်မှာတော့ တစ်ဦးတစ်ယောက်တည်း သွားလေ့ မရှိကြဘဲ လှည်းများဖြင့် သွားကြသည်။

အချို့ လှည်းပိုင် မရှိသူများက အခြားလှည်းပိုင်ရှင်များထံမှာအခကြေးငွေ ပေးပြီး တင်ကြရသည်။

ရှေ့၌ ရေးသားခဲ့သည့်အတိုင်း ယခင်က ပုလဲဂန့်ဂေါလမ်းမရှိသေးသောကြောင့် ပုံတောင်ပုံညာ တောင်တန်းများတစ်ဝိုက်မှာ [redacted]ရွာများမှာ စည်ကားတိုးတက်မှု မရှိကြသည့်အပြင် အခြားမှသ[redacted]က်သူများလည်း မတွေ့ရသလောက် နည်းကြလေသည်။

ထိုသို့ အရောက်အပေါက်နည်းရသော အကြောင်းရင်းများထဲမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်က တစ်ကြောင်း၊ ပုံတောင်ပုံညာ သစ်တောများအတွင်းမှာ ကြီးစိုးမင်းမူနေကြသော ဓားပြနှင့်သောင်းကျန်းသူများကို ကြောက်ရသည်ကတစ်ကြောင်း၊





နောက်တစ်ချက်ကတော့ ထိုနယ်တစ်ကြောမှာ စုန်းကဝေပညာသည်များ ပေါများသည်ဟု သတင်းကြားရသောအချက်လည်း ပါဝင်လေသည်။

ထိုရွာများမှာ ရှိသော စုန်းကဝေ ပညာသည်များနှင့် ပတ်သက်ပြီး အချို့က သူများပြောရာမှ တစ်ဆင့်ကြားရသဖြင့် ပြန်ပြောသည်လည်း ရှိသည်။

အချို့ကတော့ ကိုယ်တွေ့ကြုံရသည်ဟု ပြောသည်၊ ဟုတ်သည် မဟုတ်သည် အပထား. . .။

၎င်းပြောတာကို ယုံကြည်လက်ခံအောင် ကိုယ်တွေ့ကြုံရသောအဖြစ်အပျက်များအား သက်သေသက္ခာယများဖြင့် ပြောဆိုတတ်ကြသည်။

ထို့ကြောင့်လည်း ထိုနေရာသို့ မရောက်နိုင်သော မရောက်ဖူးသော မြေပြန့်သားများအဖို့ ထိုစကားများကို ကြားရသောအခါ ယုံကြည်လက်ခံကြရသည်။

ကြောက်ရွံ့ကြရသည်။

ရပ်ကွက်ထဲမှာ ဆရာတစ်ယောက် တွေ့သည်နှင့် ယောနယ်ဘက်မှ လာသော ယောဆရာဟု ပြောရုံနှင့်ပင် စုန်းကဝေ ပညာသည်များကို နိုင်သောဆရာတစ်ဦးအဖြစ် များစွာအထင်ကြီးကြလေသည်။

ထိုကဲ့သို့ သတင်းစကားများကြောင့် ယောနယ်၊ ဆောနယ်နှင့်ပုံတောင်ပုံညာဟု ပြောလိုက်သည်နှင့် ၎င်းအမည်များနှင့် စုန်းကဝေစသောအမည်များပါ တွဲပြီးသိကြခြင်းဖြစ်၏။

ဒီနေရာမှာတော့ ထည့်သွင်းရေးသားစရာ အနည်းငယ် ရှိသေးသည်။

အခြားမဟုတ်ပါချေ. . .။



www.burmeseclassic.com

www.burmeseclassic.com



အချို့နယ်ခံများမှာ ထိုကဲ့သို့ အထင်ခံရသည်ကိုပင် ဂုဏ်ယူနေကြပြီး အခြားသူများက မေးလျှင်ပင် ဟုတ်သယောင်နှင့် ဝေ့လည်ကြောင်ပတ် အဖြေပေးတတ်သောကြောင့် ပို၍နာမည်ကြီးခဲ့ကြခြင်းဖြစ်သည်။

အချို့ကလည်း အခြားနယ်မြေများ သွားသောအခါ အကာအကွယ်ရစေရန်၊ ၎င်းတို့ကို လူမစော်ကားစေရန် တစ်ပွဲတိုး ပညာများသင်ကြားသွားကြသည်မျိုးပင် ရှိကြလေသည်။

ထိုအကြောင်းအရာများမှာ ပုံတောင်ပုံညာ ပတ်ဝန်းကျင်များမှ ဖုံရိပ်အချို့ပင်ဖြစ်သည်။

နှင်းမေသည် တောင်ရိုးရွာသူတစ်ယောက်ဖြစ်သည်။

သူမသည် အသက်(၁၉)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောသူတစ်ယောက်ဖြစ်သည်။

ယခု သူမ အပြင်မှ ပြန်လာသည်။

ရွာမှာ ရှိသောအိမ်သို့ ပြန်လာခြင်းဖြစ်သော်လည်း မည်သည့်နေရာမှ ပြန်လာသည်ကို မသိပေ။

ပတ်ဝန်းကျင်ကို ကြည့်တော့လည်း ခါတိုင်းနှင့်မတူ၊ မြူခိုးများဆိုင်းနေသကဲ့သို့ ဝေ့ဝေ့ဝါးဝါးဖြစ်နေသည်။

ရွာထိပ်ရောက်တော့ ရွာသူရွာသားအချို့နှင့် တွေ့ရလေသည်။

သူမက နှုတ်ဆက်သော်လည်း သူတို့က မြင်ဟန်မတူကြပေ။

"ဘယ်လိုဖြစ်နေတာလဲ. . . လူတစ်ယောက်လုံး လာတာတောင် မမြင်ကြတော့ဘူးလား" ဟု တွေးရင်း ဆက်လျှောက်လာရာ ခြံပေါက်ဝသို့ ပြန်ရောက်လာသည်။

ခြံဝန်းအတွင်းမှာတော့ ရွာထဲမှ လူအတော်များများကို လှမ်းမြင်ရသည်။





"ငါတို့အိမ်ထဲမှာ ရွာထဲက လူတွေ များလှချည်လား"

ဟု တွေးပြီး ခြံဝန်းအတွင်းသို့ ဝင်သွားတော့ သူတို့မွေးထားသော အောင်နက်ဆိုသော ခွေးနက်ကြီးက ပြေးထွက်လာပြီး စူးစူးဝါးဝါး ထိုးဟောင်လေသည်။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

"အလို. . . ဒီခွေးက ငါငယ်ငယ်ကလေးကတည်းက မွေးထားတာကို ငါ့ကိုတောင် ပြန်ဟောင်နေပါလား"

ဟု တွေးရင်း အိမ်ပေါက်ဝသို့ ဝင်သွားတော့ အစိမ်းရောင်အဝတ်အစားနှင့် လူတစ်ယောက်ကို မြင်ရသည်။

သူက စူးစူးဝါးဝါး လှမ်းကြည့်နေသည်။

အိမ်ထဲ လှမ်းကြည့်တော့ အဖေနှင့်အမေတို့အပြင် အခြားဆွေမျိုးသားချင်းများကို တွေ့ရသည်။

အမေက တရှုံ့ရှုံ့ ငိုနေလေသည်။

"ဖြစ်ရလေ သမီးရယ်. . . အဖြစ်ဆိုးလိုက်တာ၊ သေမင်းက ငါ့ကို မခေါ်ဘဲ ငယ်ရွယ်သေးတဲ့ ကျုပ်သမီးကိုမှ ခေါ်သွားရသလားတော်၊ လူချင်း လဲလို့ရရင် လဲလိုက်ချင်ပါတယ်"

ဟု မျက်ရည်သုတ်လိုက်၊ ပြောလိုက်၊ ငိုလိုက်နှင့် ဖြစ်နေရာ နှင်းမေက အနားကပ်သွားပြီး မေးလိုက်သည်။

"အမေ. . . ဘယ်သူ ဘာဖြစ်လို့ ဒီလောက်ငိုနေတာလဲ"

သူမက မေးသော်လည်း မိခင်ဖြစ်သူက ငိုမြဲ ဆက်ငိုနေကြလေသည်။

"အမေ. . . ဘာဖြစ်လို့ ငိုနေတာလဲ"

ဘာမှပြန်မပြောပေ။

ထို့ကြောင့် ထိုနေရာမှ ထသွားပြီး လူအချို့နှင့် စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖခင်အနီးသို့ ကပ်သွားပြီး မေးရန် ပြင်လိုက်သည်။

သူမ အနားကပ်သွားတော့ ဖခင်ဖြစ်သူက လန့်သွားဟန်ဖြင့် ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ ကိုဘထွန်း"

"ကျုပ်နားမှာ လေတိုက်သလို စိမ့်ကနဲဖြစ်သွားတယ်၊ တစ်ယောက်ယောက် ကပ်လာသလိုမျိုးဗျ"

"ရက်မှ မလည်သေးတာ. . . နှင်းမေက အိမ်ပေါ်မှာပဲ ရှိနေဦးမှာပေါ့၊ နှုတ်ဆက်ချင်လို့ ဖြစ်မှာပေါ့ဗျာ"

"ကျုပ်သမီးလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ကံဆိုးရှာတယ်ဗျာ"

ဟု ပြောကာ ဖခင်ဖြစ်သူက မျက်ရည်စများကို တို့၏။

"အဖေ. . . ဘာဖြစ်လို့ ငိုနေတာလဲဟင်"

နှင်းမေအနေနှင့် တစ်အိမ်လုံးမှာ တွေ့သမျှ လူများကို လိုက်ပြီး စကားပြောသော်လည်း ဘယ်သူကမှ သူ့ကို စကားပြန်မပြောကြသဖြင့် အတော်လေး စိတ်ညစ်သွားလေသည်။

"တစ်အိမ်လုံးက ဘယ်သူကမှ ငါ့ကို စကားပြန်မပြောကြပါလား. . . ဘာတွေဖြစ်နေကြတာလဲ"

ဟု တွေးကာ စိတ်ပျက်လက်ပျက်နှင့် တစ်နေရာမှာ ထိုင်ချလိုက်လေသည်။

ထိုသို့ ထိုင်လိုက်တော့မှ တစ်စုံတစ်ခုကို မြင်တွေ့သွားသည်။

"ဟင်. . ."

ဇဝေဇဝါဖြင့် အနားသွားကြည့်သောအခါ အိပ်ယာပေါ်မှာ ပက်လက်အနေအထားဖြင့် သူမရုပ်သွင်ကို တွေ့မြင်ရတော့သည်။

"ဟိုအိပ်ယာပေါ်မှာလည်း ငါ၊ ဒီမှာလည်း ငါပါလား၊ ဘယ်လိုဖြစ်ပြီးတော့ ငါက နှစ်ကိုယ်ဖြစ်နေရတာလဲ"





ဟု အထိတ်တလန့် တွေးနေမိသည်။

ထိုသို့တွေးပြီး အနီးသို့ တိုးကပ်သွားသောအခါ မည်သည့်နေရာမှ ဖြတ်ဝင်လာမှန်း မသိရသော အလင်းတန်းတစ်ခုက ကြားမှဖြတ်တားထားသောကြောင့် အနားရောက်သည်အထိ တိုးကပ်၍ မရတော့ပေ။

ထိုအခြေအနေကြောင့် နှင်းမေမှာ များစွာစိတ်ဆင်းရဲသွားလေသည်။

ထိုအကြောင်းကို သိချင်သဖြင့် အခြားသူများအား လိုက်၍မေးမြန်းပါသော်လည်း တစ်ယောက်မှ သူ့ကို အရေးလုပ်ပြီး ပြန်မပြောကြပေ။

"ဘယ်သူကမှ ငါ့ကို စကားပြန်မပြောကြဘူး၊ ငါ ဘာများလုပ်မိလို့လဲ. . . ငါဘာဖြစ်နေလို့လဲ" ဟု ဇဝေဇဝါ တွေးနေမိသည်။

အိမ်ပေါ်မှာ နေရတာ စိတ်ညစ်လာသဖြင့် အိမ်အောက် ဆင်းပြန်တော့လည်း သူ့ကို မြင်လျှင်ပင် အိမ်မှာ မွေးထားသော အောင်နက်က တဂီးဂီး တဂဲဂဲဖြင့် မာန်ဖီနေပြန်သဖြင့် မဆင်းဝံ့တော့ပြန်ပေ။

ထို့ပြင် အိမ်ပေါ်မှာ နေပြန်တော့လည်း ဘယ်က ရောက်နေမှန်း မသိရသော အစိမ်းရောင်အဝတ်အစားနှင့် လူကြီးက သူမကို မျက်တောင်မခတ် စိုက်ကြည့်နေပြန်သဖြင့် ဘယ်လိုနေရမှန်း မသိပေ။

နောက်တစ်ရက်မှာတော့ အိပ်ယာပေါ်မှာ တင်ထားသော သူမခန္ဓာကိုယ်ကို ခေါင်းတလားတစ်လုံးအတွင်းသို့ ထည့်လိုက်ရာ မမြင်ရတော့ပေ။

"ဘာဖြစ်လို့လဲ မသိဘူး"

နောက်မှ သိရသည်မှာ မိမိတို့အိမ်မှ လူတစ်ယောက်ယောက် သေဆုံးသွားကြောင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ လူသေတယ်လို့ ပြောနေကြတယ်၊ ဘယ်သူများ သေတာပါလိမ့်"

ဟု ဇဝေဇဝါဖြင့် တွေးတောကာ အိမ်မှာ ရှိသောလူများကို လိုက်လံရေတွက်ကြည့်ရာ သူမအပါအဝင် အိမ်မှာ ရှိသော လူများ အားလုံး ရှိနေသည်ကို တွေ့ရသည်။

"အဖေ၊ အမေ၊ ငါ၊ မောင်လေး၊ ညီမလေးတွေအားလုံး ရှိနေကြတာပဲ၊ ငါတို့အိမ်က လူတွေကတော့ ဘယ်သူမှ မလျော့ပါဘူး၊ ဘယ်က ဧည့်သည်များ အိမ်မှာ လာသေတာလဲ မသိဘူး"

ဟု တွေးနေမိသည်။

အသုဘ ချရန် ပြင်သောအခါ သူမလည်း နောက်မှ လိုက်ပို့ရန် ပြင်လေသည်။

"ကိုယ့်အိမ်မှာ လာသေတဲ့ အသုဘဆိုတော့ ငါလည်း လိုက်ပို့ဦးမှပဲ" ဟု စိတ်ကူးနေမိသည်။

အသုဘ ချကာနီးတော့ အဖေနှင့်အမေတို့က လူးလိမ့်ပြီး ငိုကြွေးနေသည်ကို မြင်ရသောအခါ စိတ်မကောင်းဖြစ်မိလေသည်။

"အမေကလည်း. . . ငိုနေလိုက်တာ၊ ဘယ်သူသေလို့များ ဒီလောက် ငိုနေရတာလဲမသိဘူး"

ထိုသို့တွေးတောနေစဉ်မှာ မသာချတော့မည်ဖြစ်သောကြောင့် ကြေးစည်တီးလိုက်သည်၊

"နောင်. . . ဝေ. . ဝေ"

ထိုကြေးစည်သံကိုကြားသောအခါ နှင်းမေနားထဲမှာ စူးစူးဝါးဝါး ဖြစ်ပြီး မခံမရပ်နိုင်အောင်ဖြစ်လာသောကြောင့် နားနှစ်ဖက်ကို ပိတ်ပြီး ကြေးစည်သံ မကြားရသောနေရာသို့ သွားနေရလေသည်။

"ငါ ဘာဖြစ်လို့ ကြေးစည်သံကို နားမခံနိုင်ရတာပါလိမ့်. . .





ထူးဆန်းလိုက်တာ" ဟုလည်း တွေးနေမိသည်။

ထို့နောက် ရွာထဲမှာ ရှိသော ဗုံ၊ နှဲ၊ လင်ကွင်းတို့ ယူလာပြီး မသာချရာတွင် တီးသော တီးလုံးကို တီးကြသည်။ ထိုအသံများကိုလည်း မခံနိုင်သဖြင့် ဝေးရာသို့ သွားနေရလေသည်။

အချိန်တန်သောအခါ အလောင်းကို ထမ်းပြီး သုသာန်ရှိရာသို့ ယူဆောင်သွားကြလေသည်။

နှင်းမေလည်း ကြေးစည်သံ၊ ဆိုင်းသံ၊ ဗုံသံ မကြားရသော နေရာမှ အသုဘပို့ရန် လိုက်သွားလေသည်။

သုသာန်သို့ ရောက်သောအခါ အလောင်းကို ချပြီး မြေမြှုပ်ရန် ပြင်ဆင်နေကြသည်၊

ထိုအခိုက်မှာပင် ထိုနေရာကို လူကြီးနှစ်ယောက် ရောက်လာကြသည်။

အခြားမဟုတ်ပေ. . .။

ဆရာကြီးသူရဇ္ဇနှင့် ဦးဇန်ကောင်းတို့ပင်ဖြစ်သည်။

၎င်းတို့နှစ်ယောက်မှာ ပုံတောင်ပုံညာတောင်ပေါ်သို့ အကြောင်းကိစ္စ ရှိသဖြင့် လာရောက်ကြရင်းမှ မမျှော်လင့်ဘဲ အသုဘချလာသောသူများနှင့် ကြုံတွေ့ရခြင်းဖြစ်ပေသည်။

ဆရာကြီးတို့သည် တောင်ပေါ် ရောက်လာပြီး သစ်ပင်ကြီး တစ်ပင်အောက်မှာ နားနေကြစဉ် အသုဘချရာမှ တီးလိုက်သော ဗုံသံ၊ နှဲသံ၊ လင်ကွင်းသံများအပြင် ကြေးစည်သံကိုပါ ကြားရသောအခါ ဆရာကြီးသူရဇ္ဇက ပြောသည်။

"ဦးဇန်ကောင်းရေ. . . ကျုပ်တို့တော့ အရေးကြီးတဲ့ကိစ္စအတွက် ခရီးထွက်လာရင်းနဲ့ အကူအညီပေးရမယ့်ကိစ္စတစ်ခုတော့ တွေ့ရပြန်ပြီနဲ့တူတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့်လဲ ဆရာကြီး"

ဆရာကြီးသူရဇ္ဇက မီးညှိထားသော ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရင်းနှင့် ပြောပြသည်။

"ရှေးက ဆရာကြီးတွေ ထားခဲ့တဲ့ လင်္ကာတစ်ခု ရှိတယ်ဗျ"

"ဘယ်လိုလဲ ဆရာကြီး"

"လင်ကွင်းသံလည်း အက်၊ ဗုံသံပျက်နေရင် သေတဲ့မသာဟာ ပယောဂ အနှောင့်အယှက်ကြောင့် သေတယ်ဆိုတာ သိနိုင်ကြရတယ်"

"ဟုတ်တယ်. . . ဆရာကြီးပြောမှပဲ သတိထားမိတော့တယ်၊ နှဲသံကလည်း မကောင်းဆိုးဝါးတစ်ကောင်က ခေါ်နေတဲ့အသံမျိုး ထွက်နေတယ်"

"ဒါပေမယ့် စိတ်ဝင်စားဖို့ကောင်းတာက ကြေးစည်သံပဲဗျ၊ ကြေးစည်သံ နားထောင်ကြည့်တဲ့အခါမှာ သူတော်ကောင်းတွေရဲ့အသံမျိုး ပါနေတယ်၊ ကျုပ်အထင်ပြောရရင်တော့ သူတော်ကောင်းတွေက နှိုးဆော်နေတဲ့အသံမျိုးတွေ ပါနေတယ်"

ဟု ပြောနေစဉ် အသုဘချလာသူများက သူတို့ နားနေသော နေရာနှင့် မနီးမဝေးမှ ဖြတ်သွားကြလေသည်။

"လာဗျို့ ဦးဗန်ကောင်း၊ အခွင့်သင့်တော့လည်း အကူအညီ ပေးတန် ပေးရတယ်ပေါ့၊ ကြုံကြိုက်တုန်း အသုဘ လိုက်ပို့ပေးလိုက်ကြရအောင်"

ဟု ပြောဆိုပြီး နှစ်ယောက်သား ချထားသော တောင်ဝှေးနှင့် လွယ်အိတ်တို့ကို ယူပြီးနောက် မသာချသော လူအုပ်နောက်မှ လိုက်သွားကြလေတော့သည်။

ရှေ့မှ သွားနေသူများမှာလည်း ကိုယ့်အပူနှင့်ကိုယ်မို့ သူတို့နှစ်ယောက် နောက်မှ လိုက်လာကြသည်ကို ဂရုမပြုမိကြပေ။ သုသာန်သို့





ရောက်သောအခါ မြေကျင်းက တူးထားပြီးသောကြောင့် အလောင်းထည့်ထားသောခေါင်းကို မြေကျင်းထဲသို့ ချရန် ပြင်ဆင်နေလေသည်။

"အမယ်လေး သမီးရဲ့. . . အဖြစ်ဆိုးလှချည်လား"

ထိုအချိန်မှာ နောက်နားတွင် ရပ်နေသော ဆရာကြီးသူရဇ္ဇက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ရာ တောင်ကုန်းတစ်ခုပေါ်မှာ ရပ်နေသော ပုံရိပ်အချို့ကို ဝိုးတဝါး လှမ်းမြင်ရသည်။

အမျိုးသမီးတစ်ယောက်နှင့် အဘိုးကြီးတစ်ယောက်တို့၏ပုံရိပ်များပင်ဖြစ်သည်။

ထိုအခိုက်မှာပင် အလောင်းထည့်ထားသော ခေါင်းကို မြေကျွင်းထဲသို့ ချရန် ပြင်ဆင်နေကြပြီ။

"ခဏနေကြပါဦးကွယ့်. . . ကြည့်ပါရစေဦး"

ဟု ပြောလိုက်သည်နှင့် အလောင်းမြေမြှုပ်ရန် ပြင်နေသူများက အံ့သြသွားကြလေသည်။

"ခေါင်းအဖုံးကို ပြန်ဖွင့်လိုက်ပါဦး"

ဟု ပြောသောအခါ ခေါင်းအဖုံးကို ပြန်ဖွင့်ပြကြသည်။

ခေါင်းအတွင်းမှ နှင်းမေ၏အလောင်းမှာ မပျက်စီးသေးဘဲ အိပ်ပျော်နေသကဲ့သို့ ရှိလေသည်။

"ဒီကလေးမ အသက်မသေသေးပါဘူး၊ သူ့ဝိညာဉ်ကြီး မပြတ်သေးဘူး"

"ဟင်. . ."

"ဗျာ. . ."

ထိုစကားကြားသောအခါ ကာယကံရှင်များမှာ ချက်ချင်းအငိုတိတ်သွားပြီး ဝမ်းသာအံ့သြသွားကြလေသည်။

"ဟင်. . . တကယ်ပြောတာလားဗျာ၊ ကယ်နိုင်ရင်ကယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါဦး ဆရာကြီးရယ်"

ဟု ဖခင်ဖြစ်သူက ပြောသည်။

ခေါင်းကို မြေမြှုပ်ရန် ဝိုင်းဝန်းလုပ်နေသူများထဲမှာ နီမောင်လည်း ပါသဖြင့် များစွာဝမ်းသာသွားလေသည်။

"ကဲ. . ကဲ. . ဒီခေါင်းနေရာနဲ့ ဝေးဝေးမှာ နေပေးကြပါ၊ ကျုပ်ကြိုးစားကြည့်ပေးပါ့မယ်"

ဟု ပြောလိုက်ရာ နောက်သို့ ဆုတ်ပေးကြသည်။

ထိုအခါ ဆရာကြီးသူရဇ္ဇက ပရိတ်ကြိုးဖြင့် စည်းဝိုင်းထားလိုက်သည်။

စည်းဝိုင်းအတွင်းမှာတော့ ဆရာကြီးသူရဇ္ဇ၊ ဦးဇနက်ကောင်းတို့နှစ်ယောက်နှင့် ခေါင်းတစ်လုံးသာ ရှိသည်။

ဆရာကြီးသူရဇ္ဇက မျက်စိမှိတ်လျက် အာရုံပြုကြည့်ရာ မနီးမဝေးမှာ မိန်းကလေး၏ဝိညာဉ် ရှိနေသေးကြောင်း သိရလေသည်။

"မိန်းကလေးရဲ့ဝိညာဉ် ဒီနေရာမှာပဲ ရှိနေသေးတယ် မဟုတ်လား၊ ငါပြောတဲ့အသံကိုကြားရင် ကိုယ့်ခန္ဓာကိုယ်ထဲကို အမြန်ပြန်ဝင်ပေတော့၊ နံဘေးနားက အနှောင့်အယှက်ပေးထားသူတွေကိုလည်း ငါတားထားတယ်၊ ပရိတ်ကြိုးအတွင်းကိုသာ ဝင်လာခဲ့တော့"

ထိုသို့ပြောနေသောအသံကို လူအုပ်နှင့် အတော်ဝေးဝေး နေရာမှာ ရပ်နေသည့် နှင်းမေ ကြားရလေသည်။

သို့ကြောင့် မရဲတရဲဖြင့် ရှေ့သို့ တိုးသွားလေသည်။

"မိန်းကလေးရဲ့ဝိညာဉ် ဒီနားရောက်နေပြီ မဟုတ်လား၊ ခန္ဓာကိုယ်ထဲကို အမြန်ပြန်ဝင်ပေတော့"

ထိုအသံကြောင့် စည်းဝိုင်းအတွင်းသို့ ဝင်သွားရာ အတားအဆီး မရှိဘဲ ဝင်သွား၍ ရလေသည်။





ခေါင်းအနီးသို့ ရောက်သောအခါ ငုံ့ကြည့်လိုက်ရာ အိပ်ပျော်နေသကဲ့သို့ ဖြစ်နေသော သူမရုပ်သွင်ကို ပြန်မြင်ရလေသည်။

"မိန်းကလေးရဲ့ဝိညာဉ် အနားရောက်နေပြီဆိုရင် ကိုယ့်ရဲ့ခန္ဓာကိုယ်ထဲကို ပြန်ဝင်ပေတော့"

ဟု အသံကို ထပ်ကြားရသည်။

သူမက ခန္ဓာကိုယ်အတွင်းသို့ ဝင်ရန် ပြင်နေသောအချိန်မှာ မနီးမဝေး တောင်ကုန်းထိပ်ပေါ်မှာ ရပ်နေသော ပုံရိပ်နှစ်ခုထံမှ အလင်းရောင်တစ်ခု ထွက်လာပြီး တားဆီးရန် ကြိုးစားကြသည်။

သို့သော်လည်း ထိုအလင်းတန်းများက ဆရာကြီးသူရဇ္ဇ ကြိုးတင်ဝိုင်းထားသော ပရိတ်ကြိုးစည်းဝိုင်းအထိတော့ ရောက်မလာကြပေ။

ပရိတ်ကြိုးစည်းဝိုင်းနား ရောက်သည်နှင့် မှေးမှိန်ပျောက်ကွယ်သွားလေသည်။

လက်နှိပ်မီးရောင်မှ ထွက်လာသော မီးရောင်ပမာ ဖြတ်သန်းလာသော အလင်းတန်းမှာ ပရိတ်ကြိုးစည်းဝိုင်းနားသို့ မရောက်မီမှာပင် မီးခိုးငွေ့များပမာ ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

"မိန်းကလေးရဲ့ဝိညာဉ် ဒီအနားရောက်ပြီဆိုရင် မိမိခန္ဓာကိုယ်ထဲကို ပြန်ဝင်ပေတော့"

နောက်တစ်ကြိမ် ဆရာကြီးအသံ ကြားရသောအခါ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခေါင်းထဲမှ ကိုယ်ခန္ဓာအပေါ်သို့ လှဲချလိုက်သည်။

သို့သော်လည်း တစ်ခါနှစ်ခါ ကြိုးစားကြည့်ရုံနှင့် အဆင်မပြေဘဲ သုံးလေးခါ ကြိုးစားကြည့်တော့မှ အံဝင်ခွင်ကျ ဖြစ်သွားလေတော့သည်။

"အဟင်း. . . ဟင်း. . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ညည်းညူသံ ထွက်လာပြီး မရှေးမနှောင်းမှာပင် ခေါင်းထဲမှာ ရှိနေသောအလောင်းမှာ ဖျတ်ကနဲ မျက်လုံးဖွင့်လာလေသည်။

ဆရာကြီးသူရဋ္ဌက သူမကို လက်ကမ်းပေးပြီး အပြင်သို့ ဆွဲထုတ်လိုက်သည်။

မနီးမဝေးမှ ကြည့်နေကြသူများမှာ ခေါင်းအတွင်းမှ အလောင်းထလာသည်ကို မြင်သောအခါ ပထမတော့ ကြောက်လန့်သွားကြသည်။

နောက်တော့ ဝမ်းသာသွားကြသည်။

ဆရာကြီးသူရဋ္ဌက ပရိတ်ကြိုးများကို ပြန်သိမ်းပြီး ဝင်လာခဲ့ရန် ပြောတော့မှ အလုအယက် အနားသို့ လာကြလေသည်။

"သမီးလေး. . . သမီးလေး. . . ငါ့သမီး အသက်မသေဘူးနော်၊ အမေ ဝမ်းသာလိုက်တာ သမီးရယ်"

ဒေါ်စိန်ရွှေက သမီးဖြစ်သူကို ဖက်ငိုသည်။

ဖခင်ဖြစ်သူ ဦးဘိုးကွန်းမှာလည်း အနားမှာ ရပ်ပြီး မျက်ရည်များ ကျနေရင်းနှင့် ရယ်နေသည်။

"အဟီး. . ဟီး. . ငါ့သမီး တကယ်မသေဘူးဟ"

"ကျွန်မ ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့ ဒီခေါင်းထဲ ရောက်နေရတာလဲ"

"ငါ့သမီးကို သေပြီဆိုပြီး မြေမြှုပ်မလို့ လုပ်နေကြတာကွယ့်၊ ဟောဒီက ဆရာကြီးတို့နဲ့ တွေ့လို့သာ အခုလို အသက်ပြန်ရှင်ခွင့်ရတာ"

ဦးဘကွန်းက အဖြစ်အပျက်အချို့ကို ပြောပြလိုက်သည်။

နီမောင်ကလည်း ဆရာကြီးသူရဋ္ဌအနီးသို့ ကပ်သွားပြီး ပြောသည်။

"ဆရာကြီးတို့နဲ့ တွေ့လို့သာပဲ၊ မဟုတ်ရင်တော့ ကျွန်တော်တို့ မြေမြှုပ်တာနဲ့တင် တကယ်သေသွားမှာ အသေအချာပါပဲ၊ ဆရာကြီးတို့





ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်ကွယ်. . . ကြုံကြိုက်လို့ အကူအညီပေးရတာပဲ၊ ဒါထက် မင်းနာမည်က ဘယ်သူလဲ"

"နီမောင်ပါ ဆရာကြီး"

"ဒီမိန်းကလေးက မင်းနဲ့ ဘယ်လိုပတ်သက်သလဲ"

"အဲ. . ဟို. . ဟို. . တစ်ရွာတည်းသားချင်းတွေပါ ဆရာကြီး"

"အေးကွယ်. . . ခရီးသွားရင်း အခုလို ကြုံကြိုက်လို့ အကူအညီပေးရတော့လည်း ကုသိုလ်ရတာပေါ့"

"ဒါထက် ဆရာကြီးတို့က ဘယ်ကိုများ သွားကြမှာပါလဲ"

"ပုံတောင်ပုံညာတောင်ပေါ် တက်ကြမလို့ပါ"

"ဒါထက် ဒီနေရာရောက်အောင် ဘယ်ကနေဘယ်လို လာကြတာလဲ"

"ဂန့်ဂေါဘက်ကနေ လှည်းကြုံနဲ့ လိုက်လာပြီး ဒီနေရာရောက်မှ ဆင်းလျှောက်လာကြတာပါ"

"ဒီလိုဖြင့်လည်း ကျွန်တော်တို့ရွာမှာ ဝင်နားပါဦး ဆရာကြီး၊ တောင်ပေါ် သွားမယ်ဆိုရင် ကျွန်တော်တို့ အကူအညီပေးပါရစေ"

"ကောင်းပါပြီ. . . ဒီလိုဆိုရင်လည်း လိုက်ခဲ့ပါ့မယ်"

ဟု ပြောပြီး ဆရာကြီးတို့နှစ်ယောက်မှာ အသုဘ လာပို့သော နီမောင်တို့နှင့်အတူ တောင်ရိုးရွာသို့ လိုက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

# ကျောက်နာမောင်းမှ ကျောက်မောင်းထိုးသံ

နီမောင်က ဆရာကြီးသူရဇ္ဇနှင့် ဦးဇန်ကောင်းတို့ကို ၎င်းနေအိမ်သို့ ခေါ်သွားလေသည်။

နီမောင်မှာ တောင်ရိုးရွာသားတစ်ဦးဖြစ်ပြီး မိဘများနှင့်အတူနေထိုင်သူဖြစ်သည်။

သူသည် အသက်(၂၅)နှစ်ခန့်အရွယ်ရှိပြီး ကြံ့ခိုင်သောလူရွယ်တစ်ဦးဖြစ်သည်။

တစ်နှစ်ပတ်လုံး တောတောင်များသို့ လှည့်လည်သွားလာပြီး သစ်ခွပန်း၊ ဂမုန်း၊ ဆေးမြစ်ဆေးဥများ၊ ပွန်းညက်၊ ပျားရည်စသော



www.burmeseclassic.com

ပစ္စည်းများကို ရှာဖွေစုဆောင်းထားခြင်း၊ ထို့ပြင် ကျား၊ ကျားသစ် စသော တိရစ္ဆာန်များကိုပင် ပစ်ခတ်ဖမ်းဆီးပြီး သားရေချပ်များကို စုဆောင်းထားခြင်း၊ သမင်ချို ဆတ်ချို စသည်တို့ကို စုဆောင်းထားပြီး တစ်နှစ်လျှင် နှစ်ခေါက်သုံးခေါက်ခန့် ချင်းတွင်းမြစ်ကမ်းမှ ရွာများ ရှိရာသို့ ဆင်းပြီးရောင်းချလေ့ရှိသည်။

ထိုသို့ ရောင်းချ၍ရသောငွေများဖြင့် တစ်နှစ်ပတ်လုံး စားသောက်ရန် ရိက္ခာများ ဝယ်ယူစုဆောင်းထားလေသည်။

သူသည် မိဘများကို သူကျွမ်းကျင်သော ထိုအလုပ်များဖြင့် လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။ တောထဲမှ ရှာဖွေရရှိသောပစ္စည်းများထဲတွင် စပါးကြီးမြွေသည်းခြေ၊ ဝက်ဝံသည်းခြေ စသောပစ္စည်းများမှာ လူကြိုက်များပြီး ဈေးကောင်းရလေ့ရှိသည်။ သို့သော်လည်း ထိုပစ္စည်းများကို ရှာဖွေသောအလုပ်မှာ ခက်ခဲပြီး အသက်အန္တရာယ်နှင့်လည်း နီးလှပေသည်။

သို့ကြောင့်လည်း တောတက်သည့်အခါမှာ တစ်ယောက်တည်း မသွားဘဲ အဖော်များဖြင့် သွားလေ့ရှိသည်။

၎င်းတို့မှာ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပင်ဖြစ်သည်။ သူတို့သုံးယောက်မှာ ညီအစ်ကိုများ မဟုတ်စေကာမူ ညီအစ်ကိုများကဲ့သို့ ချစ်ခင်ကြသည်။

တစ်ဦးအပေါ်တစ်ဦး အနွံအတာခံသည်။ တစ်ယောက်အကြောင်းရှိလျှင် ကျန်နှစ်ယောက်က အသက်ပေးပြီး အကူအညီပေးလေ့ရှိကြသည်။ သုံးယောက်သား သွားအတူ လာအတူ ဖြစ်ကြပြီး အမဲလိုက်တော့လည်း အတူတူပင်ဖြစ်သည်။

ပစ္စည်းရလာတော့လည်း အတူတူပင် ခွဲဝေယူကြသည်။ နီမောင်သည် ငယ်စဉ်ကတည်းက တောတောင်များအတွင်းမှာ ကြီးပြင်း





လာခဲ့သူဖြစ်သဖြင့် တောကျွမ်းသူတစ်ဦးဖြစ်သည်။ လူမှန်းသိတတ်သောအရွယ်မှစပြီး သူ့ဘဝ အတော်များများကို တောတောင်များထဲမှာပင် မြှုပ်နှံထားခဲ့သူဖြစ်လေသည်။

သို့ကြောင့်လည်း တောတောင်နှင့် ပတ်သက်သော ဆန်းကြယ်သည့် အဖြစ်အပျက်များနှင့်လည်း ကြုံတွေ့ခဲ့ဖူးသူဖြစ်သည်။

နီမောင်မှာ ဆန်းကြယ်သောကိစ္စများကို စိတ်ဝင်စားသူတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့်လည်း ဆရာကြီးသူရဋ္ဌတို့ကို တွေ့သောအခါ တကူးတက အိမ်သို့ ခေါ်သွားပြီး ဧည့်ခံကျွေးမွေးနေခြင်းဖြစ်သည်။

ညနေစာ စားသောက်ပြီးသောအခါ ရေနွေးကြမ်းအိုး ချပြီး စကားဝိုင်းဖွဲ့ကြလေသည်။

“ကျွန်တော်ဖြင့် ဆရာကြီးတို့နဲ့ တွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲ၊ ဆရာကြီးတို့နဲ့သာ မကြုံကြိုက်ရင်တော့ နှင်းမေခမျာ အရှင်လတ်လတ် မြေမြှုပ်ခံရပြီးတော့ မုချသေမှာပါပဲ”

“ဒီလိုပေါ့ကွယ် . . . သေကံမရောက်သေးတော့လည်း ကယ်မယ့်သူနဲ့ အဆင်သင့် တွေ့ရတာပေါ့၊ သေကံရှိနေပြီဆိုတော့လည်း ကုသပေးမယ့်ဆရာဆီ ရောက်ပြီးတော့မှ ဆေးချက်မှားလို့ မသေသင့်ဘဲ သေရတဲ့အဖြစ်မျိုးတွေ အများကြီး ရှိပါတယ်”

“ဒါတော့ ဒါပေါ့ ဆရာကြီးရယ်၊ ဒါထက် နှင်းမေ မသေသေးတာကို ဆရာကြီး ဘယ်လိုများ သိတာလဲဟင်”

“ကျုပ်က မသိပါဘူး၊ ဆိုင်းသံ ဗုံသံ၊ နှဲသံ၊ ကြေးစည်သံတွေက ပြောပြလို့ သိရတာပါ”

ထိုစကားကြားသောအခါ နီမောင်မှာ နားမလည်သလို ဖြစ်သွားလေသည်။

www.burmeseclassic.com

"ဆိုင်းသံ ဗုံသံ ကြားရုံနဲ့ ဘယ်လိုသိတာလဲ ဆရာကြီး"

"ပယောဂ နှောင့်ယှက်လို့ သေတဲ့မသာဆိုရင် မကောင်းဆိုးဝါးတွေ ပါလာလို့ အသံက ကြည်ကြည်လင်လင် မဟုတ်ဘဲ အသံပျက်နေတတ်တယ်၊ ဘာကြောင့်လဲဆိုတော့ အနားမှာ ပါလာတဲ့ မကောင်းဆိုးဝါးတွေကပါ ဝင်တီးနေကြတော့ အသံပျက်ရတာပေါ့"

"ဟုတ်ကဲ့"

"ရိုးရိုးသေတဲ့မသာကျတော့ ဗုံသံ နှဲသံ လင်ကွင်းသံတွေကို ဒီအတိုင်း ကြားရတတ်တယ်"

"အသက်သေတယ် မသေဘူးဆိုတာကရော ဘယ်အသံကို နားထောင်ပြီး သိတာလဲ ဆရာကြီး"

ဆရာကြီးသူရဋ္ဌက လက်ဖက်ရည်ကြမ်း တစ်ပန်းကန် သောက်ပြီးမှ ဆက်ပြောသည်။

"ဒါကတော့ ရှေ့ဆုံးက သွားတဲ့ကြေးစည်သံကို နားထောင်ကြည့်ရင် သိနိုင်ပါတယ်"

"ဘယ်လိုသိတာလဲ ဆရာကြီး"

"ကြေးစည်ကို ထုလိုက်တဲ့အခါ တစ်ပတ်ပြန်လည်တဲ့အသံဟာ သေသေချာချာ နားထောင်ကြည့်ရင် အသံနှစ်မျိုး ကြားရတယ်၊ တစ်သံက အမျှ၊ အမျှ၊ အမျှဆိုတဲ့အသံမျိုးနဲ့ နောက်တစ်သံက ကယ်ကြပါတယ်ကြပါဆိုတဲ့အသံမျိုးပဲ"

နီမောင်တို့မှာ များစွာအံ့ဩသွားကြသည်။

"အမျှဝေသံ ကြားရပြီဆိုရင်တော့ သေသူဟာ ဘဝကူးသွားပြီလို့ ယူဆလို့ရတယ်၊ ကယ်ကြပါဆိုတဲ့အသံမျိုး ကြားရရင်တော့ မျှော်လင့်ချက် ရှိသေးတယ်ပေါ့"

"ဒီလိုအသံမျိုးဖြစ်အောင် ဘယ်သူတွေက လုပ်တာလဲ ဆရာ





ကြီး"

"သေသူရဲ့ကိုယ်စောင့်နတ်တွေနဲ့ ပတ်ဝန်းကျင်မှာ ရှိကြတဲ့ သမ္မာဒေဝ နတ်တွေက လုပ်ပေးကြတာပါ၊ ဒါပေမယ့် သတိမထားမိရင်တော့ အမှုမဲ့ အမှတ်မဲ့ပဲ ရှိကြပြီး သုသာန်ရောက်တာနဲ့ သင်္ဂြိုဟ်ပစ်လိုက်ကြတာ များပါတယ်"

"ဆရာကြီးပြောသလိုဆိုရင် မသေသေးဘဲနဲ့ သေခဲ့ရတဲ့လူတွေလည်း ရှိမှာပေါ့နော်"

"အများကြီး ရှိပါတယ်၊ သေတယ်ဆိုတာက အမျိုးမျိုး ရှိတာကိုး မောင်နီမောင်ရဲ့၊ အချို့ နေ့စေ့ကကုန်လို့ သေတဲ့လူတွေနဲ့ ဥပစ္ဆေဒကကံနဲ့ သေကြတဲ့လူတွေကတော့ ဝိညာဉ်ကြိုးပြတ်ပြီး ဘယ်တော့မှ ပြန်မရှင်နိုင်ကြဘူး"

"ဟုတ်ကဲ့"

"အမှောင့်ပယောဂကြောင့် သေရတဲ့လူတွေနဲ့ ဝိညာဉ်ကြိုးမပြတ်သေးခင် ဝိညာဉ်က ခန္ဓာကိုယ်အပြင်ဘက် ရောက်သွားလို့ သေပြီ အထင်ခံရသူတွေကိုတော့ တတ်သိနားလည်တဲ့ဆရာတွေနဲ့ ကြုံကြိုက်လို့ ကုသပေးရင် အသက်ပြန်ရှင်ခွင့် ရနိုင်ကြပါတယ်"

"ဒါကတော့ ဆရာကြီးရယ်. . . အတော်များများကတော့ ဂရုမပြုမိကြပါဘူး၊ သေပြီဆိုရင် ပစ်လိုက်ကြတာပါပဲ၊ ကြေးစည်သံ နားထောင်ရုံနဲ့ သိဖို့ကတော့ ဝေးရောပဲ"

"ဒါကလည်း လေ့လာမယ်ဆိုရင် သိနိုင်ပါတယ်၊ ကြေးစည်ထုသံကို နားထောင်ပြီး တကယ်သေတယ် မသေဘူး ခွဲခြားတဲ့ပညာဟာ အခုမှ ပေါ်လာတာ မဟုတ်ပါဘူး၊ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တာပါ၊ ဒါကြောင့် မသာချတဲ့အခါ ရှေ့ဆုံးက ကြေးစည်ထုပြီး သွားရတဲ့ ဓလေ့ကို ရှေးကတည်းက အစဉ်အဆက် ပြုလုပ်ခဲ့ကြတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့. . . ဆရာကြီးတို့နဲ့ အခုလို တွေ့ရတာ မသေသင့်တဲ့လူတစ်ယောက်လည်း အသက်ပြန်ရှင်ခွင့် ရတာပေါ့၊ ဒါ ထက် သူ ဘယ်လိုပယောဂ အနှောင့်အယှက်ကြောင့် အခုလို ဖြစ်သွား တာလဲ ဆရာကြီး"

"အသက်ရှင်တဲ့သူလည်း ပြန်ရှင်လာမှတော့ ဒါတွေ မသိချင်ပါ နဲ့တော့ကွယ်၊ ဆရာကြီးတို့မှာ ပြောခွင့်မရှိပါဘူး"

ဟု ပြောရာ နီမောင်လည်း ဆက်မမေးတော့ပေ။

"ဒါထက် ဆရာကြီးတို့ ဒီပုံတောင်ပုံညာဘက်ကို ဘယ်လို အကြောင်းကိစ္စရှိလို့ လာခဲ့ကြတာပါလဲ၊ ကျွန်တော်တို့ တတ်နိုင်ရင် အကူအညီပေးချင်လို့ မေးတာပါ"

"မင်းက ဒီတောတောင်တွေအကြောင်းကို အတော်ကလေး သိထားပုံရတယ်"

"မှန်ပါတယ် ဆရာကြီး၊ တစ်သက်လုံး ဒီတောတောင်ထဲမှာပဲ ကြီးပြင်းလာကြတာဆိုတော့ နေရာအတော်များများကို သိပါတယ်"

"ဒါဖြင့် ဒီနေရာတစ်ဝိုက်မှာ ကျောက်နှာမောင်း ရှိတဲ့နေရာကို ရော ရောက်ဖူးသလား"

"ရောက်ဖူးပါတယ် ဆရာကြီး၊ အဲဒီနေရာက ဘယ်သူမှ မသွား ဝံ့ကြတဲ့နေရာပါ"

"ဘယ်လိုကြောင့်လဲကွယ်"

"ဒီနယ်တစ်ဝိုက်မှာတော့ ကျောက်နှာမောင်းသိုက်ဆိုရင် မသိ တဲ့လူ မရှိပါဘူး၊ အဲဒီနေရာက နေရာကြမ်းလွန်းလို့ အများအယွင်းလည်း မခံပါဘူး၊ မျက်စိလည် လမ်းမှားပြီး ရောက်သွားတဲ့လူတွေအတွက်တော့ ပြန်လမ်းမရှိတဲ့နေရာတစ်ခုပါပဲ"





"ဟုတ်မှာပေါ့လေ. . . ဒီနေရာတွေက တောလည်းနက်၊ တောင်လည်း မြင့်တော့ တောကြမ်းတဲ့နေရာမျိုးတွေ ရှိတာ မဆန်းပါ ဘူး"

"ဒါပေမယ့် ကျောက်နှာမောင်းရှိတဲ့နေရာ ကြမ်းပုံက တခြား နေရာတွေနဲ့ မတူဘူး"

"ဘယ်လိုမတူတာမျိုးလဲ မောင်နီမောင်ရဲ့"

"အဲဒီနေရာမှာ အထိကရသိုက် ရှိတယ်၊ တစ်နှစ် တစ်ခါနှစ်ခါ လောက် လူစားတယ်"

"ဘယ်လိုလူစားတာလဲ"

"အဲဒီနေရာ ရောက်သွားပြီး မျက်စိလည်နေပြီဆိုရင်တော့ နည်းအမျိုးမျိုးနဲ့ လှည့်စားပြီး သိုက်ထဲ ခေါ်သွားတော့တာပဲ၊ လူတစ် ယောက် ပါသွားပြီဆိုရင် ကျောက်နှာမောင်း ရှိတဲ့နေရာဘက်က ကျောက်မောင်းကိုးချက်ထိုးသံ ကြားရလေ့ရှိတယ်"

"မင်းတို့ရွာမှာရော အဲဒီလို ပါသွားတဲ့လူတွေ ရှိသလား"

"ရှိတယ် ဆရာကြီး"

ဟု နီမောင်က အောက်ပါအဖြစ်အပျက်တစ်ခုကို ပြောပြလေ သည်။

ဂုင်းတို့ရွာမှ တောလိုက်မုဆိုးများဖြစ်ကြသော စိန်မှတ်နှင့် ငသန်းတို့နှစ်ယောက်မှာ အမဲလိုက်ရင်းနှင့် တောနက်အတွင်းသို့ ရောက်သွားကြသည်။

သူတို့ရောက်သွားသောနေရာမှာ တောနက်အတွင်းမှာ ရှိ သော ကျောက်နှာမောင်းသိုက်ဟု နာမည်ကြီးနေသောနေရာဖြစ်သည်။

အချိန်မှာ ညနေပိုင်းအချိန်ဖြစ်သော်လည်း တောထဲမှာ နေ ရောင်ခြည် မပျောက်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတစ်ဝိုက်မှာ ကျွန်းပင်မြင့်ကြီးများက ဝန်းရံထားသလို ကျောက်တောင်များကလည်း နေရာအနှံ့မှာ ရှိနေကြသည်။

အချို့ကျောက်တောင်များမှာ ပုံပန်းသဏ္ဍာန်အမျိုးမျိုးနှင့် ရှိနေကြသည်။

ကျောက်တောင်အချို့မှာ ဆင်ဦးခေါင်းပုံသဏ္ဍာန်မျိုးဖြစ်ပြီး နှာမောင်းပုံသဏ္ဍာန်ဖြစ်နေသော ကျောက်စွန်းကြီးများက အပြင်သို့ ထိုးထွက်နေကြသည်။

ထိုနေရာမှာ ကျောက်နှာမောင်းများ ရှိသည့်အပြင် ကျောက်လိုဏ်ခေါင်းအပေါက်များလည်း ရှိကြသည်။ ထိုဂူပေါက်များမှာ ထုံး ကျောက်လိုဏ်ဂူများဖြစ်ပြီး အတွင်းမှာ ဂူအမိုးများမှ တွဲကျနေသော ကျောက်စွန်းကျောက်စွယ် အမျိုးမျိုးတို့လည်း ရှိသည်။

ဆင်သဏ္ဍာန်၊ နဂါး၊ ဂဠုန်၊ ဘီလူး၊ သံလျက်၊ ဓား၊ လှံ စသော ကျောက်သားများအပြင် ကြေးစည်နှင့် တူသောအရာ၊ ဖားစည်နှင့် တူသောအရာ၊ မောင်းနှင့် တူသောအရာ၊ ပုံနှင့်တူသော ကျောက်သား များလည်း တွဲလောင်းကျနေကြသည်။

၎င်းကျောက်မောင်းကြီးများကို တစ်စုံတစ်ခုဖြင့် ထုလိုက်ပါက မောင်းသံကဲ့သို့အသံမျိုး ထွက်ပေါ်လာသည်။

စိန်မှတ်နှင့်ငသန်းတို့နှစ်ယောက် ထိုနေရာသို့ ရောက်သော အခါ ထူးဆန်းသောမြင်ကွင်းကို တွေ့မြင်ကြရသည်။ ထိုအချိန်တွင် အနောက်ဘက်တောင်ပေါ်မှ ကျော်လာသော နေရောင်ခြည်က တောင်ကြားတစ်ဝိုက်သို့ ထိုးကျနေရာ တောင်နံရံများမှာ ထူးခြားသော အလင်းရောင်များ ဖြာထွက်နေသည်။

ထိုအလင်းရောင်များမှာ အခြားအရောင်နှင့် မတူဘဲ တောင် နံရံမှာ ရှိသော ကျောက်သံပတ္တမြားများကို နေရောင်ခြည်နှင့် ထိရာမှ





ထွက်ပေါ်လာသော အလင်းရောင်များနှင့် တူလေသည်။

"ငသန်း. . . တောင်နံရံတွေမှာ အလင်းရောင်တွေ ထွက်နေ ပါလား"

"အေး. . . ဟုတ်တယ်၊ ရတနာပစ္စည်းတွေများလား မသိဘူး"

"ငါတို့ ဟန်ကျပြီထင်တယ်. . . သွားကြည့်ရအောင်"

"မဖြစ်ဘူးထင်တယ်"

"ဘာကြောင့်လဲ"

"ဒီနေရာက ကျောက်နှာမောင်းသိုက် ရှိတဲ့နေရာ မဟုတ်လား။ အမြန်သွားကြရင် ကောင်းမယ်"

"မင်းကလည်း ဒီလောက် ကြောက်လန့်မနေပါနဲ့၊ ငါတို့က သူတို့သိုက်နန်းထဲ ဝင်ပြီး ယူတာမှ မဟုတ်တာ၊ တောတောင်ထဲမှာ သူ့သဘာဝအတိုင်း ရှိနေတဲ့ရတနာတွေကို ယူတာပဲ. . . အပြစ်မရှိနိုင် ပါဘူး"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . မင်းကြောက်ရင် ဒီနေရာကပဲ စောင့်နေ ငါဝင်ကြည့်မယ်"

ဟု ပြောကာ စိန်မှတ်က ၎င်းကိုယ်မှာ လွယ်ထားသော လေး များတို့ကို ချထားခဲ့ပြီး ဓားတစ်လက်ကိုသာ ယူကာ တောင်ကြား အတွင်းသို့ ဝင်သွားလေသည်။

နေရောင်ခြည်များက တောင်ကြားများအတွင်းသို့ ကျနေပြီး တောင်နံရံနှင့် တောင်နှာမောင်း ရှိသောနေရာများမှ အရောင်များ ဝင်းလက်တောက်ပနေသည်။

စိန်မှတ်က တောင်ကြားသို့ ဝင်သွားသောအခါ ငသန်းက မနီး မဝေးနေရာမှ လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တောင်ကြားအတွင်းသို့ ဝင်သွားသောအခါ စိန်မှတ်ကို မမြင်နိုင်တော့ပေ။

အတန်ကြာသည့်တိုင် ပြန်မထွက်လာတော့မှ သေန်းက လှမ်းခေါ်လေသည်။

"စိန်မှတ်ရေ. . . စိန်မှတ်"

သူ့ခေါ်သံက တောင်နံရံများမှတဆင့် ပဲ့တင်ထပ်သွားသည်မှအပ အတွင်းမှ ဘာမှ အသံမကြားရတော့ပေ။

"စိန်မှတ်ရေ. . . စိန်မှတ်"

ထိုသို့ခေါ်နေစဉ်မှာပင် မည်သည့်နေရာမှ ထွက်လာမှန်း မသိသောအသံများ ကြားရသည်။

အခြားမဟုတ်ပေ. . . ။

ကျောက်မောင်းထုသံများပင်ဖြစ်သည်။

"ဒူ. . ဒူ. . ဒူ. . ဒူ"

"ဟင်. . . ကျောက်မောင်းထုသံတွေပါလား၊ ဒီအသံတွေကြားရင် ကျောက်နှာမောင်းသိုက်က လူစားတယ်လို့ ပြောသံကြားတယ်၊ မဟုတ်ကာမှလွဲရော. . . စိန်မှတ်တစ်ယောက်တော့ သေပြီလား မသိဘူး"

"ဒူ. . ဒူ. . ဒူ. . ဒူ. . ဒူ"

ကျောက်မောင်းထုသံများက ကိုးချက်အထိ မြည်ပြီးသောအခါ ရပ်သွားကြသည်။

ထိုအခါမှ သေန်းက ကြောက်ကြောက်ရွံ့ရွံ့နှင့် တောင်ကြားသို့ သွားကြည့်သောအခါ စိန်မှတ်၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ။

ထိုအခါမှပင် ကြောက်လန့်တကြားဖြင့် ရွာသို့ ပြန်ပြေးလာခဲ့ရ





လေတော့သည်။

နီမောင်ပြောပြသောအကြောင်းများကို ကြားသောအခါ ဆရာကြီး သူရဠနှင့်ဦးဇန်ကောင်းတို့က စိတ်ဝင်စားစွာ နားထောင်နေရင်းမှ လေးလေးနက်နက် စဉ်းစားနေကြလေသည်။

"ဒါထက် ဆရာကြီးတို့က ကျောက်နှာမောင်း ရှိတဲ့နေရာကို သွားကြမလို့လား"

"ဟုတ်တယ် မောင်နီမောင်ရဲ့"

"ဘာကိစ္စရှိလို့လဲဟင်. . . ဆရာကြီးတို့က သိုက်တူးကြမလို့လားဟင်"

ထိုသို့ ပွင့်ပွင့်လင်းလင်း မေးသောအခါ နှစ်ယောက်စလုံး သဘောကျစွာ ရယ်ကြလေသည်။

"ငါတို့က ဥစ္စာရှာဖွေတဲ့ သိုက်ဆရာတွေ မဟုတ်ပါဘူးကွယ်၊ ပညာရပ်တစ်ခုအတွက် လိုက်ရှာနေကြတဲ့လူတွေပါ"

"ဘာပဲဖြစ်ဖြစ် ဆရာကြီးတို့အတွက် လိုအပ်တဲ့အကူအညီတွေ ကျွန်တော်တို့ ပေးပါ့မယ်၊ နောက်ပြီး ကျောက်နှာမောင်း ရှိတဲ့နေရာက ကျွန်တော်တို့ တောင်ရိုးရွာနဲ့ မဝေးလှပါဘူး၊ ဒါကြောင့် ဒီမှာပဲ တည်းကြပါ၊ သွားချင်တဲ့နေရာလည်း လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်"

ထိုသို့ပြောဆိုနေကြစဉ် အိမ်ပေါက်ဝသို့ အသက်အရွယ်ကြီးပြီဖြစ်သော မိန်းမကြီးတစ်ယောက် ဝင်လာသည်။ အဝတ်အစားများမှာ ဟောင်းနွမ်းစုတ်ပြတ်နေပြီး တဘက်ဟောင်းတစ်ခုကို ခေါင်းပေါ် တင်ထားသည်။

"အရီး ဘာကိစ္စရှိလို့လဲဗျ"

နီမောင်က လှမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အိမ်မှာ ပယောဂဆရာ၊ သိုက်ဆရာတွေ ရောက်နေလို့ လာကြည့်တာပါကွယ်"

ဟု ပြောကာ ဆရာကြီးသူရရွှေနှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ကို သိဝေနေပြီဖြစ်သော မျက်လုံးဖြင့် မျက်မှောင်ကျုံ့လျက် ကြည့်သည်။

နှစ်ယောက်စလုံးကတော့ မည်သို့မှ ထူးခြားဟန် မရှိကြဘဲ အေးအေးဆေးဆေး အမူအယာဖြင့်သာ နေမြဲတိုင်း နေကြသည်။

အတန်ကြာတော့မှ ဒေါ်မင်းဇာက တစ်ယောက်တည်းရေရွတ်ပြောဆိုပြီး ပြန်သွားလေသည်။

"အင်း. . . မလောက်လေး မလောက်စားပညာနဲ့ သိုက်တူးရင်တော့ သေကြဦးတော့မှာပဲ"

ကာယကံရှင်နှစ်ယောက်မှာ မည်သို့မှ ထူးခြားမှု မဖြစ်ကြသော်လည်း ထိုရေရွတ်သံကို ကြားလိုက်ရသော နီမောင်ကတော့ စိုးရိမ်စိတ် ဝင်သွားလေသည်။





# အခန်း(၄)

## သိုက်ကဏာတဲ့ မိန်းကလေး

ဆရာကြီးတို့ ရောက်ပြီး နှစ်ရက်ခန့်ကြာသောအခါ နီမောင့်အိမ်သို့ နှင်းမေ ရောက်လာလေသည်။

သူမလက်ထဲမှာလည်း ခံတောင်းဖြင့် ထည့်ယူလာသော ငှက်ပျောသီးမှည့်၊ မာလာကာသီး၊ သြဇာသီးတို့အပြင် ကောက်ညှင်းဖြင့် ပြုလုပ်သော မုန့်အတော်များများ ပါလာလေသည်။

"ဟင်. . . နှင်းမေပါလား၊ နင်နေကောင်းသွားပြီလား"

"အခုတော့ အတော်ကလေး ကောင်းသွားပါပြီ၊ ဟိုရက်ကတော့ ကြောက်စိတ်တွေ မပြေသေးတာနဲ့ အိပ်ယာထဲက မထနိုင်ဘာပါ"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ပြုံးနေသည်။

"ဒါထက် ဆရာကြီးတွေ ရှိကြသေးတယ် မဟုတ်လား"

"အိမ်ထဲမှာ ရှိကြတယ်"

ဟု ပြောပြီး နီမောင်က လိုက်ပို့ပေးသည်။

အိမ်ထဲ ရောက်တော့ နှစ်ယောက်စလုံးကို တွေ့သဖြင့် နှင်းမေက သစ်သီးတောင်းကို ရှေ့မှာ ချပြီး ရိုသေစွာ ကန်တော့လေသည်။

"ကျွန်မမှာ အမေ မွေးပေးတဲ့အသက် မရှိတော့ပါဘူး၊ ဆရာကြီးတို့ ပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ ဒါကြောင့် လာကန်တော့တာပါ ဆရာကြီး"

"ရပါတယ်ကွယ်. . . ဒါထက် မိန်းကလေး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ အခုတော့ အတော်ကလေး နေကောင်းသွားပါပြီ"

"မိန်းကလေး ရောက်လာတာနဲ့ အတော်ပါပဲ၊ ဆရာကြီးတို့ကလည်း မင်းနဲ့ တွေ့ပြီး မေးချင်တာလေးတွေ ရှိနေလို့ပါ"

"မေးပါ ဆရာကြီး"

"ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး အခုလို သေလောက်တဲ့ အခြေအနေမျိုး ရောက်ခဲ့ရတယ်ဆိုတာလေးကို သိချင်လို့ပါ"

"ကျွန်မ မှတ်မိသလောက် ပြန်ပြောပြပါမယ် ဆရာကြီး"

နှင်းမေက သူငယ်စဉ်က အကြောင်းများမှစပြီး မှတ်မိသမျှ ပြောပြလေသည်။

ကိုဘကွန်းနှင့်မစိန်ရွှေတို့မှာ တောင်ရိုးရွာမှာပင် နေထိုင်ကြသည်။

ကိုဘကွန်းက အခြားရွာမှဖြစ်သော်လည်း မစိန်ရွှေနှင့် အိမ်ထောင်ကျပြီးကတည်းက တောင်ရိုးရွာမှ လာရောက်နေထိုင်လေသည်။





မစိန်ရွှေမှာ ရုပ်ရည်ချောမောပြီး အနေအထိုင် ရိုးသားအေးဆေးသူဖြစ်ကာ ဘာသာတရားကိုလည်း ယုံကြည်လေးစားသူတစ်ဦး ဖြစ်သည်။

တစ်နေ့တော့ ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

သူမသည် အိပ်ပျော်နေရင်းမှ ခမ်းနားကြီးမားသော အဆောက်အဦးတစ်ခုအတွင်းသို့ ရောက်သွားခြင်းပင်ဖြစ်၏။

ထိုအဆောက်အဦးအတွင်းမှာ ရွှေငွေကျောက်မျက်ရတနာများကို တွေ့ရပြီး အသုံးအဆောင်ပစ္စည်းများမှာလည်း ဝင်းလက်တောက်ပလျက် ရှိနေသည်။

သူမ ရောက်သွားသောအခါ အတွင်း၌ လူသုံးယောက်ကို တွေ့ရသည်။

အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးအိုတစ်ဦးနှင့် အရွယ်တူ ရုပ်တူ မိန်းမပျိုနှစ်ယောက်တို့ပင်ဖြစ်၏။ အနီးရောက်တော့ အဘိုးကြီးက ပြောသည်။

"မင်းကို ဒီအထဲရောက်အောင် ခေါ်ရတာ အကူအညီတောင်းစရာ ရှိလို့ပါ။ သူက လူ့လောကမှာ သွားနေခွင့်ရပြီ၊ ဒီတော့ ဝေးဝေးမှာလည်း မထားချင်ဘူး၊ မင်းတို့ ခေါ်ထားပေးပါ"

မစိန်ရွှေက အာစေး အထည့်ခံထားရသူပမာ တအံ့တသြဖြင့် ကြည့်နေသည်။

"သူ့ကို ခေါ်ထားလို့ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါဘူး၊ ငါတို့ ကြည့်ရှုထောက်ပံ့ပါ့မယ်၊ သူ့ကို အသက်နှစ်ဆယ်ကျော်တဲ့အခါ ပြန်ခေါ်ပါ့မယ်"

ထိုသို့ပြောပြီး အရွယ်တူ ရုပ်တူ မိန်းကလေးနှစ်ယောက်အနက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အား သူမကို ပေးလိုက်သဖြင့် ခေါ်ယူလာခဲ့လေသည်။

ထို့နောက်မှာတော့ အိပ်မက်,မက်နေသလို ဖြစ်နေရာမှ ပြန်နိုး လာသည်။

နိုးလာလာချင်း ကိုဘကွန်းကို အိပ်ယာမှ နိုးပြီး ထိုအကြောင်း ကို ပြောပြလိုက်သည်။

"မင်းစိတ်စွဲလို့ အိပ်မက်မက်တာလည်း ဖြစ်မှာပေါ့"

"မဟုတ်ပါဘူး. . . ကျုပ် အဲဒီနေရာကို သေသေချာချာ မှတ်မိ နေတာ၊ ဒီရွာနဲ့လည်း သိပ်မဝေးလှဘူး"

"ဒီလိုဆိုရင် ဒီနေရာတစ်ဝိုက်မှာ ကျောက်နှာမောင်းသိုက်ပဲ ရှိတာ၊ မင်း အဲဒီသိုက်ထဲကို ရောက်သွားတာ ဖြစ်မှာပေါ့ကွာ"

ကိုဘကွန်းကတော့ ပေါ့ပေါ့တန်တန်ပင် ပြောလေသည်။ ထိုသို့ပြောဆိုနေကြစဉ်မှာပင် ကျောက်နှာမောင်းသိုက် ရှိသောနေရာ ဘက်မှ ကျောက်မောင်းထုသံများကို အတိုင်းသား ကြားကြရသည်။

ထိုကျောက်မောင်းထုသံများမှာ မကြာခဏ ကြားနေရသော ကြောင့် အခြားသူများအတွက် သိပ်မထူးခြားသော်လည်း ထိုညအဖို့မှာ တော့ သူတို့အတွက် ထူးခြားနေလေသည်။

နောက်ပိုင်းမှာတော့ မစိန်ရွှေမှာ ကိုယ်ဝန်ရှိလာပြီး လစေ့ သောအခါ သမီးမိန်းကလေးတစ်ယောက် မွေးလာသည်။

လက်သည်ကတော့ ဒေါ်မင်းဇာပင် ဖြစ်သည်။

ကလေးမွေးလာလာချင်း ဝမ်းမှ ကျွတ်သည်နှင့် ဒေါ်မင်းဇာက ဤသို့ပြောသည်။

"ဟဲ့. . . နင်တို့ကလေးက သိုက်က ဝင်စားတဲ့ကလေးပဲ၊ ကောင်းကောင်းမွေးကြ. . . တော်ကြာ အကျိုးပေးလိမ့်မယ်"

ဟု ပြောသည်။





ဒေါ်မင်းဇာမှာ အရပ်လက်သည်တစ်ယောက်ဖြစ်သော်လည်း စုန်းပညာတတ်သည်ဟု ထင်နေသဖြင့် သူပြောလျှင် မှန်သည်ဟု ယူဆ ကြသည်။

ကလေးမီးဖွားပြီး ကလေးအချင်းမြှုပ်တော့ ကိုဘကွန်း ကိုယ် တိုင် မြှုပ်သည်။

သူသည် အိမ်အနောက်ဘက် ငှက်ပျောခြံထဲမှာ အချင်းမြှုပ်ရန် မြေကျင်းတူးစဉ် အိုးတစ်လုံး ရလေသည်။

အဖုံးကို ဖွင့်ကြည့်သောအခါ အထဲမှာ ငွေဒင်္ဂါးပြားများကို တွေ့ရလေသည်။

သူသည် ထိုအကြောင်းကို ဘယ်သူမှ အသိမပေးဘဲ ငွေအိုးကို လည်း သိမ်းဆည်းထားလေသည်။

ကလေးအမည်ကို 'နှင်းမေ' ဟု ပေးလိုက်ကြသည်။

နှင်းမေ သိတတ်စရွယ် ရောက်လာသောအခါ သူမ မမြင်ဖူး သော အမျိုးသမီးတစ်ယောက်ကို မကြာခဏ မြင်တွေ့ရသည်။

သူမ အရွယ်ရောက်လာသောအခါ ထိုအမျိုးသမီးက ပြော သည်။

"နင် အသက်နှစ်ဆယ်ကျော်တဲ့အခါ သိုက်ထဲကို ပြန်လာခဲ့ရ မယ်၊ ဒါကြောင့် ချစ်သူမရှာနဲ့၊ အိမ်ထောင်ပြုဖို့ စိတ်မကူးနဲ့"

နှင်းမေလည်း ဇဝေဇဝါနှင့် ခေါင်းညိတ်ပြလိုက်ရပေသည်။

တစ်နေ့တော့ ရွာမှ အဖော်မိန်းကလေးများနှင့် တောထဲသို့ မျှစ်ချိုးသွားရာမှ မျက်စိလည်ပြီး ကျောက်နှာမောင်းရှိရာဘက်သို့ ရောက်သွားလေသည်။

ထိုနေရာရောက်မှ အဖော်များနှင့် ကွဲပြီး တစ်ယောက်တည်း ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

ကျောက်နှာမောင်းနေရာရောက်တော့ ကျောက်တောင်တစ်ခု အနောက်ဘက်မှ အမျိုးသမီးငယ်တစ်ယောက် ထွက်လာသည်။

"အချိန်စေ့တော့မယ်. . . ဒါကြောင့် နင် သိုက်ထဲကို ပြန်လာခဲ့ရတော့မယ်"

"အို. . . မလိုက်ချင်သေးပါဘူး၊ ကျွန်မမှာ အဖေနဲ့အမေ ရှိသေးတယ်"

"အဲဒီအဖေနဲ့အမေကို ငါတို့က ခဏပေးထားတာ၊ နင်မပြန်ချင်လို့မရဘူး. . . ပြန်လာရတော့မယ်"

"မပြန်ချင်ဘူး. . . မပြန်ချင်ဘူး၊ ကျွန်မ ဒီဘဝမှာပဲ နေတော့မယ်"

"ငါတို့ ပရလောကသားတွေဆိုတာ ကတိပေးထားပြီးရင် ပေးထားတဲ့အတိုင်း လုပ်ရတယ်၊ သစ္စာဆိုထားပြီးရင် ဆိုထားတဲ့အတိုင်း လုပ်ရတယ်၊ ကတိမဖျက်ရဘူး. . . သစ္စာမပျက်ရဘူး၊ သစ္စာပျက်ရင် အန္တရာယ်နဲ့ တွေ့ရလိမ့်မယ်"

ဟု ပြောသည်။

နှင်းမေလည်း ထိုနေရာမှ ကြောက်ကြောက်လန့်လန့်ဖြင့် ပြေးလာခဲ့ရာ နောက်တွင် အဖော်များနှင့် ပြန်တွေ့ရသည်။ နောက်ပိုင်း အိမ်ပြန်ရောက်ပြီး ကောင်းစွာမနေရတော့ပေ။

ညအချိန်ရောက်သည်နှင့် အမှောင်ရိပ်ထဲမှာ ကြောက်မက်ဖွယ်ကောင်းသော မကောင်းဆိုးဝါးများကို မြင်တွေ့ရပြီး ၎င်းတို့အသံများကို ကြားလာရသည်။

"နင်ပြန်ဖို့ အချိန်တန်ပြီ. . . ငါတို့နဲ့ လိုက်ခဲ့ရမယ်"

ဟူသောအသံများ ကြားနေရသည်။

ထိုအသံများကို သူမတစ်ယောက်သာ ကြားရပြီး ကြောက်စရာ





ကောင်းသော ပုံရိပ်များကိုလည်း အခြားသူများ မမြင်တွေ့ရဘဲ သူမတစ်ယောက်သာ မြင်နေရသည်။

တစ်နေ့တော့ ဟင်းရွက်သင်နေရာမှ ထိုဟင်းရွက်များအတွင်းမှာ ပါလာသော မြွေတစ်ကောင်က သူမလက်ကို ပတ်ထားလိုက်သည်။

"အမယ်လေး. . ."

လန့်ပြီး ခါချသော်လည်း မရဘဲ ကြိုးဖြင့် ချည်ထားသကဲ့သို့ ပတ်မြဲပတ်ထားလေသည်။

အော်ရင်းဟစ်ရင်း ခါချရင်းနှင့် မြွေဦးခေါင်းနေရာမှာ အိပ်မက်ထဲမှာ မြင်နေရသော အမျိုးသမီးမျက်နှာ ပေါ်လာတော့သည်။

"အချိန်စေ့ပြီ. . . နင်လိုက်ခဲ့တော့"

ထိုသို့ပြောသည်နှင့် နှင်းမေလည်း သတိမေ့ကာ လဲကျသွားလေတော့သည်။

"နောက်ပိုင်းတော့ ကျွန်မလည်း ကြောက်တဲ့စိတ်နဲ့ပဲ သေရတဲ့အဖြစ် ရောက်ခဲ့ရတာပါပဲ ဆရာကြီးရယ်"

နှင်းမေက သူမ မှတ်မိသမျှအကြောင်းများကို ပြန်ပြောပြလေသည်။

"ကျွန်မ ဆရာကြီးတို့နဲ့ တွေ့လို့ပါပဲ၊ မဟုတ်ရင်တော့ သူတို့ပြောတဲ့အတိုင်း သေရမှာ အမှန်ပါပဲ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ဒါထက် အခု သုသာန်က အိမ်ပြန်ရောက်လာပြီးတဲ့နောက်ပိုင်းမှာရော သူတို့နဲ့ တွေ့ရသေးသလား၊ ဘယ်လိုထူးခြားမှုမျိုးတွေနဲ့ တွေ့ရသေးသလဲ"

"မတွေ့ရတော့ပါဘူး ဆရာကြီး၊ သူတို့ရဲ့ပုံရိပ်တွေကို ခပ်ဝေးဝေးမှာပဲ ဝိုးတဝါး တွေ့နေရတော့တယ်"

"နောက်ပိုင်းတော့ သူတို့နဲ့ မတွေ့ရအောင် အကာအကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် လုပ်ပေးထားပါမယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

"ဒါထက် အချင်းမြှုပ်တုန်းက ညည်းအဖေ ရတဲ့ ငွေအိုးကရော ရှိသေးရဲ့လား"

"ရှိမယ်ထင်တယ် ဆရာကြီး၊ အဖေတို့ သိမ်းထားတယ် ထင်တယ်"

"အေး. . အေး. . ဘာမှစိတ်မပူနဲ့၊ နောက်တော့ သူတို့ နှောင့်ယှက်လို့မရအောင် အကာအကွယ် လုပ်ပေးခဲ့ပါ့မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ထို့နောက် နီမောင်နှင့် နှင်းမေတို့နှစ်ယောက်မှာ ခြံဝန်းထဲသို့ ပြန်ဆင်းလာကြသည်။

"နှင်းမေ. . . နင် စောစောက ဆရာကြီးကို ပြောပြနေတာတွေက တကယ်လားဟင်"

"အင်း. . . တကယ်ပေါ့. . . ဘာဖြစ်လို့လဲ"

"ဒီလိုဆိုရင် နင် အပျိုကြီးဘဝနဲ့ပဲ နေရတော့မှာပေါ့နော်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဟို. . . သိုက်ထဲက နင့်အစ်မတော်က နင့်ကို အိမ်ထောင်မပြုရဘူးလို့ ပြောထားတယ်မဟုတ်လား"

"အို. . . ဘာဆိုင်လို့လဲ"

နှင်းမေက ရှက်သွေးဖြာသောအမူအယာမျိုးဖြင့် ပြန်ပြောလေသည်။

"ဒါဖြင့် နင် အိမ်ထောင်ပြုမှာပေါ့နော်"

"ဘာတွေ လာမေးနေတာလဲ၊ ငါက ဘယ်သူနဲ့ အိမ်ထောင်ပြုရမှာလဲ. . . သွားတော့မယ်ဟာ"





ဟု ပြောပြီး နှင်းမေက ရှက်ကိုးရှက်ကန်း အမူအယာဖြင့် ခံတောင်းလေးကို ပိုက်ပြီး ခြံဝန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

နီမောင်ခမျာမှာသာ စကားအစပျိုးတုန်းက အဖျိုးကောင်းပြီး မည်သို့မည်ပုံ အဆုံးသတ်ရမှန်း မသိသောကြောင့် မချင့်မရဲ ဖြစ်ကျာကျန်ခဲ့လေသည်။

ခြံပေါက်ဝမှ ရပ်ကာ နှင်းမေ ထွက်သွားရာဘက်သို့ လှမ်းကြည့်နေစဉ် စောထီးနှင့်ငမဲအောင်တို့ ရောက်လာကြသည်။

သူတို့နှစ်ယောက်မှာ လေးမြားဓားလှံ၊ ရေဗူး၊ ရိက္ခာထုပ်များ ပြင်ဆင်ပြီး လာကြခြင်းဖြစ်သည်။

"မင်းတို့နှစ်ယောက် ဘယ်သွားကြမလို့လဲ"

စောထီးနှင့်ငမဲအောင်က သူ့ကို တအံ့တသြဖြင့် ကြည့်သည်။

"မင်းကြည့်ရတာ စိတ်နဲ့ကိုယ်နဲ့ရော ကပ်သေးရဲ့လား"

"ဒီကနေ့ တောင်ပေါ် တက်ရမယ်လေ၊ ငါတို့ ထောင်ထားခဲ့တဲ့ ဝက်ဝံထောင်ချောက် သွားကြည့်ကြရမယ် မဟုတ်လား"

ဒီတော့မှ တောင်ပေါ်မှ ဝက်ဝံထောင်ချောက် ဆင်ထားခဲ့သည်ကို သတိရလေသည်။

"အင်း. . . ဟုတ်သားပဲ၊ ဒါပေမယ့် ငါလိုက်လို့မှ ရပ့ါမလား မသိဘူး"

"ဘာဖြစ်လို့လဲ"

"အိမ်မှာ ဆရာကြီးနှစ်ယောက် ရောက်နေတယ်လေ၊ သူတို့ သွားမယ်ဆိုရင် လိုက်ပို့ပေးပါမယ်လို့ ငါပြောထားတယ်"

ထိုစကားကြားသောအခါ စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်မှာ သတိရသွားကြလေတော့သည်။

"အင်း. . . ဟုတ်သားပဲ၊ ဒီလိုဆိုရင်လည်း မင်းနေခဲ့ချင်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com

လေ၊ ငါတို့နှစ်ယောက်ပဲ သွားလိုက်မယ်လေ"

"ဒီလိုလည်း မဖြစ်သေးဘူးထင်တယ်၊ တကယ်လို့ တောင်ချောက်မှာ ဝက်ဝံမိနေရင် မင်းတို့နှစ်ယောက်မပြောနဲ့ သုံးယောက်ဆိုရင်တောင် အတော်သတ်ရမှာ"

ထိုသို့ပြောနေစဉ် သူတို့အနီးသို့ ဦးဗန်ကောင်း ရောက်လာလေသည်။

"နီမောင်. . . မင်း အလုပ်ရှိတယ်မဟုတ်လား၊ လုပ်စရာရှိတာ သွားလုပ်လေကွယ်၊ ငါတို့နှစ်ယောက်က ချက်ချင်း တောင်ပေါ် မတက်သေးပါဘူး၊ ဒီမှာ အေးအေးဆေးဆေး နားပြီး အခြေအနေ ကြည့်ကြဦးမှာပါ"

ထိုသို့လာပြောသဖြင့် နီမောင်တို့မှာ များစွာအံ့သြသွားကြလေသည်။

သို့သော်လည်း ဧည့်သည်များက တောင်ပေါ် တက်ရန် မရှိသေးသောကြောင့် မိမိပစ္စည်းကိရိယာများကို ပြင်ဆင်ပြီးနောက် စောထီး၊ ငမဲအောင်တို့နှင့်အတူ တောင်ပေါ် တက်ရန် ပြင်ဆင်ရလေတော့သည်။





# အခန်း(၅)

## ပုံတောင်ပုံညာမှ မိုးနတ်ကြီးပူဇော်ပွဲ

ပုံတောင်ပုံညာအရပ်မှာ ကျယ်ဝန်းသောအရပ် ဖြစ်သည်။ ကိုလိုနီခေတ်ဦးကာလလောက်က သစ်တောကြီးများမှာ လူတိုးမပေါက်အောင် ညိုမှိုင်းနေသောနေရာများဖြစ်သည်။ အဓိက ပေါက်သောသစ်အမျိုးအစားမှာ ကျွန်းသစ်တောကြီးများဖြစ်သည်။

ထိုကဲ့သို့သော ကျွန်းသစ်တောကြီးများမှာ မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် မြောက်များစွာ ရှိကြသည်။

ဗြိတိသျှတို့က ထိုကျွန်းတောကြီးများကို နှစ်သက်သဘောကျသဖြင့် မြန်မာဘုရင်ထံမှ သစ်ထုတ်လုပ်ခွင့် အခွန်ဆောင်ကာ ထုတ်ယူ


www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

နောက်ပိုင်း မသမာမှုများဖြင့် ထုတ်ယူသောကြောင့် ပြဿနာဖြစ်ရာမှ အင်္ဂလိပ်မြန်မာစစ်ပွဲများ ဖြစ်ပွားကာ နောက်ဆုံး မြန်မာနိုင်ငံမှာ သူတပါးလက်အောက်သို့ ရောက်ခဲ့ရခြင်းဖြစ်သည်။

အစိက အကြောင်းရင်း ရှာလျှင် မိမိနိုင်ငံပိုင် သယံဇာတပစ္စည်းများကို ဘုရင်က သူ့သဘောနှင့်သူ ရောင်းသည်။ တိုင်းတပါးသားများက ကောင်းမှန်း သိသွားသောအခါ လက်လွှတ်မပေးချင်ကြတော့သဖြင့် ဝယ်ယူမနေတော့ဘဲ အလကား ယူနိုင်ရန် တိုင်းပြည်ကိုပါ တိုက်ခိုက်သိမ်းပိုက်လိုက်ခြင်းသာဖြစ်သည်။

သို့ကြောင့် နှစ်ပေါင်းတစ်ရာကျော် နှစ်ရာနီးပါးကြာသောအခါ နောင်လာနောင်သားတို့ ကျွန်းတောမဆိုထားနှင့်၊ ကျွန်းပင် ကြည့်ချင်လျှင်ပင် စိုက်ခင်းများမှာ လိုက်ကြည့်မှ တွေ့နိုင်တော့သည်။

ရှေးအခါကတော့ ပုံတောင်ပုံညာတောင်တန်းဟု ပြောလိုက်သည်နှင့် ကျွန်းတောကြီးများ လူတိုးမပေါက်အောင် ပေါက်ရောက်သောနေရာဟု သိကြလေသည်။

ရှေးအခါက ကဆုန်၊ နယုန်လများ ရောက်လာလျှင် တောင်တန်းကြီးများအပေါ်မှာ မိုးရိပ်များ ရစ်ဆိုင်းလာသည်။

ထိုအခါ ဒေသခံများမှာ တစ်နှစ်လုံး လယ်ယာလုပ်ငန်းခွင်ဝင်ရန်အတွက် မိုးနတ်ကြီးပူဇော်ပွဲများကို ပုံတောင်ပုံညာသားတို့ ရှေးရိုးအစဉ်အလာမပျက် ပြုလုပ်ကြလေသည်။

မိုးနတ်ကြီးတင်ပွဲရက်ကို ရှေးအခါကပင် ရွာအုပ်ကြီးများက ကြေညာသတ်မှတ်ပေးရသည်။

ထိုရက်သို့ မရောက်မီ အိမ်တိုင်းအိမ်တိုင်း၌ လှော်စာလုပ်ကြရသည်။





လှော်စာဆိုသည်မှာ ကောက်ညှင်းထမင်းကို ချက်၍ တဆေးဖြင့် ရောကာ သုံးလေးရက် ထားရသည်။

ထိုအခါ လှော်စာအရသာမှာ ချိုလာသည်။

တစ်ခါတစ်ရံ ချဉ်လာသည်။ ခါးလာသည်။

ဤနှစ်တွင် ချိုလာလျှင် မိုးကောင်းမည့်နိမိတ်ဖြစ်သည်။

အခါးအချဉ် များလာလျှင်မူ ယခုနှစ်တွင် မိုးခေါင်မည့်နိမိတ်ဖြစ်သည်ဟု ယူဆကြသည်။

တဆေးဆိုသည်မှာ လွန်ခဲ့သော လများစွာကပင် ကြိုတင်လုပ်သော ဆေးတစ်မျိုးဖြစ်သည်။

လွန်ခဲ့သော တန်ဆောင်မုန်းလက ပိန်းရွက်၊ ပိန်းရိုးတို့ကို ခူးသည်။

တန်ဆောင်မုန်းလသည် ကြယ်တာရာ နက္ခတ်စုံ ထွန်းပသည်။

သို့ဖြစ်၍ သစ်မြစ်၊ သစ်ဥ၊ သစ်ရွက်တို့ အာနိသင် တက်ကာ ဆေးဖက်ဝင်သောလဟု ယူဆကြသည်။

ထိုပိန်းရွက်ပိန်းရိုးများနှင့် ဆန်ကြမ်းကို ရော၍ထောင်းသည်။

အဆုပ်အဆုပ်ကလေးများ ပြုလုပ်၍ သုံးရက် နေလှမ်းတော့ မြေအိုးတွင် စနစ်တကျ ထည့်၍ သိပ်ထားခဲ့ရသည်။

မိုးနတ်ကြီးတင်ပွဲ နီးကာမှ ထိုတဆေးကို ထုတ်ပြီး ထောင်းကာ ကောက်ညှင်းထမင်းနှင့် ရော၍ လှော်စာပြုလုပ်ရခြင်းဖြစ်သည်။

မိုးနတ်ကြီးတင်ပွဲရက် ရောက်လျှင် တစ်ရွာလုံး ပျော်ရွှင်မြူးတူး၍ နေကြသည်။

နံနက်ခင်း ဝေလီဝေလင်းက ထ၍ တပျော်တပါး သူ့အိမ်ငါ့အိမ် သွားလာဝင်ထွက်၍ ပြင်ဆင်ကြသည်။

အိမ်တိုင်းက ကြိုရသည်။

www.burmeseclassic.com



နေထွက်ချိန်လောက်တွင် တောင်သူမိသားစုတို့သည် လျှော်စာ မနဲ့အိုး၊ ကြက်တစ်ကောင် ကြက်ဥများကို ယူဆောင်၍ ရွာထိပ်နတ်စင် ရှိရာသို့ သွားကြရ၏။

နတ်စင်တွင် "ပဆန်း" သည် အဆင်သင့် စောင့်နှင့်နေသည်။

"ပဆန်း" ဆိုသည်မှာ နတ်ဝင်၊ နတ်ထိန်း၊ နတ်ဆရာဖြစ်သည်။

"ပဆန်း" သည် "ပူဇွာန်း" ဟူသော စကားမှ လာသည်။

ပူဇွာန်းသည် ပေါရဏ စကားဖြစ်သည်။

"အိပ်လိုရဟန်း၊ စားလိုမှန်း၊ ပူဇွာန်းလုပ်ပါလေ" ဟု ကဝိ လက္ခဏာသတ်ပုံတွင် တွေ့နိုင်သည်။

နတ်များကို ပင့်၍ ပူဇော်ပသရသူဖြစ်သည်။

ရွာတစ်ရွာတွင် "ပဆန်း" တစ်ယောက် ရှိမြဲဖြစ်၏။

ပဆန်းသည် မိုးနတ်ကြီးတင်ပွဲကို ဦးစီးကျင်းပရသည်။

ပဆန်းက နတ်ပင့်စာများကို ရွတ်ရသည်။ နတ်ကို ပူဇော်ပသ၍ ဆုတောင်းရသည်။

မိုးနိမိတ်နှင့် ကောက်ပဲသီးနှံနိမိတ်တို့ကို ဟောပြောရသည်။

ပဆန်းသည် ရပ်ရွာတွင် သိက္ခာသမာဓိ ရှိသူ၊ မေတ္တာသစ္စာ တရားနှင့် ပြည့်စုံသူများဖြစ်ကြရသည်။

ပဆန်းလုပ်ငန်းများကို မျိုးရိုးအစဉ်အဆက်အတိုင်း လုပ်ရသည်။

ပဆန်းတစ်ဦးက ဤလုပ်ငန်းကို မလုပ်လိုသောအခါ အခြား တစ်ဦးသို့ လွှဲပေးနိုင်သည်။

ပဆန်းလုပ်ငန်းသည် ထိုရွာများတွင် ဂုဏ်သရေရှိသော လုပ်ငန်းဖြစ်ပါသည်။

ပဆန်း၏အနီးတွင် မုန့်ဖြူ၊ မုန့်နီ၊ ဆန်ဖြူထမင်းတို့ အဆင်သင့် ပြင်ထားသည်။



မိုးနတ်ကြီးတင်ပွဲသို့ လာကြသော တောင်သူမိသားစုတို့သည် အသင့်ပါလာသော လျှော်စာ၊ မနဲ့၊ ကြက်နှင့် ကြက်ဥတို့ကို "ပဆန်း" ခေါ် နတ်ဆရာသို့ အပ်ကြရသည်။

နတ်ဆရာက ထိုစားသောက်ဖွယ်တို့ကို ရေစင်ဖြန်းလေသည်။

တောင်သူကိုယ်တိုင် ကြက်ကို သတ်ရသည်။

သတ်ပြီးတော့ ကြက်ကို အမွေးနှုတ်ကာ အူများကို ထုတ်၍ ကြက်ဖဆိုလျှင် ညာတောင်ပံနှင့် ထိုးကာ နတ်စင်သို့ သွား၍ ချိတ်ဆွဲရသည်။

ကြက်မ,ဆိုလျှင် ဘယ်တောင်ပံနှင့် ထိုးကာ နတ်စင်သို့ သွားရောက် ချိတ်ဆွဲရသည်။

ထို့နောက် ကြက်ကောင်လုံးကို မနဲ့အိုးတွင် ထည့်၍ပြုတ်ကာ တစ်ခြမ်းကို နတ်ဆရာအား ပေး၍ တစ်ခြမ်းကို အိမ်ရှင်က ပြန်ယူရသည်။

ထိုကြက်သားပြုတ်ကို တောက်တောက်စင်း၍ တောင်ဝွေးရွက် စိမ်းနှင့် သုပ်ရသည်။

လျှော်စာမနဲ့နှင့် ငွေးရွက်ပေါင်းများကို နတ်ဆရာသို့ အပ်ရသည်။

ကြက်ပြုတ်စဉ်မှာ အမိဥာန်ပြု၍ ကြက်ဥကို ထည့်ရသည်။

ပြီးလျှင် နတ်ဆရာသို့ တစ်ပါတည်း အပ်ရသည်။

ကြက်ဥပြုတ်ကို အခွံခွာပြီးလျှင် နတ်ဆရာက ကြက်ဥကို ကြည့်၍ နိမိတ်ဖတ်ရသည်။

ကြက်ဥထိပ်သည် တလင်းဖြစ်၏။

ကြက်ဥအနှစ်နေရာသည် ခဲနီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ဖတ်ရာတွင် တလင်းသည် မောက်၍နေပါလျှင် သည်နှစ် စပါးများများရမည်။

ခဲနီပေါက်လျှင် ပြောင်းကောင်းမည် စသည်ဖြင့် ဟော၏။

နတ်စင်တွင် ချိတ်ဆွဲထားသော ကြက်အူ၌ အနက်ပျောက်များ ပေါ်လျှင် သည်နှစ် နှမ်းကောင်းဖို့ သေချာသည်။

နေအတော်အတန်မြင့်လာလျှင် ရွာတွင် ရှိသော ကန်တော့ပွဲများ စုံလာသည်။

ရွာသူရွာသားများလည်း စုံလာသည်။

ဤအခါတွင် နတ်ဆရာသည် မိုးနတ်ကြီးကို ပူဇော်ပသခြင်း လုပ်ငန်း စရတော့သည်။

ကျွန်ုပ်သိက္ခာနှင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုရသည်။

ထိုစဉ် ရွာသူရွာသားတို့သည် နတ်စင်ကို ဦးတိုက်၍ ငြိမ်သက်စွာ နေကြရသည်။

မိမိတို့ တောင်ယာလုပ်ငန်းခွင် အဆင်ပြေရေး၊ မိုးလေဝသ မှန်ကန်ရေးတို့ကို စိတ်ကောင်းစေတနာကောင်းတို့ဖြင့် ငြိမ်သက်စွာ အာရုံပြုကြရသည်။

မိုးကို သူတို့ မြတ်နိုးကြသည်။

မိုးကို နတ်ကြီးအဖြစ် ပူဇော်ပသကြခြင်းဖြစ်သည်။

"ပဆန်း" ခေါ် နတ်ဆရာကြီး၏အသံမှာ ခပ်ဝဲဝဲဖြစ်သည်။

ပုံတောင်ပုံညာတစ်ကြောက ရွာသူရွာသားတိုင်း ယောနယ်ကဲ့သို့ပင် အသံခပ်ဝဲဝဲ ခပ်ဩဩ ဖြစ်သည်။

သို့သော် ယောကဲ့သို့ မမြန်။

အသံခပ်လေးလေးဖြစ်သည်။

ကျန်သူတို့က နားစိုက်ထောင်ကြသည်။





နတ်ဆရာက တည်ငြိမ်သောကျွန်ုပ်ဖြင့် ရွတ်လိုက်သည်။

"အရှေ့ပြေး ထုံးတွေ၊
အနောက်ပုံတောင်ပုံညာ၊
တောင်ဆင်ချပ်ကြီး၊ ဆင်ချပ်ကလေး
မြောက်နှမ်းတားကြီး၊ နှမ်းတားကလေး
ရှိရှိသမျှ နတ်အပေါင်း ကြွပါ၊
ပူဇော်ပသပါသည်။
အရှေ့ကမိုး အနောက်ထုတ်ချင်းပေါက်ပါစေ၊
အနောက်မိုး အရှေ့ထုတ်ချင်းပေါက်ပါစေ၊
တောင်တမိုး မြောက်ထုတ်ချင်းပေါက်ပါစေ၊
မြောက်တမိုး တောင်ထုတ်ချင်းပေါက်ပါစေ၊
လေလာနှောင်း၍ မိုးလာတောင်းပါစေ၊
ကိုတ်တတ်သောမြွေ တွင်းမှာနေလိုက်ပါ၊
ကိုတ်တတ်သောကျား ဝေးရာမောင်းလိုက်ပါ"

ဟု ဆို၍ ကန်တော့ပွဲများကို တင်လေသည်။

နတ်ဆရာ၏ရွတ်ဖတ်ဆုတောင်းသံမှာ အဓိပ္ပာယ်ရှိလေသည်။

သူတို့၏ ပုံတောင်ပုံညာဒေသကို နတ်မြေသတ်မှတ်လိုက်သည်။

အရှေ့ဖက်မှာ ပြေးတောင်သုံးလုံး၊

အနောက်ဖက်မှာ ပုံတောင်ပုံညာ၊

တောင်နှင့်မြောက်မှာ ဆင်ချပ်နှင့် နှမ်းကား နေရာများအထိ သတ်မှတ်လိုက်သည်။

ဆုတောင်းရာ၌ "လေလာနှောင်း၍ မိုးလာစေလိုက်ပါ" ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဒေသများမှာ လေကို ကြောက်သည်။

ပုံတောင်ပုံညာတောင်ကြောအတိုင်း တိုက်လာတတ်သော လေမုန်တိုင်းက သူတို့အရပ်ကို များစွာဒုက္ခပေးတတ်သည်။

ထိုရပ်သူရွာသားတို့က မိုးကို ရွာစေချင်ကြပါသည်။

မိုးကို မျှော်ကြပါသည်။

"ကိုက်တတ်သောကျားကို ဝေးရာမောင်းလိုက်ပါ"

"ကိုက်တတ်သောမြွေကို တွင်းမှာ ခွေလိုက်ပါ" တို့သည် ရွာသူရွာသားတို့၏ဆန္ဒဖြစ်၏။

တောင်ယာလုပ်ငန်းခွင် သွားသောအခါများတွင် ကျားနှင့် တွေ့ရတတ်၏။

မြွေကြီးများနှင့် တွေ့ရတတ်သည်။

ဤအန္တရာယ်များကို ကြောက်၍ သူတို့ ဆုတောင်းရာတွင် ထည့်သွင်းဆုတောင်းကြခြင်းဖြစ်သည်။

မိုးနတ်ကြီးတင်ပွဲမှာ မွန်းတည့်ချိန်လောက်မှ ပြီးသည်။

ရွာသူရွာသားတို့ အလွန်ပျော်ကြသည်။

အချင်းချင်း လဲလှယ်၍ စားသောက်ကြ၊ ရေစင်ဖြန်းကြ၊ ခေါင်ရေ၊ ထန်းရေများ သောက်ကြနှင့် ပျော်ရွှင်ကြသည်။

ပုံတောင်ပုံညာဒေသ၏ရိုးရာဓလေ့ပွဲဖြစ်သော မိုးနတ်ကြီး တင်ပွဲ ကျင်းပချိန်၌ ပုံတောင်ပုံညာဆီမှ မိုးတိမ်တွေ တက်လာပြီး မိုးခြိမ်းသံများပင် ကြားရတတ်သည်ဟု ဆိုလေ့ရှိပေသည်။

ယခုတော့ ထိုဓလေ့များမှာ နေရာအချို့ ရွာအချို့၌သာ ရှိတော့ပြီး အချို့နေရာများမှာ မတွေ့ရတော့ပေ။

သို့သော်လည်း နီမောင်တို့လို တောတောင်အတွင်းသို့ သွားလာနေကြသူများအတွက်ကတော့ သက်ဆိုင်ရာ တောစောင့်နတ်





တောင်စောင့်နတ်များကို တင်မြှောက်ပသကြရသည်။

ပုံတောင်ပုံညာတစ်ကြောမှာ အမေရေယာဉ်နတ်၊ အမေဂျမ်းနတ်တို့အပြင် နတ်မောင်နှမ စသောနတ်များလည်း ရှိကြပေရာ ၎င်းတို့ကိုလည်း တိုင်တည်ပသပြီးမှ မိမိတို့ ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်ကြရလေသည်။

တောထဲတောင်ထဲ သွားလာနေသူများမှာ တောဓလေ့ တောင်ဓလေ့များကို ပစ်ပယ်၍ မရကြပေ။

ယနေ့ နီမောင်တို့သုံးယောက်မှာလည်း တောတက်ကာနီးတွင် သက်ဆိုင်ရာ တောပိုင်တောင်ပိုင်များကို တင်မြှောက်ပသပြီးမှ တောင်ပေါ် တက်လာကြခြင်းဖြစ်သည်။

သူတို့ ဝက်ဝံထောင်ချောက်ဆင်ထားသောနေရာမှာ ဝါးတောများ ပေါသည့် တောင်ကြောတစ်ခုပေါ်၌ ဖြစ်သည်။ ထိုနေရာမှာ ကြီးမားသော သဘာဝကျောက်တုံးကြီးများနှင့် သစ်တောဝါးတောကြီးများ ရှိသည်။

၎င်းတို့ ဆင်ထားသော ထောင်ချောက်မှာ ကျောက်တောင်နှစ်ခုကြား၌ ဖြစ်သည်။

ထိုနေရာတွင် ဂူပေါက်ဝတစ်ခု ရှိပြီး အတွင်းမှာ ဝက်ဝံများ ကြိုက်သောအစာများ ထည့်ထားသော အပြင်မှ ထောင်ချောက်တံခါး တပ်ဆင်ထားခြင်းဖြစ်သည်။

ဝက်ဝံဖြစ်စေ အခြားတိရစ္ဆာန်တစ်ကောင်ကပင်ဖြစ်စေ ဂူထဲမှာ ချထားသော အစာများကို ဝင်ဆွဲပါက မောင်းတံကြိုးနှင့် ထိပြီး မောင်းပြုတ်ကျစေရန် စီမံထားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ထောင်ချောက်ဆင်ရာမှာတော့ စိတ်ရှည်လက်ရှည် စောင့်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ လေးငါးရက် ကြာချင်ကြာတတ်သည်။

သူတို့ တောင်ပေါ် ရောက်သွားသောအချိန်မှာ မွန်းလွဲပိုင်း အချိန်ဖြစ်နေသည်။

ထိုနေ့က နေရောင်ခြည် မရှိဘဲ မိုးအုံ့နေသည်။

ထို့ကြောင့် တောထဲမှာ သစ်ပင်ရိပ်များကြောင့် အနည်းငယ် မှောင်နေသည်။

တောင်ကြားထဲ ရောက်တော့ အအေးဓာတ်များက စိမ့်နေ သည်။

ထောင်ချောက်ဆင်ထားသော ဂူပေါက်ဝနှင့် မနီးမဝေးနေရာ ရောက်တော့ မြေပြင်ပေါ်မှာ ထင်နေသည့် ဝက်ဝံခြေရာများကို တွေ့ရ သည်။

ဝက်ဝံခြေရာများက ထောင်ချောက်ရှိရာဘက်သို့ ဦးတည်သွား နေသည်ကို တွေ့ရသဖြင့် အရေးရှိပါက အဆင်သင့်ဖြစ်စေရန် လက် နက်များကို ထုတ်လိုက်ကြသည်။

သူတို့ ထောင်ချောက်ဆင်ထားသောနေရာမှာ သူတို့ဒေသ တစ်ဝိုက်မှာ နာမည်ကြီးလှသည့် ကျောက်နှာမောင်းသိုက်နှင့် မနီးမဝေး လှသောနေရာလည်းဖြစ်သည်။

ဂူပေါက်ဝနှင့် မနီးမဝေး ရောက်သောအခါ ထောင်ချောက် တံခါးကျနေသည်ကို လှမ်းမြင်ကြရသည်။

"တံခါးတော့ ကျနေပြီ၊ အထဲမှာ ဘာကောင်လဲ မသိဘူး"

သုံးယောက်သား လက်နက်များကို အဆင်သင့်ပြင်ပြီး ထိုနေ ရာသို့ တိုးသွားသောအခါ ဂူအတွင်းမှ အသံအချို့ကို ကြားရသည်။

အတွင်းမှာ ဝက်ဝံနက်ကြီးတစ်ကောင် ရောက်နေသည်ကို လှမ်းမြင်ကြရသည်။





ဝက်ဝံနက်ကြီးကို မြင်တော့ ပထမတော့ သုံးယောက်သား ဝမ်းသာသွားသည်။

နောက်တော့ စိုးရိမ်စိတ် ဝင်သွားကြသည်။ အဘယ်ကြောင့် ဆိုသော် ထိုမျှကြီးမားသော ဝက်ဝံနက်မျိုးကို တစ်ကြိမ်တစ်ခါမှ မတွေ့ ဖူးသောကြောင့်ဖြစ်သည်။

ဝက်ဝံနက်ကြီးမှာ ထောင်ချောက်ထဲမှာ ရောက်နေစေကာမူ ၎င်းကို သတ်ဖြတ်ဖမ်းဆီးရန် လွယ်ကူမည်တော့ မဟုတ်ပေ။ သူတို့ သုံးယောက်အားနှင့် ရနိုင်ပါ့မလားဟု တွေးပူနေမိကြခြင်းဖြစ်သည်။

"ဘယ်လိုလုပ်မလဲ"

"ငါ့တစ်သက်တော့ ဒီလောက်ကြီးတဲ့ ဝက်ဝံမျိုး တွေ့ဖူးသေး ဘူး"

"ငါတို့သုံးယောက်အားနဲ့ ရပ့ါမလား၊ အချိန်ကလည်း နည်းနေ ပြီ၊ တော်ကြာ တောထဲမှာ မှောင်လာတော့မယ်"

"ထောင်ချောက်ထဲ ရောက်နေမှပဲ၊ သူ မထွက်နိုင်တော့ပါဘူး၊ မနက်လင်းတော့မှပဲ ဖမ်းကြရင် မကောင်းဘူးလား"

"နီမောင်ပြောတာ မှန်တယ်၊ ဒီနေရာက ကျောက်နှာမောင်း သိုက်နဲ့ နီးတော့ မှောင်လာရင် နေလို့မကောင်းဘူး၊ နောက်ပြီး ဒီနေရာ မှာ လူတွေ မကြာခဏ ပျောက်နေတာတွေလည်း ရှိတယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ဒီညတော့ မနီးမဝေးမှာ ရှိတဲ့ ဂူပေါက်တစ်ခုထဲမှာ ဝင်နေကြ မယ်၊ မနက်လင်းတော့မှပဲ ဝက်ဝံကို ဖမ်းကြမယ်၊ ငါတို့ချည်း မနိုင်တော့ လည်း ရွာပြန်ပြီး အကူအညီ ပြန်ခေါ်တန် ခေါ်ကြရမှာပေါ့"

ဟု ပြောဆိုနေကြစဉ် တောင်ကြားတစ်ဝိုက်မှာ အလင်းရောင် ပျောက်သွားပြီး အမှောင်ရိပ်များ သမ်းလာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက်ထဲမှာ ရောက်နေသော ဝက်ဝံနက်ကြီးကတော့ အေးအေးဆေးဆေးနှင့်ပင် အိပ်နေလေသည်။





# အခန်း(၆)

# နာနာဘာဝ ဧည့်စားခံရသူများ

နေဝင်သွားသည်နှင့် တောတွင်းမှာ အမှောင်ရိပ်များ သမ်းလာသည်။ တစ်နေ့လုံး ပျောက်နေသော မြူခိုးများ မြူနှင်းများက ရောက်လာသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ဝေ့ဝေ့ဝါးဝါး ဖြစ်လာသည်။

နီမောင်တို့သုံးယောက်မှာ ထောင်ချောက်နှင့် မနီးမဝေး ထောင်ချောက်ကို လှမ်းမြင်ရသောနေရာမှာ ရှိသည့် ဂူပေါက်တစ်ခု အတွင်းမှာ ဝင်နေကြသည်။

ဂူပေါက်ဝမှာ မီးဖိုတစ်ခု ဖိုထားပြီး ပါလာသော အစားအသောက်များကို စားသောက်ရင်း စကားပြောနေကြသည်။ ညဦး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းအချိန်ရောက်လာတော့ တောထဲမှာ အမှောင်ရိပ်များ သမ်းလာသည်။

ညဦးအခါရောက်မှ အစာရှာ ထွက်လာသော တောကောင်ကြီးများအော်သံကို နေရာအနှံ့မှ ကြားလာရသည်။

တောကောင်ကြီးများမှာ နေ့အချိန် အစာရှာထွက်သည့်အခါ အသံတိတ်ဆိတ်စွာဖြင့် အမဲလိုက်လေ့ရှိကြသော်လည်း ညဦးအချိန် အမဲလိုက်သည့်အခါ အသံပေးပြီးတော့ လိုက်လေ့ရှိကြသည်။

သူတို့အသံကြားသည်နှင့် အိပ်နေသော သားကောင်ငယ်ကလေးများမှာ လန့်နိုးလာပြီး ဟိုပြေးဒီပြေးနှင့် တောကောင်ကြီးများ အစွယ်အောက်မှာ အသက်ပျောက်ကြရသည်။

ဒါကလည်း တိရစ္ဆာန်အချင်းချင်း သားကောင်ဖမ်းဆီးသော ပရိယာယ်တစ်မျိုးပင်ဖြစ်သည်။

တောဘုရင်ဟု နာမည်ကြီးသော ကျားများမှာ ညအချိန်တွင် အုပ်စုလိုက် အမဲလိုက်လေ့ရှိကြသည်။

ဆင်ကျုံးသွင်းသကဲ့သို့ ဘေးတစ်ဖက်တစ်ချက်မှ တောခြောက်သံများ ပေးလိုက်ရာ ကြောက်လန့်တကြားနှင့် ပြေးထွက်လာသော သားကောင်ငယ်ကလေးများကို တစ်နေရာမှ စောင့်နေသော တောကောင်များက အလွယ်တကူ ဖမ်းဆီးနိုင်ကြလေသည်။

ထို့ကြောင့် တောနက်အတွင်းမှာ ညအချိန် နေရာအနှံ့အပြားမှ ကျားဟိန်းသံများ ကြားရလျှင် အုပ်စုလိုက် အမဲလိုက်နေခြင်းဖြစ်ကြောင်း သိနိုင်ပြီး လူမုဆိုးများက ရှောင်ပေးကြရသည်။

ဒါကလည်း လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ မုဆိုးအချင်းချင်း စည်းစောင့်ကြခြင်းဖြစ်သည်။

မုဆိုးများအနေဖြင့် နာမကျန်းဖြစ်နေသည့် တိရစ္ဆာန်များ၊





ကိုယ်ဝန်ဆောင်နေရသော တိရစ္ဆာန်များ၊ သားငယ်ကလေးများ ရှိနေသည့် တိရစ္ဆာန်များကိုကို တွေ့သော်လည်း ပစ်ခတ်ဖမ်းဆီးခြင်း မပြုရပေ။ မိမိအသက်အန္တရာယ်ကို ရန်မရှာလျှင် ရှောင်ပေးရသည်။

ထို့အပြင် တိရစ္ဆာန်အချင်းချင်း မိတ်လိုက်နေသောအချိန်နှင့် အစာအတွက် သားကောင်လိုက်နေသောအချိန်များမှာလည်း မသတ်သင့်ကြပေ။

ထိုစည်းကမ်းများကို တောတက်မည့် မုဆိုးတိုင်း သိကြရသည်။ စည်းကမ်းဖောက်မိပါက အန္တရာယ်တစ်ခုမဟုတ်တစ်ခုနှင့် တွေ့ပြီး အသက်ဘေးအန္တရာယ် ကြုံတွေ့ရတတ်ပေသည်။

(အခြားစာအုပ်များတွင် အလျဉ်းသင့်ပါက တောတောင် မာယာများအကြောင်းနှင့် မုဆိုးများ စောင့်ထိန်းအပ်သော စည်းကမ်းများအကြောင်းကို ရေးသားပါဦးမည်)

နီမောင်တို့သုံးယောက် စကားတပြောပြောနှင့် စောင့်နေကြစဉ် ညဦးပိုင်းအချိန်ရောက်သောအခါ ပတ်ဝန်းကျင်၌ အမှောင်ထု များလာလေသည်။

သို့သော်လည်း ကောင်းကင်ပြင်မှာ လရောင်ရှိနေသည်။ လရောင်က သစ်ပင်ရိပ်များကြားမှ ကြိုကြားကျဆင်းနေလေသည်။

ထိုအခိုက်မှာပင် တောထဲမှ တောတိုးသံများ ကြားလာရသည်။ လှမ်းကြည့်လိုက်တော့ မည်းမည်းသဏ္ဍာန်အချို့ တိုးထွက်လာသည်ကို လှမ်းမြင်ရသည်။

နီမောင်တို့မှာ တောတောင်ထဲမှာ ကြီးပြင်းလာသူများဖြစ်သောကြောင့် ထိုကဲ့သို့သော အတွေ့အကြုံမျိုးက သူတို့အတွက် မထူးဆန်းလှပေ။

မည်းမည်းသဏ္ဍာန်များမှာ ပုံပန်းသဏ္ဍာန်အမျိုးမျိုး ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အချို့က အကောင်အထည်ကြီးပြီး အချို့က သေးသည်။ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနှင့် ကြောက်စရာကောင်းသော မျက်နှာမျိုးလည်း ပါသည်။

အချို့က တစ်ကိုယ်လုံး အမွေးအမှင်များ ဖုံးနေပြီး အချို့ကတော့ တစ်ကိုယ်လုံး ပြောင်ချောနေပြီး ပိုးတီကောင်ကဲ့သို့ ဖြစ်နေသည်။

ထိုအထဲမှ အကောင်အကြီးဆုံး၊ ဘီလူးနှင့်တူသော သတ္တဝါတစ်ကောင်က ဂူပေါက်ဝအထိ ရောက်လာပြီး အမျိုးမျိုး ခြောက်လှန့်နေလေတော့သည်။

သို့သော်လည်း ဂူပေါက်ဝမှာ ဖိုထားသော မီးပုံကို ကျော်မဝင်လာသောကြောင့် ဂူထဲမှာ ရှိနေကြသည့် လူသုံးယောက်တို့မှာလည်း အေးအေးဆေးဆေးပင် ရှိနေကြသည်။

အချိန်တန်လျှင် ပြန်သွားလိမ့်မည်ဟု သဘောထားကာ လက်ဖက်ရည်ကြမ်း အသောက်ပင် မပျက်ကြပေ။ သူတို့က မကြောက်လေ၊ ဂူပေါက်ဝမှာ ခြောက်လှန့်နေသော နာနာဘာဝကလည်း ပိုမိုခြောက်လှန့်လေဖြစ်သည်။

တစ်ခုတော့ ရှိသည်။ ဂူပေါက်ဝမှ ခြောက်လှန့်နေသည့် နာနာဘာဝက ဂူအတွင်းသို့ ဝင်မလာနိုင်စေကာမူ ဂူထဲမှာ ရှိနေကြသည့် လူသုံးယောက်မှာလည်း မအိပ်ဝံ့ကြ ဟုကြောင့် ဒီအတိုင်းပင် ထိုင်နေကြရသည်။

သန်းခေါင်ယံအချိန် ရောက်သောအခါ တစ်နေရာဆီမှ ကျောက်မောင်းထုသံများ ပေါ်လာလေတော့သည်။

"ဒူ. . . ဒူ. . . ဒူ. . . ဒူ"

ထိုအသံများ ကြားသောအခါ သုံးယောက်သား မျက်လုံးပြူးသွားကြသည်။





သရဲခြောက်နေသည်ကို သိပ်မကြောက်ကြသော်လည်း ကျောက်မောင်းထုသံများကိုတော့ ကြောက်ကြသည်။

"ကျောက်မောင်းထုသံ မဟုတ်လား"

"ဟုတ်တယ်"

"ကျောက်နှာမောင်းသိုက်ဆီက ကျောက်မောင်းထုသံ ကြားရရင် လူစားတယ်လို့ ပြောသံကြားဖူးတယ်"

နီမောင်စကားကြောင့် သရဲမကြောက်တတ်ကြသည့် စောထီးနှင့်ငမဲအောင်တို့ပင် မျက်လုံးပြူးသွားကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

"အပြင်မှာလည်း သရဲတစ္ဆေတွေ အများကြီးပဲ၊ ဘယ်လိုမှ လုပ်လို့မရဘူး၊ ဒီအတိုင်းပဲ နေရမှာပဲ"

သူတို့ပြောနေစဉ်မှာ နောက်ထပ် ကျောက်မောင်းထုသံများ ပေါ်လာပြန်သည်။

"ဒူ. . ဒူ. . ဒူ. . ဒူ. . ဒူ"

ပထမ ကြားရစဉ်က မောင်းသံ(၄)ချက်။ နောက်ထပ်(၅)ချက်ထပ်ကြားရသောအခါမှာ အခြေအနေက ပြောင်းလဲသွားလေတော့သည်။

ဂူပေါက်ဝမှ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လာရောက်ခြောက်လှန့်နေသော မကောင်းဆိုးဝါးများမှာ ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြလေသည်။

"တယ်ဆန်းပါလား"

ကျောက်မောင်းကိုးချက်ထိုးသံ ပေါ်လာပြီး မရှေးမနှောင်းမှာ တောင်ကြားတစ်ဝိုက်တွင် အလင်းရောင်များ ဖြာထွက်လာလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုအလင်းရောင်များမှာ ဆလိုက်မီးရောင်ပမာ ဝင်းလက်နေပြီး ဟိုမှဒီမှ ဖြတ်သန်းနေသည်။

အချို့အလင်းရောင်များက ဂူပေါက်များအတွင်းသို့ပင် ရောက်လာကြသည်။

နီမောင်က ဂူပေါက်ဝမှ လှမ်းကြည့်ရာ အလင်းရောင်များ ဖြာထွက်နေသော အလုံးတစ်လုံးမှာ ဟိုနေရာမှ ဒီနေရာ ကူးလူးသွားလာနေသည်ကို မြင်တွေ့ရသည်။ ထိုအလုံးမှာ အခြားနေရာသို့လည်း ထွက်မသွားဘဲ ထိုနေရာတစ်ဝိုက်မှာပင် ကူးလူးသွားလာလျက်ရှိသည်။

ထိုအလုံးမှ ဖြာထွက်နေသော အလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကို မြင်နိုင်သော်လည်း ထိုနေရာတစ်ဝိုက်မှာပင် ကူးလူးသွားလာလျက်ရှိသည်။

ထိုအလုံးမှ ဖြာထွက်နေသော အလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကို မြင်နိုင်သော်လည်း ထိုနေရာတစ်ဝိုက်တွင် သက်ရှိသတ္တဝါဟူ၍ ဘာမှမတွေ့ကြရပေ။

"နီမောင်. . . အလင်းရောင်တွေ ထွက်နေတာ ဘာအလုံးကြီးလဲ"

"ငါလည်း ဘယ်သိပါ့မလဲ"

"ရွာက ကိုသိန်းပြောတဲ့အထဲမှာ "ကိုစိန်မှတ် ပျောက်သွားတုန်းက တွေ့လိုက်ရတယ်ဆိုတဲ့ အလင်းရောင်က ဒါများ ဖြစ်မလားမသိဘူး"

စောထီးက တိုးတိုးမေးသော်လည်း နီမောင်ကတော့ ဘာမှပြန်မပြောဘဲ လှုပ်ရှားသွားလာနေသော အလင်းရောင်များ သွားရာသို့ လိုက်ကြည့်နေသည်။

ထိုအရာဝတ္ထုမှာ ပိတုန်းတစ်ကောင်ကဲ့သို့ တစ်နေရာမှတစ်နေရာ သွားလာနေရင်းမှ သူတို့ရှိနေသောဂူအနီးသို့ပင် ရောက်လာလေသည်။



ဂူအတွင်းသို့ ရောက်လာလေမလားဟု စိုးရိမ်စိတ်ဖြင့် ကြည့်နေသော်လည်း ရောက်မလာဘဲ အနီးရောက်တော့မှ အခြားနေရာသို့ ပြန်လှည့်သွားလေသည်။

အတန်ကြာတော့ ဝက်ဝံကြီး မိထားသော ဂူပေါက်ဝဘက်မှ ဝက်ဝံအော်သံတစ်ချက် ကြားလိုက်ရသည်။

"ဝက်ဝံအော်သံ မဟုတ်လား၊ ဘာဖြစ်လို့လဲ မသိဘူး"

"အလင်းရောင် တွေ့လို့ လန့်အော်တာလည်း ဖြစ်နိုင်တယ်"

"မဟုတ်ဘူး. . . အော်သံက စူးစူးဝါးဝါးအော်သံဆိုတော့ တစ်ခုခုများ ဖြစ်နေသလား"

"ဖြစ်လည်း အခု သွားကြည့်လို့မှ မရတာ၊ အလင်းရောင်ရတော့မှပဲ သွားကြည့်ကြတာပေါ့"

ဟုသာ ပြောလိုက်ရသော်လည်း နီမောင်ကိုယ်တိုင်မှာပင် ထိုနေရာသို့ သွားကြည့်ချင်စိတ် ဖြစ်နေသည်။

အတန်ကြာတော့ ကျောက်မောင်းတီးသံလည်း ထပ်မကြားရတော့ဘဲ မြင်နေရသော အလင်းရောင်များလည်း ပျောက်ကွယ်သွားလေသည်။

ပတ်ဝန်းကျင်မှာ အမှောင်ထုများ ပြန်ဖုံးသွားပြီး လရောင်အချို့သာ တစ်စွန်းတစ်စ ကျန်ခဲ့တော့သည်။

ထိုလရောင်ကြောင့်ပင် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်ကြသည်။ အပြင်ဘက်သို့ လှမ်းကြည့်တော့ လှုပ်ရှားမှုများ ဘာမှမတွေ့ရတော့ပေ။

အချိန်ကလည်း သန်းခေါင်ယံကျော်နေပြီမို့ မကြာမီ အရှေ့ဦး

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်များ လာတော့မည်ဖြစ်သည်။

သုံးယောက်သား တစ်မှေးမှ မအိပ်ကြရသေးဘဲ အခြေအနေကို စောင့်ကြည့်နေသော်လည်း နောက်ထပ် မည်သည့်အသံမှ မကြားရတော့မှ နီမောင်က ပြောသည်။

"သွားကြည့်ကြမလား"

"သွားကြည့်တော့ အဖြေသိရတာပေါ့"

"အပြင်မှာ သရဲတွေ မရှိတော့ဘူး မဟုတ်လား"

"မရှိတော့ပါဘူး. . . ဒီလောက်ကြောက်မနေစမ်းပါနဲ့၊ သွားကြည့်ကြမယ်"

ဟု ပြောပြီး ဓားလှံများကို ယူ၍ နီမောင်က ဦးဆောင်ကာ ရှေ့မှ ထွက်လေသည်။

စောထီးနှင့်ငမဲအောင်ကလည်း နောက်မှ ထွက်လိုက်လာသည်။ အပြင်ဘက်ရောက်တော့ အခြေအနေကို ကြည့်သည်။

စောစောက ထိုနေရာတစ်ဝိုက်တွင် မကောင်းဆိုးဝါးများ ရှိနေသော်လည်း ယခုတော့ ရှင်းနေသည်။

မကောင်းဆိုးဝါး၊ နာနာဘာဝများပင် မဆိုထားနှင့်၊ အခြားတိရစ္ဆာန်တစ်ကောင်တစ်လေမျှပင် မတွေ့ရပေ။

သို့ကြောင့် စိတ်ထဲမှာ အနည်းငယ် သက်သာသွားကာ ထောင်ချောက်ဆင်ထားသော ဂူပေါက်သို့ ခပ်သုတ်သုတ် သွားကြလေသည်။

ထိုနေရာရောက်ပြီး အတွင်းလှည့်ကြည့်လိုက်သောအခါ အတွင်း၌ ဝက်ဝံကြီး မရှိတော့ပေ။

မိမိတို့ မျက်စိမှားလေရော့သလားဟု အသေအချာ ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

နီမောင်က ထောင်ချောက်တံခါးကို ဖျက်ပြီး ထွက်သွားသည်



အထင်နှင့် တံခါးကို စမ်းကြည့်တော့လည်း တံခါးက ခြေရာလက်ရာ မပျက်နှင့်ပင် အခိုင်အမာ ရှိနေသည်။

"တံခါးလည်း မပျက်ဘူး၊ အထဲက ဝက်ဝံကြီး ဘယ်လိုထွက်ပြေးသွားတာလဲ"

"အတွင်းများ ဝင်နေသလား"

"ဂူထဲမှာ ဝင်စရာအပေါက်မှ မရှိတာ၊ စောစောကတင် ဒီနားမှာ အိပ်နေသေးတာပဲ"

"ဒါဖြင့် တံခါးဖျက်ပြီး ထွက်သွားတာများလား"

သုံးယောက်သား သစ်လုံးတံခါးသို့ စစ်ကြည့်လိုက်တော့ ခြေရာလက်ရာမပျက်ပင် ရှိနေသည်ကို တွေ့ရသောကြောင့် အံ့ဩသွားကြလေသည်။

ထိုအခိုက်မှာပင် သူတို့ပတ်ဝန်းကျင်မှ တောတိုးလာသော ခြေသံများကို ကြားရသည်။

လှည့်ကြည့်လိုက်တော့ တောထဲမှ ထွက်လာသော မည်းမည်းသဏ္ဌာန်များ၊ တောင်များနောက်မှ ထွက်လာသော မည်းမည်းသဏ္ဌာန်များ၊ ဂူပေါက်များအတွင်းမှ ထွက်လာသော မည်းမည်းသဏ္ဌာန်များကို တွေ့ရသည်။

မနီးမဝေး ရောက်လာတော့မှ ထိုသဏ္ဌာန်များမှာ အခြားမဟုတ်ဘဲ နာနာဘာဝ၊ မကောင်းဆိုးဝါးများဖြစ်သည်ကို သိကြရသည်။

"မကောင်းဆိုးဝါးတွေ ပြန်ရောက်လာပြီ. . . ဘယ်လိုလုပ်ကြမလဲ"

"ငါတို့မှာ ဓားတွေ လှံတွေပဲ ပါတယ်၊ မကောင်းဆိုးဝါးတွေကို နှိမ်နင်းနိုင်တဲ့ဆေးဝါးမှ မပါတာ၊ ပြေးကြရုံပဲ ရှိတာပေါ့ကွာ"

ထိုသို့ပြောလိုက်သည်နှင့် သုံးယောက်သား ဘေးလွတ်ရာသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးကြလေသည်။

ကြောက်ကြောက်လန့်လန့်ဖြင့် ပြေးကြရသည်မို့ အရှေ့ အနောက် တောင်မြောက် မရွေးအားတော့ဘဲ ခြေဦးတည့်ရာ ပြေးရခြင်းပင်ဖြစ်သည်။

သူတို့ထွက်ပြေးသည်ကို မြင်သောအခါ နောက်မှ မကောင်းဆိုးဝါးများကလည်း ပြေးလိုက်လာကြလေသည်။

"လိုက်ကြဟေ့. . . လိုက်ကြ"

"အလွတ်မပေးကြနဲ့. . . ဖမ်းမိတာနဲ့ သတ်ပစ်ကြ"

ထိုကဲ့သို့ ညာသံပေးပြီး လိုက်လာသောအသံများကိုပါ အတိုင်းသား ကြားရသောအခါ ရပ်နားမနေဝံ့တော့သဖြင့် တရကြမ်း ပြေးကြရသည်။

ငင်းတို့သုံးယောက်မှာ တောကျွမ်းသူများပင်ဖြစ်ကြစေကာမူ အလင်းရောင် မရှိသော တောထဲတောင်ထဲမှာ ပြေးရသည်ကတော့ မလွယ်လှပေ။

တစ်နေရာ ရောက်တော့ လူချင်း ကွဲသွားလေသည်။ နီမောင်က တစ်နေရာ၊ ကျန်နှစ်ယောက်က တစ်နေရာ ဖြစ်သွားလေသည်။

နီမောင်မှာ ပြေးရင်းလွှားရင်းနှင့် ကျောက်စွန်းတစ်ခုနှင့် တိုက်မိပြီး လဲကျသွားရာ တောင်ကြားတစ်ခုအတွင်းသို့ ကျသွားလေတော့သည်။ ငင်းထံမှ ပေါ်ထွက်လာသော အော်သံကိုတော့ ကျန်နှစ်ယောက်က မကြားနိုင်တော့ပေ။

နီမောင်ခမျာလည်း သတိလစ်သွားလေတော့သည်။





# အခန်း(၇)

# တောနက်တွင်းမှ ကယ်တင်ရှင်

အချိန်မည်မျှကြာအောင် သတိမေ့နေသည် မသိပေ။ သတိရလာတော့ မျက်နှာပေါ်သို့ နေရောင်ခြည်များ ထိုးကျနေသဖြင့် စပ်ဖျဉ်းဖျဉ်း ဖြစ်နေသည်။

ထို့ထက် ဒူးဆစ်တစ်ခုမှာ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲနေသည်။

သူ မျက်လုံးဖွင့်ကြည့်လိုက်တော့ မနီးမဝေး သစ်နက်တစ်ခုပေါ်မှာ နားနေသော လင်းတကြီးတစ်ကောင်ကို တွေ့ရသည်။ လင်းတကြီးက နီရဲသောမျက်လုံးများဖြင့် သူ့ကို ငုံ့ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဖွင့်ကြည့်လိုက်တော့မှ သစ်နက်အပေါ်မှ ထပ်ပြဲသွား လေတော့သည်။

"သေ့တောင် မသေသေးဘူး၊ စားမယ့်သောက်မယ့်သတ္တဝါက အဆင်သင့် လာစောင့်နေတယ်"

ဟု စိတ်ထဲမှ မကျေမနပ် တွေးလိုက်မိသော်လည်း လှုပ်ကတော့ လှုပ်မရတော့ပေ။

"ဒူးဆစ်က နာလိုက်တာ၊ အရိုးကျိုးသွားပြီလား မသိဘူး၊ ဒီ အတိုင်းဆိုရင် လမ်းလျှောက်နိုင်တော့မယ် မထင်ဘူး"

နီမောင်က တစ်ယောက်တည်း တွေးရင်း နေရာမှ ထရန် ကြိုးစားကြည့်သည်။

မရပေ. . .။

ဒူးဆစ်တစ်ခုလုံး နာကျင်ကိုက်ခဲနေပြီး ထောက်မရသော ကြောင့် နေရာမှာပင် ပြန်လဲကျသွားသည်။

"အား. . . နာလိုက်တာ၊ ငါ ဘယ်နေရာ ရောက်နေတာပါ လိမ့်၊ ညက သရဲတစ္ဆေတွေ လိုက်လို့ ပြေးရင်းနဲ့ ဘယ်နေရာများ ရောက် နေတာပါလိမ့်"

ဟု တွေးပြီး ပတ်ဝန်းကျင်ကို ကြည့်တော့လည်း ကျောက်တုံး ကျောက်ဆောင်များနှင့် သစ်ပင်ကြီးများသာ တွေ့ရပြီး အခြားထူးထူး ခြားခြားတော့ ဘာမှ မတွေ့ရပေ။

"စောထီးနဲ့ငမဲအောင်တို့လည်း ဘယ်များ ရောက်ကုန်ကြပြီလဲ မသိဘူး"

ဟု စဉ်းစားပြီး တောခေါ်လေ့ရှိတိုင်း အူသံပေးလိုက်လေသည်။

"အူ. . . ဝူ. . . ဝူ"

"အူ. . . ဝူ. . . ဝူ"





သူ့အူသံကြောင့် တောင်နံရံများမှ ပဲ့တင်သံများ ပြန်လာလေ သည်။

အခြားနေရာများမှတော့ မည်သည့်အသံမှ မကြားရပေ။

သူ့အနေနှင့် လူသာ မလှုပ်နိုင်တော့ဘဲ အသံပေးရုံသာ တတ် နိုင်တော့သဖြင့် အူသံပေးကြည့်သော်လည်း တုံ့ပြန်မှု မရပေ။

"ငါဘယ်လိုလုပ်ရမလဲ. . . ခြေထောက်ကလည်းနာ၊ ဗိုက်ထဲ ကလည်း ဆာလိုက်တာ၊ ဒီအတိုင်းသာဆိုရင်တော့ တစ္ဆေသရဲ လက် ချက်နဲ့ မသေဘဲ အစာငတ်ပြီး သေရလိမ့်မယ် ထင်ပါရဲ့"

ဟု တွေးနေစဉ် နားထဲမှာ ခြေသံလိုလို ကြားလာရသည်။ တောထဲမှ ထွက်လာသောခြေသံဖြစ်သည်။

သစ်ရွက်ခြောက်များအပေါ်မှ ခပ်ဖွဖွ နင်းလျှောက်လာသော ခြေသံမျိုး ဖြစ်သဖြင့် လူတစ်ယောက် နင်းလာသောခြေသံမျိုး မဟုတ် မှန်းတော့ သိလိုက်သည်။

ယခင်က သူသည် သားကောင်လိုက်သော မုဆိုးတစ်ကောင် ဖြစ်ခဲ့သည်။ ယခုတော့ တောကောင်အလိုက်ခံရသည့် သားကောင်ဘဝ အဖြစ်မျိုး ပြန်လည်ရောက်နေချေပြီ။

မတတ်နိုင်တော့ပေ. . .။

ခြေသံက တဖြည်းဖြည်းနှင့် နီးလာသောကြောင့် အသံကြားရာ ဘက်သို့ လှည့်ကြည့်လိုက်သည်။

သစ်ပင်များကြားမှ အဝါရောင်အကျားဖြင့် ဦးခေါင်းအဝိုင်းကြီး တစ်လုံး တိုးထွက်လာသည်။

တောကောင်ကြီးပင်ဖြစ်သည်။

ဒီတစ်ကြိမ်တော့ နီမောင့်အခြေအနေက လည်စင်းခံရမည့် အခြေအနေမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှ ထွက်လာသော တောကောင်ကြီးက လူကို မြင်သော်လည်း ချက်ချင်းဝင်မလာသေးဘဲ အခြေအနေကို ကြည့်နေသေးသည်။

တောကောင်တို့သဘာဝ လူနှင့် မျက်နှာချင်းဆိုင် တွေ့နေရသော်လည်း ရုတ်တရက် မဝင်ဝံ့ကြပေ။

သို့သော်လည်း သားကောင်ကို တွေ့နေရပြီဖြစ်သောကြောင့် ကြာကြာတော့ ထိုင်ကြည့်နေမည် မဟုတ်ပေ။ အခြေအနေ သိရသည်နှင့် ဝင်ဆွဲတော့မှာ အသေအချာပင်ဖြစ်၏။

၎င်းက နီမောင်နှင့် မနီးမဝေးမှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း အခြေအနေ ကြည့်နေလေသည်။

နီမောင်အနေနှင့် လက်နက်လည်း မရှိ၊ ထလည်း မထနိုင်သဖြင့် လည်စင်းခံရုံသာ ရှိတော့သည်။

အတန်ကြာအောင် အကဲခတ်နေသော တောကောင်ကြီးက သူ့ရှေ့မှ လူ၏အခြေအနေကို သဘောပေါက်သွားဟန်ဖြင့် ပါးစပ်ဖြဲကာ တစ်ချက်ဟိန်းလိုက်သည်။

"ဝေါင်း. . ."

နီမောင်က မျက်စိမှိတ်ထားလိုက်သည်။ တောကောင်က သူ့အပေါ်သို့ ခုန်အုပ်တော့မည့်ဟန် ပြင်လိုက်သည်နှင့် တစ်နေရာမှ ထွက်လာသော အသံတစ်သံကြောင့် အရှိန်တန့်သွားသည်။

"ဟဲ့. . . မိစ္ဆာကောင်. . . ဝေးရာသွားစမ်း"

ထိုအသံကြောင့် တောကောင်ကြီးမှာ ဟင်းခွက်နှိုက်ရန် ကြံနေရာမှ လူမိသွားသဖြင့် မောင်းထုတ်ခံရသော ကြောင်တစ်ကောင်ပမာ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

နီမောင်က အသံကြားရာသို့ တအံ့တဩဖြင့် လှမ်းကြည့်လိုက်





သောအခါ တောင်ဝှေးတစ်ချောင်း၊ လွယ်အိတ်တစ်လုံး လွယ်ထားသော အဘိုးကြီးတစ်ယောက်ကို မြင်ရလေသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများက အဖြူရောင်များဖြစ်ပြီး ရှည်လျားစွာ ရှိသည်။

သူက နီမောင့်အနီးသို့ လျှောက်လာပြီး ငုံ့ကြည့်သည်။

"ဒဏ်ရာရနေတာလား"

"ဟုတ်ပါတယ် အဘ"

"မထနိုင်တော့ဘူးလား"

နီမောင်က အညှိအမည်းစွဲပြီး ယောင်နေသော ဒူးဆစ်နေရာကို ပြသည်။

"အခြေအနေက မကောင်းလှဘူး။ မြန်မြန်မကုရင် ဒူးဆစ်ဖြတ်ပစ်ရလိမ့်မယ်၊ မင်းကို ငါနေတဲ့နေရာ ခေါ်သွားပြီး ဆေးကုပေးရမယ်"

ဟု ပြောကာ လွယ်အိတ်အတွင်းမှ ဆေးရည်ထည့်ထားသော ပုလင်းကို ထုတ်ယူပြီး ဆေးရည်အချို့ကို နီမောင်ကို တိုက်ပေးလိုက်ရာ ခဏကြာတော့ အိပ်ပျော်သွားလေတော့သည်။

ဒီတစ်ကြိမ် သတိပြန်ရလာသောအခါ တောထဲမှာ မဟုတ်တော့ပေ။ အဆောက်အဦးတစ်ခုအတွင်း၌ ဖြစ်သည်။

ကြည့်လိုက်သောအခါ အိမ်တစ်လုံးအတွင်းမှာ ရောက်နေခြင်း ဖြစ်ကြောင်း သိရလေသည်။

"ငါ ဘယ်နေရာ ရောက်နေတာပါလိမ့်"

ဟု စဉ်းစားကာ ဒဏ်ရာရထားသောနေရာသို့ ကြည့်လိုက်သောအခါ ဆေးများဖြင့် ပတ်တီးစည်းထားသည်ကို တွေ့ရသည်။ ထိုနေရာမှ တဆစ်ဆစ် နာကျင်ကိုက်ခဲနေသည်။

အချိန်မှာ ညဦးပိုင်းအချိန် ရောက်နေဟန်ရှိသည်။ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်မှာ မှောင်နေသော်လည်း အိမ်ထဲမှာတော့ သစ်မွှေးဆီတစ်မျိုး ထည့်ထားသော မီးခွက်များ ထွန်းထားရာ အလင်းရောင် ရနေသည့် အပြင် သင်းပျံ့သောရနံ့များလည်း ရနေသည်။

တစ်နေ့လုံး ဘာမှ မစားထားရသေးသောကြောင့် ဗိုက်ထဲမှာ ဆာလောင်နေလေသည်။

နေရာမှ ထကြည့်တော့ ထိုင်၍ရသော်လည်း ဟိုနေရာ ဒီနေရာ ထသွားရန်တော့ ခြေထောက်က မထောက်နိုင်သေးပေ။

"ဒုက္ခပါပဲ. . . ဒီခြေထောက် မထောက်နိုင်ရင်တော့ လမ်းလျှောက်လို့ ရမှာမဟုတ်ဘူး၊ ငါ အခု ဘယ်နေရာ ရောက်နေတာလဲ၊ ငါပျောက်နေတာ သိရင်တော့ အဖေအမေတို့ စိတ်ပူနေကြတော့မှာပဲ"

ဟု တွေးမိလေသည်။

ထိုနှင့်တဆက်တည်း အခြားအကြောင်းများကပါ ခေါင်းထဲဝင်လာလေသည်။

"ငါပျောက်နေမှန်း သိရင်တော့ စောထီးနဲ့ငမဲအောင်တို့ကတော့ လိုက်ရှာကြမှာပါ၊ နောက်ပြီး ငါတို့အိမ်မှာလည်း ဆရာကြီးနှစ်ယောက် ရောက်နေတာပဲ၊ သူတို့လည်း နေမယ်မထင်ပါဘူး၊ အင်း. . . ငါကသာ ဒီလိုတွေးနေတာ၊ ငါ အခုရောက်နေတာ လူ့လောကမှာမှ ဟုတ်ရဲ့လား၊ ချောက်ထဲ ကျသေပြီး တမလွန်ဘဝများ ရောက်နေတာများလား"

ဟု ဇဝေဇဝါ တွေးနေမိသည်။

လောလောဆယ်တော့ ထိုမျှ တွေးနေရုံသာ တတ်နိုင်လေသည်။ အကယ်၍ အသက်မသေခဲ့လျှင်တောင်မှ လမ်းမလျှောက်နိုင်သေးသောကြောင့် မည်သည့်နေရာမှ သွားနိုင်ဦးမည် မဟုတ်ပေ။

ထိုအခိုက်မှာပင် သူ့အနီးသို့ လူတစ်ယောက် ရောက်လာ





သည်။ တောထဲမှ သူ့ကို ကယ်တင်လာသော အဘိုးကြီးပင်ဖြစ်သည်။

"နေကောင်းသွားပြီလားကွယ့်"

"ဟုတ်ကဲ့. . . လူကတော့ ကောင်းနေပါပြီ၊ ဒူးဆစ်ကတော့ အတော်နာနေတယ်၊ ခြေထောက်မထောက်နိုင်သေးဘူး"

"အသက်မသေတာပဲ ကံကောင်းတယ်လို့သာ မှတ်ပေတော့၊ ဒီလောက်မြင့်တဲ့ချောက်ထဲ ကျတာ ခြေထောက်ဒဏ်ရာရရုံ ဆိုတော့ တော်သေးတာပေါ့ကွယ်"

"ကျွန်တော့်အသက်ကို ကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အဘ၊ ဒါထက် ကျွန်တော် အခု ဘယ်နေရာ ရောက်နေတာလဲဟင်"

"မင်းအခုရောက်နေတာ အဘတို့ရွာပါပဲ၊ အခုရောက်နေတာကလည်း အဘတို့အိမ်ပါပဲ"

"ကျွန်တော်က တောင်ရိုးရွာကပါ၊ ဒါထက် ဒီရွာနာမည်က ဘာလဲဟင်"

"ကျောက်နှာမောင်းရွာလို့ ခေါ်တယ်ကွယ့်"

"ဗျာ. . . ကျောက်နှာမောင်းရွာ ဟုတ်လား၊ ကျွန်တော်လည်း တစ်ခါမှ မကြားမိဖူးပါလား၊ ဘယ်နေရာမှာ ရှိတာလဲဟင်"

"ပုံတောင်ပုံညာသစ်တောထဲမှာ ရှိတဲ့ ရွာတစ်ရွာပဲပေါ့ကွယ်၊ အဘတို့က တခြားလူတွေနဲ့ အဆက်အသွယ် မလုပ်ကြဘဲ သီးခြားနေကြတာဆိုတော့ အဘတို့ရွာရှိတာကို ဘယ်သူမှ မသိကြဘူးပေါ့"

ထိုစကားကြားကြောင့် အံ့ဩသွားလေသည်။

"ဒီစကားကြားတော့ မင်းအတော်အံ့ဩနေတယ် မဟုတ်လား၊ ပုံတောင်ပုံညာတောင်ကြီးတွေရဲ့ပတ်ဝန်းကျင်မှာ ရှိတဲ့ သစ်တောကြီးတွေထဲမှာ မင်းတို့ မတွေ့နိုင်တဲ့နေရာတွေ ရွာတွေ အများကြီး ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်"

ထိုစကားကိုတော့ နီမောင့်အနေဖြင့် လက်ခံရပေမည်။ အဘယ်ကြောင့်ဆိုသော်. . .

ချင်းတောင်တန်းများဘက်တွင် လူသူမရောက်သေးသည့် နေရာများ၊ ပြင်ပလူများဖြင့် အဆက်အသွယ် မလုပ်ကြဘဲ သီးခြားနေကြသောရွာများ ရှိနေသေးကြောင်းကို သတင်းကြားဖူးသောကြောင့်ပင် ဖြစ်၏။

အနောက်ဘက် တောင်တန်းကြီးများပေါ်မှာ နေထိုင်သော နာဂရွာများမှာ လူစိမ်းများ အဝင်မခံ၊ အသိမခံသော သီးခြားနေရာများ ဖြစ်ကြလေသည်။

ယခု တောင်နှာမောင်းရွာဆိုသည်မှာလည်း ထိုကဲ့သို့သော နေရာမျိုးဖြစ်မည်ဟု စိတ်ထဲမှ တွေးမိလေသည်။

"အဘတို့က ဘာကြောင့် ပြင်ပလူတွေနဲ့ အဆက်အသွယ် မလုပ်ကြတာလဲဟင်"

"ပြင်ပလူတွေနဲ့ ဆက်ဆံတော့ အပူကူးတာပေါ့ကွယ်၊ လူတွေမှာ အပူမီးက တစ်ခုမဟုတ် တစ်ခုတော့ ရှိနေကြတာ မဟုတ်လား"

"ဟုတ်ပါတယ်. . . အခု ကျွန်တော်တောင်မှ အဘတို့ကို လာပြီး ဒုက္ခပေးသလို ဖြစ်နေပြီ"

"ဒါကတော့ ကြုံကြိုက်လို့ အကူအညီပေးရတာပဲကွယ်. . . အပူမဟုတ်ပါဘူး"

"ကျွန်တော် ဒီမှာ ရက်ကြာကြာများ နေရမလား မသိဘူး"

"ဒဏ်ရာပျောက်တဲ့အထိတော့ နေရမှာပေါ့ကွယ်၊ မင်းဒဏ်ရာက နည်းတာမှ မဟုတ်တာ၊ ဒဏ်ရာအကင်းမသေဘဲ သွားရင် ခြေထောက်ပုတ်ပြီး ဖြတ်ပစ်ရတဲ့အထိ ဖြစ်နိုင်တယ်"





ဟု ပြောသဖြင့် နောက်ထပ်မပြောဝံ့တော့ပေ။

"မင်းလည်း သတိမေ့နေတာ တစ်ညနဲ့တစ်နေ့ ရှိနေပြီဆိုတော့ ဆာနေရော့မယ်၊ တော်ကြာမှ အဘမြေးတွေကို အစားအသောက်တွေ လာပို့ပေးကြပါလိမ့်မယ်"

ဟု ပြောပြီး အဘိုးကြီးက ပြန်သွားလေသည်။

အတန်ကြာတော့ အစားအသောက်များ ထည့်ထားသောဗန်းကို ကိုင်ပြီး အမျိုးသမီးတစ်ယောက် ရောက်လာသည်။

မီးရောင်ဖြင့် သူမမျက်နှာကို မြင်တော့ နီမောင့်စိတ်ထဲ အံ့သြသွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သူမမျက်နှာမှာ တောင်ရိုးရွာမှ နှင်းမေမျက်နှာနှင့် အတော်ကလေး တူနေသောကြောင့်ဖြစ်သည်။ သူမက အနားရောက်တော့ ပြုံး၍ နှုတ်ဆက်ပြီး ယူလာသော အစားအသောက် ထည့်ထားသောဗန်းကို နီမောင်ရှေ့မှာ ချပေးသည်။

"အစ်ကို ဆာနေရောပေါ့. . . စားလိုက်ပါဦး"

ဟု ပြောသည်။

"ကျေး. . ကျေးဇူးတင်ပါတယ်ဗျာ"

ထိုမျှသာပြောပြီး ဟန်မဆောင်နိုင်တော့ဘဲ အစားအသောက်များကို စားသောက်လေတော့သည်။ အစားအသောက်များမှာ ထွေထွေထူးထူး မဟုတ်ဘဲ ထမင်း၊ ပန်းဂေါ်ဖီကြော်နှင့် ပဲငပိတို့သာ ဖြစ်သော်လည်း ဆာနေ၍လား မပြောတတ်ပေ။

စားသောက်ရသည်မှာ အရသာရှိလှသည်။ ဗန်းထဲမှ ထမင်းနှင့် ဟင်းများကို ကုန်အောင်စားလိုက်လေသည်။ ထမင်းလာပို့ပေးသော အမျိုးသမီးက အားရပါးရ စားသောက်နေသော သူ့ကို အနားမှထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။ ထမင်းစားပြီးတော့ နို့တစ်ခွက် ပေးပြန်သဖြင့် သောက်ရသေးသည်။

ထိုသို့စားသောက်ပြီးသောအခါမှပင် အတော်ကလေး နေသာထိုင်သာ ဖြစ်သွားလေတော့သည်။ စားသောက်ပြီးသောအခါ အခြားမိန်းကလေးတစ်ယောက်က ရိုကျိုးသောအမူအယာဖြင့် ဝင်လာပြီး ပန်းကန်များကို လာရောက်သိမ်းဆည်းသွားလေသည်။

စောစောက မိန်းကလေးကတော့ အနားမှာပဲ ထိုင်နေသေးသည်။

"အစ်ကို့နာမည်က ဘယ်လိုခေါ်သလဲဟင်"

"ကျွန်တော့်နာမည်က နီမောင်လို့ခေါ်ပါတယ်၊ တောင်ရိုးရွာကပါ၊ ဒါထက် ခင်ဗျားနာမည်ကရော ဘယ်လိုခေါ်သလဲဟင်"

"ကျွန်မနာမည်က မြသူဇာလို့ ခေါ်ပါတယ်၊ ကျွန်မအဘိုးရဲ့နာမည်က ဦးဒီပါတဲ့"

"အေးဗျာ. . . အဘနဲ့ တွေ့လို့သာပါပဲ၊ မဟုတ်ရင် အခုလောက်ဆို ကျားစာဖြစ်ပြီး သေတာကြာရောပေါ့၊ ဒါထက် အဘမှာ ကျားတွေ ကြောက်တဲ့ဆေးများ ရှိသလားဟင်"

"ဘာဖြစ်လို့လဲဟင်"

"မနေ့က ကျွန်တော့်ကို ကျားဝင်ဆွဲဖို့ လုပ်နေတုန်း မောင်းထုတ်လိုက်တာ တွေ့ရလို့ပါ"

ထိုစကားကြားတော့ မြသူဇာက သဘောကျစွာ ပြုံးနေလေသည်။

"အဘိုးက ဆေးဆရာကြီးတစ်ယောက်ပါ၊ သူ့မှာ အစွမ်းထက်တဲ့ဆေးတွေ အများကြီးရှိတယ်၊ အဲဒီအထဲမှာ ကျားနိုင်တဲ့ဆေးလည်း ပါချင်ပါမှာပေါ့"





ဟုသာ ပြောသည်။

"ဘာပဲဖြစ်ဖြစ်ပါ. . . ကျွန်တော့်အသက်ကို ကယ်တင်ပေးခဲ့တဲ့အတွက်တော့ ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်မကို မြသူဇာလို့ပဲ ခေါ်နိုင်ပါတယ်ရှင်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"အစ်ကိုလည်း ပင်ပန်းနေမှာဆိုတော့ တစ်ရေးလောက် အိပ်လိုက်ဦးနော်"

ဟု ပြောပြီး မြသူဇာက အနီးမှ ထသွားလေသည်။

နီမောင်မှာ တစ်ယောက်တည်း ကျန်ခဲ့သောအခါ သူ့ကို ကယ်တင်ပေးထားသော မြေးအဘိုးအကြောင်းကို တွေးတောနေမိလေသည်။

သို့သော်လည်း ပင်ပန်းမှုအရှိန်ကြောင့် ခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

# မာယာရှင်နှင့် မာယာကျော့ကွင်းများ

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် နားထဲမှာ မိမိအမည်ကို ခေါ်သံကြားသောကြောင့် မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

"မောင်နီမောင်. . . အပြင်ကို ခဏထွက်ခဲ့ပါ။ အပြင်ကို ခဏ ထွက်ခဲ့ပါ"

ဟူသောအသံကိုလည်း သူ့စိတ်ထဲမှာ မှတ်မိနေသလို ရှိသည်။

သို့ကြောင့် နေရာမှ ထရပ်လိုက်သည်။ ဒီတစ်ကြိမ်မှာတော့ ခြေထောက်မှ ဒဏ်ရာမှာ ဘာမှမသိသာတော့ဘဲ ပျောက်ကင်းနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

"ဟင်. . . ငါ့ခြေထောက်က ဒဏ်ရာက ပျောက်နေပါရော့လား၊ ဘယ်အချိန်က ပျောက်သွားတာပါလိမ့်"

ဟု တွေးနေမိသည်။

"မောင်နီမောင်. . . အပြင်ကို ထွက်လာခဲ့ပါ၊ ငါက အတွင်းကို ဝင်လာခွင့် မရှိလို့ပါ"

ဟူသောအသံကို ကြားသဖြင့် နေရာမှ ထကာ အသံကြားသော အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း သူ ဘယ်နေရာကို ရောက်နေမှန်းလည်း မသိရပေ။

မြင်သမျှအရာအားလုံးမှာ ဝေ့ဝေ့ဝါးဝါးဖြစ်နေသည်။

အပြင်ဘက်ရောက်တော့ သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်နေသော ဆရာကြီးသူရဋ္ဌကို တွေ့ရသည်။

"ဟင်. . . ဆရာကြီးပါလား၊ ကျွန်တော်ရှိတဲ့နေရာကို ဘယ်လိုသိလို့ လိုက်လာတာလဲဟင်"

"ဒီလိုပဲ တောစောင့်နတ် တောင်စောင့်နတ်တွေကို မေးပြီးတော့ လိုက်ရှာရတာပေါ့ကွယ်"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်တော်လည်း ကံကောင်း ထောက်မလို့ အသက်မသေဘဲနဲ့ အခုလို ဆရာကြီးတို့နဲ့ ပြန်တွေ့ရတာ၊ ဆရာကြီးတို့ကတော့ ကျွန်တော့်ကို သေပြီလို့ ထင်နေကြမှာပေါ့နော်"

"မထင်ပါဘူးကွယ်. . . မင်းပျောက်နေတော့ မင်းမိဘတွေကတော့ စိတ်ပူနေကြတာပေါ့၊ ငါကတော့ မင်းအသက်မသေသေးဘဲ တစ်နေရာမှာ ရောက်နေတယ်ဆိုတာကို သိပါတယ်"

"ဟန်ကျတာပဲ. . . ဆရာကြီးနဲ့ တွေ့ရတုန်း ကျွန်တော် တစ်ခါတည်း ပြန်လိုက်ခဲ့တော့မယ်"





"မင်း လိုက်လို့မရသေးဘူးကွယ့်"

"ဘာဖြစ်လို့လဲ ဆရာကြီး၊ ကျွန်တော့်ခြေထောက်က ဒဏ်ရာလည်း ပျောက်နေမှပဲ"

"မင်းဒဏ်ရာက မပျောက်သေးပါဘူး၊ အခု ဒီမှာ ဒဏ်ရာမရှိတာက ကိုယ်ပွားဝိညာဉ်မို့ပါ၊ မင်းရဲ့ကိုယ်ခန္ဓာမှာတော့ ဒဏ်ရာကျန်နေသေးတယ်"

ဟု ပြောရာ အံ့ဩသွားလေသည်။

"အခု ငါ့ရှေ့မှာ ရောက်နေတာက မင်းရဲ့ဝိညာဉ်ပဲ၊ ဒါကြောင့် ငါ့ဝိညာဉ်နဲ့ တွေ့လို့ရတာပေါ့"

"ဆရာကြီးကလည်း ဝိညာဉ်ကိုယ်ပွားပဲလား"

ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်. . . ဝိညာဉ်ချင်းမို့ တွေ့လို့ရတာပေါ့"

"ဒါဖြင့် ကျွန်တော့်ခန္ဓာကိုယ်က ဘယ်နေရာမှာလဲဟင်"

"တစ်နေရာမှာ ရှိနေပါတယ်"

"ဒါဖြင့် ကျွန်တော်က ဘယ်နေရာ ရောက်တာလဲဟင်"

"မင်းဝိညာဉ်နဲ့မင်းခန္ဓာကိုယ်က တစ်နေရာမှာ ရောက်နေကြတာပါ၊ ငါ့အနေနဲ့ ဘယ်နေရာဆိုတာ ပြောခွင့်မရှိပါဘူး၊ အခု မင်းကို လာတွေ့တာ သတိပေးစရာရှိလို့ လာခဲ့တာပါ"

"ဟုတ်ကဲ့. . . ပြောပါ ဆရာကြီး"

"တခြားတော့ မဟုတ်ပါဘူး၊ မင်းအနေနဲ့ ရွာကို ပြန်လာပြီး မင်းမိဘတွေနဲ့ တွေ့ချင်သေးတယ်ဆိုရင် အစစအရာရာ သတိထားပြီးနေပါ၊ သူတို့ကျော့ကွင်းထဲကို မဝင်မိအောင်တော့ အထူးဂရုစိုက်ပြီးနေပါ"



www.burmeseclassic.com
www.burmeseclassic.com

"သူတို့ဆိုတာ ဘယ်သူတွေလဲဟင်"

"မင်းကို အခု ခေါ်ထားတဲ့သူတွေပေါ့"

"သူတို့က လူအစစ်တွေ မဟုတ်ကြဘူးလား ဆရာကြီး"

"သူတို့ ဘာတွေလဲဆိုတာ မင်း နောက်တော့ တဖြည်းဖြည်းနဲ့ သိလာပါလိမ့်မယ်၊ ငါမှာခဲ့တဲ့အတိုင်းသာ ဂရုစိုက်ပြီး နေဖို့ အရေးကြီးတယ်၊ သူတို့ကျော့ကွင်းထဲကို ရောက်သွားခဲ့ရင်တော့ မင်းကို ကယ်ရမှာ ပိုပြီးခက်သွားလိမ့်မယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်မိလာသည်။

"သူတို့ ကျွန်တော့်ကို တစ်ခါတည်း ခေါ်ထားလိုက်မှာလား ဆရာကြီး"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ကွယ်၊ လူတစ်ယောက်ကို သူတို့ ခေါ်ချင်တိုင်းခေါ်လို့ မရနိုင်ပါဘူး၊ ကံဇာတာနဲ့ အချိန်အခါသင့်မှ ခေါ်လို့ရတာပါ"

"ဒါဖြင့် ကျွန်တော် ဘယ်အချိန်လောက်မှ ရွာပြန်လို့ရမှာလဲ ဟင်"

"အနည်းဆုံးတော့ မင်းခြေထောက်မှာ ရထားတဲ့ဒဏ်ရာ ကောင်းသွားတဲ့အချိန်ရောက်မှ ပြန်လို့ရမှာပေါ့။ မင်းကို ငါတို့က လိုက်ရှာလို့ မတွေ့နိုင်တဲ့နေရာမှာ ရောက်နေတော့ ကိုယ့်ဖာသာပြန်မှပဲ ရမယ့်အခြေအနေမျိုးပဲ"

ဟု ပြောပြသည်။

နီမောင်စိတ်ထဲမှာတော့ ထိုနေရာမှာ အချိန်အတော်ကြာအောင် ဆက်နေရဦးမည်ဆိုသောကြောင့် စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားလေသည်။

"ငါပြန်တော့မယ် နီမောင်၊ မင်း ငါပြောတာတွေကို စိတ်ထဲမှာ





မမေ့နဲ့၊ တစ်နေ့ကျရင် ရွာကို ပြန်ရောက်လာအောင် ငါအကူအညီပေးပါ့မယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ထဲမှာ ဘာမှ စိုးရိမ်စိတ် ဝင်မနေနဲ့၊ မင်းမိဘတွေကိုလည်း မင်းနဲ့ တွေ့ခဲ့ရတယ်ဆိုတဲ့အကြောင်း ငါပြန်ပြောပြလိုက်ပါ့မယ်"

နီမောင်မှာ ဆရာကြီးပြန်တော့မည်ဆိုသဖြင့် စိတ်ထဲမှာ အားငယ်သလိုတော့ ဖြစ်သွားမိသည်။ သို့သော် သူသည် စိတ်ပျော့သူတစ်ယောက် မဟုတ်သဖြင့် အားတင်းထားလိုက်လေသည်။

သူ့အနီးမှ ဆရာကြီးပြန်ထွက်သွားသောအခါ တစ်ကျော့ပြန်ပြီး အိပ်ပျော်သွားလေသည်။

နောက်တစ်ခါ အိပ်ပျော်ရာမှ ပြန်နိုးလာသောအခါ အလင်းရောင်များပင် ရနေချေပြီ။

မျက်လုံးဖွင့်ကြည့်တော့ သူ့နံဘေးမှာ စောင့်နေသော မြသူဇာကို တွေ့ရလေသည်။ မြသူဇာက နီမောင့်အတွက် ဝေယျာဝစ္စများဆောင်ရွက်ပေးပြီး နံနက်ခင်း စားရန်အတွက် ပန်းပွင့်၊ ကြက်သွန်နှင့် ဆေးမြစ်အချို့တို့ဖြင့် ရောကျိုထားသော ယာဂုတစ်ခွက် ပေးသဖြင့် သောက်ရလေသည်။

ထို့နောက်မှာတော့ ခြေထောက်မှာ စည်းထားသော ပတ်တီးများကို ဖြေချပြီး နောက်ထပ်ဆေးအသစ်များ ထပ်ထည့်ကာ ပတ်တီးအသစ် ထပ်စည်းပေးသည်။

ထိုသို့ပြုလုပ်ပေးနေသော်လည်း နီမောင်ကို စကားတစ်ခွန်းမှ မပြောဘဲ တည်ငြိမ်သောသွင်ပြင်မျိုးဖြစ်နေလေသည်။

သူမက စကားမပြောသောအခါ နီမောင်ကလည်း စကားမစပ်ပေ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဝေယျာဝစ္စများ ဆောင်ရွက်ပေးပြီးသောအခါ စကားတစ်ခွန်းမှ မပြောဘဲ ပြန်ထွက်သွားလေသည်။

ထိုသို့စကားမပြောဘဲ ပြန်ထွက်သွားပြန်တော့လည်း နီမောင့် စိတ်ထဲမှာ တစ်မျိုးဖြစ်ကျန်ခဲ့ပြန်သည်။

"သူ ငါ့ကို ဘာဖြစ်လို့ စကားမပြောတော့တာလဲ၊ တစိမ်းတရံစာ တစ်ယောက်ကို သွေးမတော် သားမစပ်နဲ့ ပြုစုပေးနေရလို့ စိတ်ညစ်နေတာများလား၊ သူတို့ကြည့်ရတာ ဒီသဘောမျိုးတော့ ရှိကြမယ်မထင်ပါဘူး၊ ငါ့ကို လုပ်မပေးချင်ရင် ဒီအတိုင်း ပစ်ထားလိုက်ရင် ရတာပဲ၊ အနေသာကြီးပဲဆိုတော့ ဘာမှအပြစ်ပြောလို့ မရပါဘူး၊ အခု လုပ်လည်း ပေးသေးတယ်၊ ဒီအတိုင်း စကားမပြောဘဲနဲ့ နေပုံ ကြည့်ရတာ အကြောင်းတစ်ခုခုတော့ ရှိရမယ်ထင်တယ်"

ဟု တစ်ယောက်တည်း တွေးမိတွေးရာ တွေးနေမိသည်။

တစ်ဖက်မှလည်း. . .

"ညက ဆရာကြီး လာပြောသွားတာတွေကရော ဖြစ်နိုင်ပါ့မလား၊ သူတို့တတွေ ကြည့်ရတာ ငါ့အပေါ်မှာ စေတနာနဲ့ လုပ်ပေးနေကြတာ အမှန်ပဲ၊ သူတို့သာ မရှိုးသားဘူးဆိုရင် တောထဲမှာကတည်းက ကျားဆွဲလို့ သေတာကြာပြီပေါ့၊ ညက ဆရာကြီးနဲ့ တွေ့ရတယ်ဆိုတာ ငါအိပ်မက်,မက်နေတာပဲ ဖြစ်မှာပါ၊ ငါ စိတ်ထဲက စွဲနေလို့သာ ဒီအကြောင်းတွေကို အိပ်မက်,မက်တာများ ဖြစ်လေမလား"

ဟု တစ်ယောက်တည်း ဇဝေဇဝါဖြင့် တွေးတောနေမိလေသည်။

နေ့လည်ပိုင်းအချိန်ရောက်မတော့ မြသူဇာ ရောက်လာပြီး အစားအသောက်များ လာပို့ပေးပြန်လေသည်။ ထိုအချိန်မှာပဲ စကားတစ်ခွန်းမှ မပြောဘဲ ပြန်သွားလေသည်။





ညနေပိုင်းအချိန်ရောက်တော့မှ ဦးဒီပါဆိုသော အဘိုးကြီးနှင့် ပြန်တွေ့ရသည်။ သူကတော့ ခါတိုင်းကဲ့သို့ပင် ဖော်ဖော်ရွေရွေနှင့် မေးသည်။

"မင်းခြေထောက်က ဒဏ်ရာသက်သာသွားပြီလားကွယ့်"

"ဟုတ်ကဲ့. . . အတော်ကလေး သက်သာလာပါပြီ အဘ၊ ဒီအတွက် အဘတို့ကို ကျေးဇူးလည်း တင်ပါတယ်၊ နောက်ပြီး အားလည်း နာလှပါပြီ"

"အားနာစရာမလိုပါဘူးကွယ်. . . ကံချင်းဆုံလို့ အကူအညီပေးကြရတာပဲ၊ မင်းကို အခု ငါတို့က အကူအညီပေးရသလို တစ်ချိန်မှာ မင်းက ငါတို့ကို တစ်လှည့်ပြန်ပြီး အကူအညီပေးရတာမျိုးလည်း ကြုံချင်ကြုံလာနိုင်တာပေါ့"

"ကျွန်တော့်အသက်ကို ကယ်ပေးထားတဲ့အတွက် တကယ်လို့ အဘတို့အတွက် ကျွန်တော် အကူအညီပေးရတဲ့အလှည့်မျိုး ကြုံရင် အသက်နဲ့လဲပြီး အကူအညီပေးပါ့မယ်"

ထိုစကားကြားသောအခါ ဦးဒီပါက ပြုံးလိုက်သည်။

"အစားကိုသာ ကုန်အောင်စားရပေမယ့် စကားကို ကုန်အောင် မပြောရဘူးကွယ့်၊ တော်ကြာ အရေးကြုံလာလို့ ပြောတဲ့အတိုင်း မလုပ်နိုင်ရင် ကတိပျက်သူ စကားမတည်သူဆိုပြီး အပြစ်ပြောခံရတတ်တယ်"

"ကျွန်တော်တို့က စီးပွားဉစ္စာ မချမ်းသာပေမယ့် သစ္စာတရားကိုတော့ တန်ဖိုးထားပါတယ်၊ အရေးကြုံလာတဲ့အခါ ပြောထားတဲ့ကတိအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

ဟု ပြောလိုက်ရာ ဦးဒီပါလည်း များစွာကျေနပ်သွားသော အမူအယာဖြင့် ပြန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန်ရောက်တော့ မြသူဇာ ရောက်လာပြီး အစားအသောက်များကို လာပို့ပေးလေသည်။

ဒီတစ်ကြိမ်ရောက်လာသောအခါ သူမ၏အမူအယာမှာ ခါတိုင်းနှင့် မတူဘဲ ကြည်ကြည်လင်လင် ဖြစ်နေလေသည်။

"အစ်ကို သက်သာရဲ့လား"

"အတော်ကလေး သက်သာသွားပါပြီ"

"ညက အစ်ကို ဘယ်သွားနေတာလဲ"

"ဟင်. . . ကျွန်တော် ဘယ်မှမသွားပါဘူး၊ အိပ်နေတာပါပဲ"

"ကျွန်မရောက်လာတော့ အစ်ကို့ကို မတွေ့ရပါဘူး"

"ကျွန်တော်က ခြေထောက်မှ မထောက်နိုင်သေးတာ. . . ဘယ်သွားနိုင်မှာလဲ"

"လူကသာ မသွားနိုင်သေးပေမယ့် စိတ်က သွားရင် ရတာပဲ၊ နောက်ကို ကျွန်မတို့ မသိဘဲ ဘယ်မှမသွားပါနဲ့နော်၊ ဘယ်သူခေါ်လို့မှလည်း လိုက်မသွားပါနဲ့"

ဟု ပြောသည်။

ထိုအခါမှ တစ်ချိန်လုံး မြသူဇာက သူ့ကို စကားမပြောဘဲ နေသည်ကို သဘောပေါက်မိလေတော့သည်။

နီမောင်က သူမ စိတ်ကျေနပ်စေရန် ခေါင်းညိတ်ပြလိုက်တော့မှ မျက်နှာကြည်လင်စွာဖြင့် ပြန်ထွက်သွားလေသည်။

အိမ်ကြီး၏တစ်နေရာမှာတော့ ဦးဒီပါက ရှိနေလေသည်။

သူသည် ကြေးကွမ်းအစ်ကြီးကို ရှေ့မှာ ချကာ ကွမ်းယာစားနေသည်။

နီမောင်အနီးမှ ထွက်လာသော မြသူဇာက သူ့အနီးမှာ ဝင်ထိုင်လေသည်။





"သူ ကျွန်မတို့လက်ထဲ ရောက်လာပြီဆိုတော့ တစ်ခါတည်း အပြီးခေါ်ထားလိုက်ရင် မကောင်းဘူးလား အဘိုး"

"မဖြစ်သေးဘူး. . . သူ့ကို ခေါ်လို့မရသေးဘူး"

"ဘာဖြစ်လို့လဲ"

"သူ့ရဲ့ကုသိုလ်ကံက ကျန်နေသေးတယ်၊ ကုသိုလ်ကံ ရှိသေးတဲ့လူကို ခေါ်လို့မရဘူး၊ ခေါ်ရင် ဒဏ်ခတ်ခံရလိမ့်မယ်"

ထိုစကားကြောင့် မြသူဇာမျက်နှာမှာ တွေတွေကလေး ဖြစ်သွားလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ အဘိုး"

"သူ့ဖာသာ ငါတို့ဘက် ပါလာအောင် လုပ်ရမယ်၊ သူ့ဖာသာ ပါလာပြီဆိုတော့မှ ငါတို့အစီအစဉ်ကို လုပ်ရမယ်"

"အဘိုးရဲ့အစီအစဉ်ကို ကျွန်မကိုလည်း ပြောပြပါဦး"

"အခု သူတို့ရွာမှာ အထက်ဆရာနှစ်ယောက် ရောက်နေတယ်၊ ဒီဆရာတွေကို ငါတို့အနေနဲ့ တုပ မယှဉ်ပြိုင်နိုင်ဘူး၊ သူတို့ ဘယ်လောက် အစွမ်းအစ ရှိတယ်ဆိုတာ တလောက နှင်းမေရဲ့ဝိညာဉ်ကို ပြန်ခေါ်သွားတာပဲ ကြည့်ပေတော့"

"ဟုတ်ပါရဲ့ အဘိုးရယ်၊ ကျွန်မတို့လက်ထဲ ရောက်ကာနီးတော့မှ လက်လွှတ်ပေးလိုက်ရတာ အတော်ကလေး နစ်နာလှတယ်"

"ဒီလိုပေါ့လေ. . . စိတ်ရှည်ရှည်နဲ့ တဖြည်းဖြည်းချင်း လုပ်ယူရမှာပေါ့၊ အခု သူတို့ရဲ့လူ ငါတို့လက်ထဲ ရောက်နေပြီ၊ ဘယ်နည်းနဲ့မဆို သူတို့လူကို ရဖို့ ကြိုးစားကြမှာ အမှန်ပဲ"

"ညကတောင် ရောက်လာပြီး သူ့ဝိညာဉ်ကို ခေါ်ပြီးတော့ သတိပေးသွားသေးတယ် မဟုတ်လား"

"ဟုတ်တယ်. . . ဒါကြောင့် ဒီဆရာတွေရဲ့အစွမ်းအစတော



www.burmeseclassic.com

www.burmeseclassic.com


မသေးဘူးလို့ ပြောတာပေါ့၊ သူတို့နဲ့ ရန်သူမဖြစ်လေ ပိုကောင်းလေပဲ”

“ဒါဖြင့် အဘိုးရဲ့အစီအစဉ်က ဘယ်လိုပါလဲ”

“လူချင်း လဲယူမယ်လေ၊ ဒီမှာရောက်နေတဲ့ နီမောင်နဲ့ နှင်းမေကို လူချင်း လဲယူရမှာပေါ့၊ ဒါကြောင့် သူ့ကို ငါတို့လူဖြစ်အောင် အနုနည်းနဲ့ သိမ်းသွင်းထားရမယ်၊ အဲဒါ နင့်ရဲ့တာဝန်ပဲ”

“စိတ်ချပါ. . . ကျွန်မ ကျေပွန်အောင် ဆောင်ရွက်ပေးပါ့မယ်”

ဟု ကတိပေးလိုက်လေသည်။

ထိုကတိအတွက် သူမ၏မာယာကျော့ကွင်းများကို မည်သို့မည်ပုံ အသုံးချရမည်ကိုပါ တစ်ပါတည်း တွေးတောနေမိလေသည်။





# အခန်း(၉)

# အချစ်စက်ကွင်းမှ မလွတ်ကင်းနိုင်ခဲ့သူ

နောက်ထပ် ရက်အနည်းငယ်ကြာသောအခါ နီမောင်၏ ခြေထောက်ဒဏ်ရာအခြေအနေမှာ တဖြည်းဖြည်း ကောင်းမွန်လာသည်။

သို့သော်လည်း တစ်ယောက်တည်း သွားလာနိုင်ခြင်းမျိုးတော့ မရှိသေးဘဲ တောင်ဝှေးနှင့် ထောက်ကာ နံဘေးမှ လူအကူဖြင့် သွားလာရလေသည်။

နီမောင်မှာ ထိုနေရာရောက်နေသည်မှာ ရက်အတန်ကြာနေပြီဖြစ်သောကြောင့် ရွာသို့ ပြန်ချင်နေပြီ၊ မိဘများကို သတိရနေပြီဖြစ်၏။ သို့သော်လည်း ဒဏ်ရာအခြေအနေကြောင့် သူတစ်ယောက်တည်း


www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်နည်းနှင့်မှ မပြန်နိုင်မှန်း သိသဖြင့် ဒီအတိုင်းသာ နေရလေသည်။

ဦးဒီပါနှင့် မြသူဇာတို့မြေးအဖိုးကလည်း သူ့အပေါ်မှာ ကောင်းကြသည်။ လိုလေသေး မရှိအောင် ပြုစုပေးကြလေသည်။

မြသူဇာဆိုလျှင် မကြာခဏဆိုသလိုပင် အနားရောက်လာပြီး လိုအပ်သည်များကို လုပ်ကိုင်ပေးသည်။

"ကျွန်တော်လည်း ဒီမှာ လူနာတစ်ယောက်လို နေရတာ မြသူဇာတို့ကို လာပြီးဒုက္ခပေးသလို ဖြစ်နေတာနဲ့ အတော်ကလေး အားနာလှပါပြီ"

"အားနာစရာမလိုပါဘူး အစ်ကိုရယ်၊ အကြောင်းပေါ်လာတော့လည်း ဒီလိုပဲ နေရမှာပေါ့၊ ကျွန်မတို့ဆီမှာ နေရတာအတွက်နဲ့တော့ ဘာမှ အားနာစရာ မရှိပါဘူး၊ အစ်ကိုပျော်ရင် ဒီရွာမှာ တစ်သက်လုံး နေသွားလို့ရပါတယ်"

မြသူဇာက အပြုံးဖြင့် ပြောသော်လည်း နီမောင်စိတ်ထဲမှာတော့ တစ်မျိုးဖြစ်သွားလေသည်။

သူမပြောသော စကားအဓိပ္ပာယ်က စေတနာဖြင့် ပြောသည်ဆိုသော်လည်း မိမိလိုရာဆွဲတွေးပါက အဓိပ္ပာယ်တစ်မျိုး ထွက်နိုင်သော စကားမျိုးပင်ဖြစ်လေသည်။

"ကျွန်တော့်အပေါ်မှာ အခုလောက် စေတနာ ထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ထိုစကားကြောင့် မြသူဇာက ပြုံးနေလေသည်။

"ကျွန်မတို့မြေးအဘိုးက အစ်ကို့အပေါ်မှာ ဘယ်လောက်စေတနာထားကြတယ်ဆိုတာ အစ်ကိုမသိသေးဘူးလား"

"သိ. . သိပါတယ်"





"ဘာကြောင့်လဲဆိုတာရော သိရဲ့လား"

"ဟို. . . ဟို. . ."

နီမောင်ခမျာ စကားအထစ်ထစ်အငေါ့ငေါ့ဖြစ်ကာ ဘယ်လိုပြန်ပြောရမှန်း မသိပေ။

"ကျွန်မတို့စေတနာကို အစ်ကို တစ်နေ့တော့ သိလာရမှာပါ"

ဟု ပြောလေသည်။

တစ်နေ့သော ညနေပိုင်းအချိန်ရောက်တော့ မြသူဇာ ရောက်လာလေသည်။

သူမသည် သနပ်ခါး ပါးကွက်ကြားနှင့် အလှပြင်ထားရာ ပင်ကိုယ် ချောမောလှပသူဖြစ်သဖြင့် အတော်ကလေး ကြည့်ကောင်းနေလေသည်။

ထို့ထက် သူမဦးခေါင်းပေါ်မှာ ပန်းတစ်ခိုင်ပန်ထားရာ ထိုပန်းမှ ရနံ့များက ရေမွှေးဆွတ်ထားသကဲ့သို့ ပတ်ဝန်းကျင်မှာ ကြိုင်နေသည်။

ထိုပန်းမျိုးကို တစ်ခါမှ မတွေ့ဖူးသလို ထိုပန်းရနံ့မျိုးကိုလည်း တစ်ကြိမ်မှ မကြုံဖူးသေးပေ။

ထိုပန်းရနံ့ကို ရသည်နှင့် စိတ်ထဲမှာ ကြည်လင်လန်းဆန်းလာသည်။ ပေါ့ပါးသလို ဖြစ်လာသည်။

အခြားဘာကိုမှ မစဉ်းစားချင်တော့ဘဲ ပျော်ရွှင်ကြည်နူးမှုများသာ ဖြစ်နေသည်။ သူမ ပန်ထားသောပန်းက သစ်ခွပန်းခိုင်တစ်မျိုးနှင့်တူပြီး အဖြူရောင်ဖြစ်သည်။ ကြည့်လျှင်တော့ သာမန်ပန်းတစ်ခိုင်မျှသာဖြစ်သော်လည်း ရနံ့ကတော့ အတော်ထူးခြားသည်။

နီမောင်အနေဖြင့် ပုံတောင်ပုံညာသစ်တောကြီးများအပါအဝင် တောတောင်အတော်များများသို့ ရောက်ခဲ့ဖူးပေရာ သစ်ခွပန်းအပါအဝင် တောထဲမှာ တွေ့ရလေ့ရှိသော ဂမုန်းပန်း အတော်များများကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရဖူးပေသည်။

သို့သော် ယခုကဲ့သို့ သင်းပျံ့သောရနံ့မျိုး ရှိပြီး လူ့စိတ်ကို ပြောင်းလဲစေနိုင်သော ပန်းမျိုးကိုတော့ တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဖူးသေးချေ။

"မြသူဇာ ပန်လာတဲ့ပန်းက အတော်ကလေး မွှေးတယ်. . . ဘာပန်းလဲဟင်"

"ဒါ သစ္စာပန်းလို့ ခေါ်တယ် အစ်ကိုရဲ့၊ ဂမုန်းမျိုးနွယ် ပန်းတစ်မျိုးပါပဲ၊ ဒီပန်းမျိုးက ရှားတော့ ရှားပေမယ့်လည်း တွေ့ချင်မှ တွေ့ရတာမျိုးပါ၊ သူ့ရဲ့ရနံ့ကတော့ တခြားပန်းတွေနဲ့ ဘယ်ပန်းနဲ့မှ မတူဘူး"

ဟု ပြောပြီး မြသူဇာက သူမဦးခေါင်းပေါ်မှာ ပန်ထားသော ပန်းခိုင်ကို ဖြုတ်ပြီး နီမောင်ကို ကမ်းပေးသဖြင့် လှမ်းယူထားလိုက်သည်၊

"မွှေးကြည့်ပါလား"

ထပ်ပြောပြန်သဖြင့် နှာခေါင်းမှာ တေ့ပြီး မွှေးကြည့်သောအခါ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းလာသကဲ့သို့ ထင်မိသည်။

နီမောင်က ပန်းခိုင်ကို ပြန်ပေးလိုက်သောအခါ သူမက ယူပြီး ဦးခေါင်းမှာ ပြန်ပန်ထားလိုက်သည်။

"အစ်ကို့ခြေထောက် သက်သာနေပြီ မဟုတ်လား"

"အတော်ကလေးတော့ လျှောက်နိုင်နေပါပြီ"

"အစ်ကိုလည်း အိမ်ထဲမှာချည်း နေရတာ ကြာပြီဆိုတော့ ညောင်းနေရောပေါ့၊ ကျွန်မတို့ အပြင်ထွက်လျှောက်ကြရအောင်"

ဟု ခေါ်သဖြင့် နီမောင်မှာ ဝမ်းသာသွားသည်။

အဘယ်ကြောင့်ဆိုသော်. . .

သူ့အနေနှင့်လည်း ပတ်ဝန်းကျင်အခြေအနေကို သိချင်သဖြင့် အပြင်ထွက်ချင်နေသောကြောင့်ဖြစ်သည်။





နီမောင်က သူ့အတွက် လုပ်ပေးထားသော တုတ်ကို အားပြုပြီး ခပ်ဖြည်းဖြည်း လျှောက်သည်။

မြသူဇာက နံဘေးမှ လျှောက်လာသည်။

အချိန်က ညနေပိုင်းအချိန်ပင် ရှိသေးသော်လည်း အလင်းရောင်က သိပ်မရှိတော့ပေ။

ထူးထူးခြားခြား ပတ်ဝန်းကျင်တစ်ခုလုံး အုံ့ဆိုင်းလျက် ရှိနေသည်။ ပုံသဏ္ဌာန်က အချိန်အခါမဟုတ် မိုးရွာချတော့မည့် လက္ခဏာမျိုးပင်ဖြစ်၏။

မြသူဇာတို့ နေကြသော ကျောက်နှာမောင်းရွာမှာ အတော်ကလေး ကြီးပြီး အိမ်ခြေလည်း များသည်။ ဖြောင့်တန်းသော ရွာလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ခြံနှင့်ဝန်းနှင့် သီးသန့်ဆောက်ထားသော အိမ်များကို တွေ့ရသည်။

ခြံဝန်းများထဲမှာလည်း သရက်၊ ပိန္နဲ၊ မရမ်း၊ ခရေ၊ ကံ့ကော်စသော အရိပ်ရအပင်များဖြင့် အုံ့ဆိုင်းနေပြီး ဆောက်ထားသောအိမ်များမှာလည်း အိမ်ကြီးအိမ်ကောင်းများ မဟုတ်စေကာမူ သပ်သပ်ရပ်ရပ်ပင် ရှိသည်။

ခြံစည်းရိုးများ ကာရံထားပြီး ခြံဝန်းအတွင်းမှာ ပန်းရုံများ စိုက်ပျိုးထားကြသည်။ အချို့ရွာလမ်းပေါ်မှာ မျက်နှာချင်းဆိုင် တွေ့ကြသူများမှာ မြသူဇာကို တွေ့သောအခါ အလွန်ရိုကျိုးသော အမူအယာဖြင့် နှုတ်ဆက်ကြသည်။

"အဘိုးက ရွာလူကြီးဆိုတော့ တစ်ရွာလုံးက ရိုသေလေးစားကြတယ်"

ဟု မြသူဇာက မမေးဘဲနှင့် သူ့ဖာသာ ပြောသလိုလိုနှင့် ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ ရွာအစွန်ဘက်သို့ ရောက်လာကြသည်။ ဟိုဘက်မှာတော့ ကျောက်တောင်များနှင့် သစ်တောများသာ ရှိတော့သည်။

"ဟိုဘက်မှာ ထူးဆန်းတာတွေ ရှိသေးတယ်၊ အစ်ကို ကြည့်ဦးမလား"

ဟု မေးတော့ နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

သူ့အနေနှင့် ထိုရွာပတ်ဝန်းကျင်မှာ သူ့အနေနှင့် မှတ်မိသောနေရာများ ရှိမရှိ သိလိုသောကြောင့်ဖြစ်သည်။ ရွာအပြင်ဘက် ရောက်တော့ အခြားလူများကို မတွေ့ရတော့ပေ။

ညနေပိုင်း အိပ်တန်းတက်ရန် ပြန်လာသော ကျေးငှက်များကိုသာ တွေ့ရသည်။ တစ်နေရာရောက်သောအခါ ဂူပေါက်ဝတစ်ခု တွေ့ရသဖြင့် အတွင်းသို့ ဝင်ကြည့်ကြသည်။

"ဒါ ဘာဂူလို့ ခေါ်သလဲဟင်"

"ကျောက်နှာမောင်းဂူလို့ ခေါ်တယ်၊ ဒီဂူရှိနေလို့ ကျွန်မတို့ရွာလည်း ကျောက်နှာမောင်းရွာဆိုပြီး အမည်ပေးထားကြတာပါ"

အတွင်းရောက်သောအခါ ထုံးကျောက်များမှ သဘာဝအတိုင်းဖြစ်နေသော တိရစ္ဆာန်ပုံများနှင့် အခြားပုံသဏ္ဍာန်များကို တွေ့ရလေသည်။

ဆင်ရုပ်ကြီးများမှာ ကျောက်ဖြစ်နေသောဆင်ကြီးများအတိုင်း အသက်ဝင်လှလေသည်။ နှာမောင်းကြီးများ အောက်သို့ တွဲလောင်းကျနေပုံများမှာလည်း တကယ့်ဆင်များအတိုင်းပင်ဖြစ်သည်။

နီမောင့်စိတ်ထဲမှာ သဘာဝအတိုင်း ဖြစ်နေသောအရုပ်များဟု မထင်ဘဲ ကျွမ်းကျင်သော ပန်းပုဆရာတစ်ယောက်က ထုလုပ်ထားသည် ထင်သဖြင့် အနီးသို့ သွားကာ နှာမောင်းများကို ကိုင်ကြည့်လေ





သည်။

အေးစက်နေသည့် ကျောက်သားကို လက်ဖြင့် ထိကြည့်တော့မှ ကျောက်ရုပ်မှန်း သိရလေသည်။

"ဟိုဘက်မှာလည်း ရှိသေးတယ်"

ဟု ပြောပြီး မြသူဇာက ဂူအတွင်းပိုင်းသို့ ခေါ်သွားလေသည်။

ဂူအတွင်းပိုင်းမှာ အလင်းရောင် သိပ်မရှိဘဲ မှောင်နေလေသည်။ နီမောင်မှာ ထူးခြားဆန်းကြယ်သောမြင်ကွင်းများကို ကြည့်ကာ တအံ့တသြ ဖြစ်နေလေသည်။

အတွင်းတစ်နေရာရောက်တော့ ရှေးခေတ်နန်းတွင်းသုံးပစ္စည်းအတော်များများကို တွေ့ရပြန်သည်။ သလွန်များ၊ ထိုင်ခုံများ၊ သေတ္တာကြီးများအပါအဝင် ရေတကောင်းအထိ ရှိလေသည်။

ထိုအရာများမှာ ကျောက်သားဖြစ်နေပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီဖြစ်သောကြောင့် ဖုန်များ ပင့်ကူမျှင်များ အထပ်ထပ် တက်နေလေသည်။

"ဒီပစ္စည်းတွေက ဘာတွေလဲဟင်"

"အဘိုးပြောပြဖူးတာတော့ ရှေးတုန်းက စစ်ဘေးကြောင့် ထွက်ပြေးလာခဲ့တဲ့ ဘုရင်နဲ့ နောက်လိုက်တွေ ဒီဂူထဲမှာ ပုန်းအောင်းနေထိုင်ခဲ့ကြတယ်လို့ ပြောတယ်၊ နှစ်ကြာတော့ ထုံးကျောက်ရေတွေနဲ့ ထိပြီး အားလုံး အခုလို ကျောက်သားဘဝ ရောက်ကုန်ကြတာလို့ ပြောပြတယ်"

မြသူဇာ ပြောပြသည်မှာ ဖြစ်နိုင်ခြေရှိသဖြင့် ဘာမှဆက်မမေးတော့ပေ။

တစ်နေရာ ရောက်သောအခါမှာတော့ အပေါ်မှ တွဲလောင်းကျနေသော ကျောက်မောင်းကြီးကို တွေ့ရလေသည်။ ကျောက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော်လည်း အပြားဝိုင်းကြီးများ မဟုတ်ဘဲ အလုံးကြီးများဖြစ်သည်။

ထိုနေရာနှင့် မနီးမဝေးမှာလည်း သစ်သားဖြင့် ပြုလုပ်ထားသော ထိုးတံအချို့ ရှိသည်။

"ဒါ ဘာကြီးတွေလဲဟင်"

"ထိုးလိုက်ရင် မောင်းတီးသံလို အသံမျိုး ထွက်လို့ ကျောက်မောင်းကြီးတွေလို့တော့ ခေါ်ကြတာပဲ"

နီမောင်က အဆင်သင့် တွေ့ရသော သစ်သားထိုးတံတစ်ခုကို ကောက်ယူပြီး ကျောက်မောင်းကြီးတစ်ခုကို ထိုးလိုက်လေသည်။

"ဒူ . . ဝေ . . ဝေ" ဟူသောအသံကြီးက ဂူအတွင်းမှာ ဟိန်းထွက်သွားလေသည်။ ဂူနံရံမှ ပဲ့တင်သံများကြောင့် ကျောက်မောင်းသံက တော်တော်နှင့် မရပ်ဘဲ ရှိလေသည်။

နောက်တစ်ချက် ထပ်ထိုးရန် ပြင်သောအခါ မြသူဇာက တားလိုက်သည်။

"ဆက်မထိုးနဲ့တော့ အစ်ကို"

"ဘာဖြစ်လို့လဲဟင်"

"ကျောက်မောင်းထိုးသံ ကြားရင် မကောင်းဆိုးဝါးတွေ ရောက်လာတတ်တယ်လို့ ပြောသံကြားတယ်"

ထိုသို့ပြောသဖြင့် နီမောင်က ထိုးတံကို အောက်သို့ ပြန်ချထားလိုက်သည်။

အချိန်ကလည်း ညနေပိုင်း ကျော်လွန်လာပြီဖြစ်သောကြောင့် ဂူအတွင်းမှာ မှောင်စပျိုးလာချေပြီ။

သူတို့ ဂူအတွင်းမှ ပြန်ထွက်ရန် ပြင်သောအချိန်မှာပင် မိုးက ရွာချလာလေသည်။

မိုးရွာသည်နှင့်ပင် မပြီးဘဲ လေပါ ပါလာသောကြောင့် တဝေါ





ဝေါ မြည်သံများ ပေါ်လာလေသည်။

လေရောမိုးပါ ပြင်းထန်နေသောကြောင့် နှစ်ယောက်သား အပြင်မထွက်နိုင်အောင်ဖြစ်နေသည်။

"ဒုက္ခပါပဲ . . . အချိန်အခါမဟုတ် လေရောမိုးရော သည်းလိုက်တာ၊ ဘယ်လိုပြန်ရမလဲတောင် မသိတော့ဘူး"

ဟု မြသူဇာက စိုးရိမ်သောမျက်နှာဖြင့် ရေရွတ်နေသည်။

"ခဏနေရင်တော့ စဲသွားမယ် ထင်ပါတယ်"

ဟု ပြောရင်း မိုးလေ လွတ်သောနေရာမှာ ရပ်နေကြသည်။ ထိုအချိန်မှာပင် အမှောင်ရိပ်များကလည်း ပိုများလာပြီးနောက် ၎င်းတို့ ရောက်နေသော ဂူပေါက်နှင့် မနီးမဝေးနေရာမှာ မည်းမည်းသဏ္ဍာန်များကို တွေ့လာရတော့သည်။

မိုးလေများ တိုက်ခတ်နေသော်လည်း ထိုသဏ္ဍာန်များကို ကောင်းစွာမြင်နေရသည်။ နီမောင် လှမ်းကြည့်လိုက်သောအခါ ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဍာန်များကို တွေ့ရလေသည်။

"သူတို့ ရောက်လာကြပြီထင်တယ်"

"ဘယ်သူတွေလဲဟင်"

"ဂူပေါက်ဝနဲ့ မနီးမဝေးမှာ မကောင်းဆိုးဝါးတွေကို တွေ့ရတယ်"

ထိုစကားကြောင့် မြသူဇာမျက်နှာလေးမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"ကျောက်မောင်းထိုးသံ ကြားလို့ သူတို့ကို ခေါ်တာထင်ပြီး ရောက်လာကြတာ ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲဟင်"

"သူတို့ အပြင်မှာ ရှိနေရင် ကျွန်မတော့ အပြင်မထွက်ရဲတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကြောက်တယ် အစ်ကို"

ဟု ပြောကာ နီမောင်အနီးသို့ တိုးလာကာ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားလေသည်။

ထိုအချိန်မှာပင် လှမ်းကြည့်နေရင်းနှင့် နာနာဘာဝများက ဂူပေါက်ဝနှင့် မနီးမဝေးသို့ ရောက်လာကြသဖြင့် နှစ်ယောက်သား ဂူအတွင်းပိုင်းသို့ ပြန်ဝင်ကြရလေသည်။

နာနာဘာဝများက ဂူအတွင်းသို့ ဝင်မလာကြသော်လည်း ဂူပေါက်ဝမှ ပုံသဏ္ဌာန်အမျိုးမျိုး ပြကာ ခြောက်လှန့်နေကြလေသည်။

မိုးလေလုံသော တစ်နေရာ ရောက်သောအခါ နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"မြသူဇာအဘိုးကတော့ စိတ်ပူနေတော့မှာပဲ"

"ကျွန်မအတွက်က အရေးမကြီးပါဘူး၊ အအေးမိပြီး အစ်ကို့ခြေထောက်ကဒဏ်ရာ ပြန်ဆိုးလာမှာကိုပဲ စိုးရိမ်တာပါ"

"ဒါထက် နာနာဘာဝတွေ မြင်တော့ မြသူဇာက မကြောက်ဘူးလား"

"ကြောက်တာပေါ့. . . ဒါပေမယ့် အစ်ကိုရှိနေတာပဲ၊ ချမ်းလိုက်တာ အစ်ကိုရယ်"

ဟု ပြောဆိုကာ မြသူဇာက နီမောင့်ရင်ခွင်ထဲသို့ တိုးဝင်လာလေသည်။

ပထမတော့ နီမောင်မှာ ဘယ်လိုလုပ်ရမှန်း မသိဘဲ ထူပူသွားလေသည်။ နောက်မှ မြသူဇာကိုယ်လေးကို အလိုက်သင့် ဖက်ထားလိုက်သည်။

"မြသူဇာ သိပ်ချမ်းနေသလား"

ခေါင်းညိတ်ပြပြီး နီမောင်ကိုယ်ကို တင်းတင်းဖက်ထားလေ





သည်။ နှစ်ယောက်သား နီးနီးကပ်ကပ် နေသောကြောင့် သူမဦးခေါင်းမှာ ပန်ထားသော ဂမုန်းပန်းရနံ့များက နှာခေါင်းထဲသို့ တိုးဝင်လာသည်။

"အစ်ကို. . ."

"ဟင်. . ."

"ကျွန်မက တောသူဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊ ကျွန်မတော့ အစ်ကို့အပေါ်မှာ သံယောဇဉ်တွယ်နေပြီ၊ အစ်ကိုကရော ကျွန်မကို မချစ်ဘူးလားဟင်"

နီမောင်က တအံ့တသြဖြင့် ကြည့်လိုက်တော့ မြသူဇာ၏ သနားစဖွယ်မျက်နှာလေးကို အနီးကပ် တွေ့ရသည်။ သူမ၏မျက်ဝန်းမှာ တစ်စုံတစ်ရာကို မျှော်လင့်နေသကဲ့သို့ ရှိလေသည်။

"အစ်ကို ကျွန်မကို အထင်သေးသွားပြီလားဟင်"

"ကိုယ် မင်းအပေါ်မှာ အထင်မသေးရက်ပါဘူး"

"ဒီလိုဆိုရင် ကျွန်မ ချစ်သလို ချစ်မယ်မဟုတ်လားဟင်"

"ကိုယ် မင်းကို ချစ်ပါတယ် မြသူဇာရယ်"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ ဒီလိုဆိုရင် ကျွန်မတို့နဲ့ပဲ အတူတူနေပါလားဟင်"

"ဒီလိုတော့ မဖြစ်သေးဘူး မြသူဇာရယ်၊ ခြေထောက်က ဒဏ်ရာသက်သာသွားရင် ရွာပြန်ပြီး မိဘတွေကိုအသိပေး ရဦးမယ်၊ သူတို့ကို ခွင့်တောင်းပြီးရင် မြသူဇာကို တောင်းရမ်းလက်ထပ်ယူပါ့မယ် ကွယ်"

"ဒီစကားကို အစ်ကို တကယ်ပဲ ကတိပေးသလားဟင်"

"ပေးပါတယ်. . . ကိုယ်ဟာ သစ္စာတရားကို အလေးထားတဲ့ ယောကျ်ားတစ်ယောက်ပါ"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ မြသူဇာက နီမောင်ကို တင်းတင်းဖက်ထားရာ နီမောင်ကလည်း ပြန်ဖက်ထားလေသည်။

နောက်တော့ အတွေ့အထိကြောင့် ဖြစ်ပေါ်လာသော ချိုမြိန်သောအနမ်းများ. . .

ထိုအနမ်းများမှတဆင့် ခွဲမက်ဖွယ်ရာကောင်းသော အချစ်နယ်တစ်ခုအထိ ရောက်သွားခဲ့ကြလေသည်။

နီမောင်အတွက်တော့ အချစ်ကျော့ကွင်းပေလား မာယာကျော့ကွင်းပေလား. . . မဝေခွဲနိုင်တော့ပါချေ။





# အခန်း(၁၀)

# ဆက်ဝါးပြင်ပေါ်မှ အချစ်သင်္ကေတများ

နောက်တစ်ရက်မှာတော့ ဦးဒီပါက နီမောင်နှင့် မြသူဇာတို့ နှစ်ယောက်စလုံးကို ခေါ်ပြီးမေးသည်။

"မင်းတို့နှစ်ယောက် လူငယ်ချင်း မေတ္တာမျှသွားခဲ့ကြပြီ မဟုတ်လား"

"ဟုတ်ပါတယ် အဘိုး"

"ဒီလိုဖြင့် နှစ်ယောက်စလုံး သစ္စာရေ သောက်ကြရမယ်"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ အနည်းငယ်တော့ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



စိတ် ဝင်သွားလေသည်။

သို့သော်လည်း ဒီအခြေအနေထိ ရောက်ခဲ့ပြီးမှတော့ ငြင်းပယ်၍ မဖြစ်တော့ပေ။

ထို့နောက်မှာတော့ ဦးဒီပါက နှစ်ယောက်စလုံးကို ရွှေခွက်ဖြင့် ထည့်ထားသော သစ္စာရေကို တိုက်ရန် ပြင်ဆင်လေသည်။

ထိုသစ္စာရေကိုတော့ မည်သို့သော အစီအရင်မျိုးဖြင့် ပြုလုပ်ထားမှန်း သူ မသိပေ။

သို့သော်လည်း စိတ်ထဲမှာ တစ်ခုခု စိုးရိမ်နေသည်ကတော့ အမှန်ပင်ဖြစ်သည်။

ဦးဒီပါက သစ္စာရေခွက်ကို ပြင်ဆင်နေရင်းဖြင့် ပြောလေသည်။

"မင်းရဲ့အသက်ကို ငါတို့က ကယ်တင်ပေးခဲ့တဲ့အတွက် အလှည့် ကြုံလာတဲ့အခါ အသက်နဲ့လဲပြီး ကျေးဇူးပြန်ဆပ်ချင်ပါတယ်လို့ မင်းပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အသက်နဲ့လဲပြီး ကျေးဇူးဆပ်စရာ မလိုပါဘူးကွာ၊ သစ္စာတရားနဲ့ ကျေးဇူးပြန်ဆပ်ရင်တောင် တော်ပါပြီ၊ ငါ့မြေး မြသူဇာကို သေတပန်သက်တဆုံး သစ္စာရှိရှိနဲ့ စောင့်ရှောက်သွားမယ်ဆိုရင်တောင် ငါတို့အပေါ်မှာ ကျေးဇူးဆပ်ရာ ရောက်ပါတယ်"

"ဟို့ . . ဟို့ . . သစ္စာရေသောက်ပြီးရင် ကျွန်တော် ရွာကို ပြန်လို့ရပြီလားဟင်၊ မိဘတွေကို ခွင့်တောင်းရမှာမို့ ကျွန်တော့်ကို ပြန်ခွင့်ပေးပါ"

"ပြန်ရပါတယ်ကွယ် . . . မင်းရဲ့ခြေထောက်က ဒဏ်ရာလည်း အတော်ကလေး ကောင်းနေမှပေါ့၊ မိန်းကလေးပါ တစ်ပါတည်း ခေါ်





သွားမယ်ဆိုရင်လည်း ခွင့်ပေးပါမယ်"

ဟု ပြောရာ စိတ်ထဲမှာ ကျေနပ်သွားမိလေသည်။

ထို့နောက်မှာတော့ ဦးဒီပါ စီမံပေးသော ရွှေခွက်အတွင်းမှ သစ္စာရေကို သောက်ကြရသည်။

နီမောင်စိတ်ထဲမှာ သစ္စာရေ သောက်ကာနီးမှ တစ်စုံတစ်ယောက်က ဟန့်တားနေသကဲ့သို့ဖြစ်ကာ တုံ့ဆိုင်းနေလေသည်။

"သောက်လိုက်လေကွယ်"

"ဟုတ် . . ဟုတ်ကဲ့"

သူက တစ်ဝက်သောက်ပြီးမှ မြသူဇာကို တစ်ဝက်ပေးလိုက်ရာ သောက်လိုက်လေသည်။

"ကဲ . . . ဒီကနေ့ကစပြီး မင်းတို့နှစ်ယောက်ဟာ သစ္စာဖက်တွေ ဖြစ်သွားပြီ၊ သစ္စာဖက်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် သစ္စာမဖျက်ကြရဘူး၊ တစ်သက်လုံး သစ္စာရှိစွာနဲ့ နေသွားနိုင်ကြပါစေကွယ်"

ဟု ဆုတောင်းပေးလေသည်။

ထို့နောက်မှာတော့ ဦးဒီပါက အပြင်သို့ ပြန်ထွက်သွားရာ အိမ်ကြီးထဲမှာ နီမောင်နှင့်မြသူဇာတို့နှစ်ယောက်တည်း ကျန်ခဲ့ကြလေတော့သည်။

"ကျွန်မတော့ အစ်ကိုနဲ့ ဆုံစည်းခွင့်ရတာ သိပ်ပြီးပျော်တာပဲ၊ အစ်ကိုရော ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာပါတယ် သူဇာရယ်"

"ဝမ်းသာတယ်သာ ဆိုတယ်၊ အစ်ကို့မျက်နှာက ရွှင်ရွှင်ပျပျလည်း သိပ်မရှိပါလား"

"အစ်ကို့စိတ်ထဲမှာ တစ်ခုခုဖြစ်မှာကို စိုးရိမ်နေမိသလိုပဲ"

ထိုစကားကြောင့် မြသူဇာက သဘောကျစွာ ပြုံးလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။


"အစ်ကိုမိဘတွေနဲ့ တွေ့ရင် သဘောမတူမှာကို စိုးရိမ်နေတာ မဟုတ်လား၊ ဒါတွေ ဘာမှမစိုးရိမ်ပါနဲ့ အစ်ကိုရယ်၊ အစ်ကိုနဲ့ ကျွန်မရဲ့ အချစ်ကို ဘယ်သူမှ ဖျက်လို့မရနိုင်တော့ပါဘူး"


"ဟင် . . . ဘာဖြစ်လို့လဲဟင်"

"ဒီမှာ . . . ကျွန်မလက်ဝါးကို ကြည့်လေ"

မြသူဇာက သူမလက်ဝါးနှစ်ဖက်ကို ဖြန့်ပြရာ လက်ဝါးအလယ် နေရာလောက်တွင် ထင်ရှားသော အမှတ်အသားနှစ်ခုကို တွေ့ရလေ သည်။

ထိုအမှတ်အသားနှစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။





အပြန်အလှန် လည်နေသော စကြာအမှတ်အသားနှစ်ခုတို့ပင် ဖြစ်သည်။

"ဒါ ဘာတွေလဲဟင်"

"ဒီအမှတ်တံဆိပ်တွေက တခြားမဟုတ်ပါဘူး၊ အချစ်နတ်မင်းနဲ့ အချစ်နတ်ဖုရားမတို့၏သင်္ကေတ အမှတ်တံဆိပ်တွေပါပဲ"

"အံ့သြစရာပဲ . . . ကိုယ်တော့ တစ်ခါမှ မမြင်ဖူးသေးဘူး၊ ဒါ က လူတိုင်းမှာတော့ မပါနိုင်ဘူးနော်"





"သူက အချစ်ကို တန်ဖိုးထားတဲ့သူ သစ္စာတရားကို လေးစားတဲ့ လူတိုင်း ရစေနိုင်ပါတယ်၊ စောစောက အဘိုးတိုက်တဲ့ သစ္စာရေကို သောက်ပြီးတဲ့နောက်မှာ ကျွန်မလက်ဝါးပေါ်မှာတင် မဟုတ်ဘူး၊ အစ်ကိုလက်ဝါးပေါ်မှာလည်း ဒီလိုအမှတ်အသားမျိုး ပေါ်နေနိုင်ပါ တယ်"

ဟု ပြောသဖြင့် နီမောင်က သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်ကြည့် လိုက်လေသည်။

ယခင်က သူ့လက်ဝါးပြင်ပေါ်မှာ ဘာမှမရှိသော်လည်း ယခု အခါမှာတော့ အပြန်အလှန် လည်နေဟန်ရှိသော စကြာအမှတ်အသား နှစ်ခု ရေးရေးပေါ်နေလေသည်။

ထို့ကြောင့် များစွာအံ့သြသွားမိလေသည်။

ထိုသင်္ကေတနှစ်ခုကို ချစ်သူနှစ်ဦး ဒါမှမဟုတ် လူသားများ တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာနှင့် ပတ်သက်ပြီး အလေးထားမှု၊ အချစ်စွမ်းအားများကို တိုးပွားစေမှုနှင့် သစ္စာတရား ခိုင်မြဲစေမှုများကို ဖြစ်ထွန်းပေါ်ပေါက်စေသော (EROS)အချစ်သင်္ကေတအဖြစ် အသုံးပြု ကြလေသည်။

ထိုသင်္ကေတနှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုး လည်း ရှိကြပေသည်။

မေတ္တာသင်္ကေတနှင့် အချစ်သင်္ကေတတို့သည် လောကီ အမှတ်သင်္ကေတများတွင် ပါဝင်သည်။

အဆင်းလှ၍ သင်းရနံ့ထုံသော ပန်းမဖြစ်ပေါ်မီကပင် လှပ သော ပန်းတစ်ပွင့်ဖြစ်စေသည့်အရာများက အစအဦးကာလကပင် ရှိပြီးဖြစ်သည်။

မဟာစကြဝဠာကြီးတစ်ခုလုံးနှင့် နေ၊ လ၊ ကြယ်စင်၊ ဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်အပါအဝင် မူလအစတွင် အရာရာ ရှိပြီးဖြစ်လင့်ကစား အသွင်မဲ့၊ သဏ္ဌာန်မဲ့၊ ဖရိုဖရဲနှင့် ကစဉ့်ကလျား ဖြစ်တည်ခြင်းမှ စတင်ခဲ့သည်ဟူ၍ ရှေးကာလ ခေါ်မဒဏ္ဍာရီ ဂရိမိုက်သိုလော်ဂျီ (Greek Myothology) က ဖွင့်ဆိုသည်။

အစစအရာရာ စတင်ခြင်းသည် ခေးအော့(စ်)(Chaos) အမည်ရှိသော နတ်ဘုရားမှ ဖန်ဆင်းဖြစ်သည်ဟူ၍ဆိုသည်။ခေးအော့(စ်)(Chaos)ကို ဖရိုဖရဲနတ်မင်းကြီးဟူ၍ သတ်မှတ်သည်။

ရှေးကာလ နတ်ဘုရားတို့၏မူလအစဖြစ်၏။

ကစဉ့်ကလှား၊ ဖရိုဖရဲဖြစ်ခြင်းသည် "Chaos" ဖြစ်သလို "Chaos" သည်လည်း ဖရိုဖရဲ နတ်ဘုရားဖြစ်သည်။

အရာရာကို ဖြစ်တည်စေသော မူလအခြေခံဓာတ်သဘာဝနှင့် ဒြပ်သဘာဝ အလုံးစုံသည် ဖရိုဖရဲနတ်မင်းကြီး၏ဖန်တီးမှုကြောင့် နေရာအနှံ့ ပျံ့နှံ့လျက် တည်ရှိသည်။

ထိုကဲ့သို့ ကစဉ့်ကလျား ဖရိုဖရဲဖြစ်စဉ်ကို ခေးအော့(စ်)(Chaos)ဖြစ်စဉ်ဖြင့် တည်ရှိသည်ဟု ဆိုသည်။

| | | |
|---|---|---|
| အလင်း | - | အမှောင် |
| အပူ | - | အအေး |
| မာကျောခြင်း | - | ပျော့ပျောင်းခြင်း |
| အခိုးအငွေ့ | - | အစိုင်အခဲ |
| စီးဆင်းခြင်း | - | ဖွဲ့တည်ခြင်း |

စသည့် ဆန့်ကျင်ဘက်များ ဖရိုဖရဲဖြစ်မှု၊ ပေါင်းစည်းမှု၊ ခွဲထွက်မှုများမှ စကြာဝဠာကြီးဖြစ်ခဲ့လေသည်။

ထိုကဲ့သို့ ဖရိုဖရဲဖြစ်မှုကို ခေးအော့(စ)(Chaos)နတ်မင်းမှ ချုပ်ကိုင်သည်။





အချစ်မေတ္တာနတ်ဘုရားကို အီရော့(စ)(Eros)ဟု ခေါ်သည်။

နောက်ကျိအောင် လှုပ်ခါထားသောအရာ တည်ငြိမ်လေသော် အနယ်ကျ ဖွဲ့စည်းမှု၊ သဘာဝ နိယာမအရ ဖရိုဖရဲ ကစဉ့်ကလျားဖြစ်မှု အရှိန်လျော့လေသော် အစိုင်အခဲသဏ္ဌာန် ဖွဲ့စည်းမှုများ စတင်လာသည်။

အစီအစဉ်မဲ့၊ ပုံစံမဲ့၊ အသွင်မဲ့မှု အစိုင်အခဲ ဖွဲ့စည်းလေသော် အပြန်အလှန် ဆန့်ကျင်မှုအကြား ဖြစ်တည်မှုသစ်တစ်ခု ပေါ်ထွန်းလာသည်။

ပုံဆောင်မဲ့နှင့် ပုံဆောင်ခဲကြား ဖြစ်တည်မှု စတင်ရာမှ တစ်ခုနှင့်တစ်ခု ခွဲထုတ်ခြင်း၊ တစ်ခုနှင့်တစ်ခု ပေါင်းစည်းခြင်း၊ တူရာသဘာဝနှင့် ဆန့်ကျင်မှုသဘာဝကို ဖြစ်တည်စေခြင်းများ ဖြစ်စေသော သဘာဝတစ်ခု ပေါ်ထွန်းသည်။

နတ်ဒေဝါအသွင်ဖြင့် ပေါ်ထွန်းသည်ဟု ဒဏ္ဍာရီ တွင်ဆိုသည့် "အီးရော့(ခ)" (Eros)အမည်ရှိသော နတ်ဒေဝါ ပေါ်ထွန်းလေသည်။

ရုပ်ဝတ္ထုတစ်ခုနှင့်တစ်ခုဖြစ်စေ၊ သဘာဝ ကွဲပြားသောအရာတစ်ခုနှင့်တစ်ခုဖြစ်စေ၊ သဘာဝတူညီသောအရာတစ်ခုနှင့် တစ်ခုကိုဖြစ်စေ၊ ဆက်သွယ်ခြင်း၊ ပေါင်းစပ်စေခြင်း၊ အသစ်ဖြစ်စေခြင်းတို့ကို ဖန်တီးပေးသည်။

ထိုကဲ့သို့ ပေါင်းစည်းမှုဖြစ်စဉ်ကို "အီးရော့(စ်)"(Eros)က ဖန်တီး၏။

တစ်ခုနှင့်တစ်ခု ပေါင်းစည်းနှောင်ဖွဲ့စေသော စွမ်းအားကို "လပ်(ဖ)"(Love) ဟူ၍ ခေါ်သည်။

မြန်မာဘာသာဖြင့်ဆိုသော် 'အချစ်' ဟူ၍ခေါ်သည်။

ဤသို့ "ချစ်ခြင်းမေတ္တာ" (Love)ကို ဖန်ဆင်းသူမှာ "အီး



www.burmeseclassic.com

www.burmeseclassic.com



ရော့(စ)" (Eros)ဖြစ်၏။

"အီးရော့(စ)"(Eros)သည် "အချစ်နတ်ဘုရား" ဖြစ်သလို ကိုယ်တိုင်သည်လည်း "အချစ်" ဖြစ်၏။

ရှေးဟောင်းဂရိဒဿနိကအလိုအရ "ချစ်ခြင်းမေတ္တာ" ဆိုသည်ကား သက်ရှိတို့ တစ်ဦးနှင့်တစ်ဦး အသည်းနှလုံးမှ ယိုစီးဆင်းသော ချစ်ခြင်းမေတ္တာမဟုတ်၊ အလိုရှိအပ်သောအရာများ၊ ပေါင်းစည်းအပ်သောအရာများ၊ ဖြစ်ပေါ်လိုသော အကြောင်းအရာတို့အား ဖရိုဖရဲ စီးဆင်းနေသော သဘာဝမှ ရွေးနှုတ်ယူငင်ကာ ဖန်ဆင်းဖြစ်တည်စေသော စွမ်းအားဖြစ်သည်။

"အီးရော့(စ)"(Eros) နတ်ဒေဝတာ၏စွမ်းအားကို ရယူကာ အရာရာကို အသွင်သစ်တည်ကာ ဖြစ်တည်စေသော သဘာဝ စွမ်းအားကို "ချစ်ခြင်းမေတ္တာ" (Love)ဟု ခေါ်ခြင်းဖြစ်သည်။

ဂရိဒဿနိကအလိုအရ ချစ်ခြင်းမေတ္တာဖြင့် အရာရာကို ဖန်တီးနိုင်စွမ်းရှိသည်။

သဘာဝအတွင်း လွင့်မျောနေသော ပန်းပွင့်ဖြစ်စေသောအရာများကို ပေါင်းစည်း၍ ပန်းပွင့်ကို ဖြစ်စေခြင်းသည် "ချစ်ခြင်းမေတ္တာ" (Love)က ဖန်တီး၏။

သာယာနာပျော်ဖွယ်ဖြစ်သော သံစဉ်တစ်ခုဖြစ်စေသည့် မူလ အရင်းအမြစ်အားလုံးကို သဘာဝ လောကမှ ကောက်ယူ ဖွဲ့စည်း၍ တေးဂီတဖြစ်စေခြင်းသည်လည်း ချစ်ခြင်းမေတ္တာ(Love)၏ စွမ်းအား ကြောင့်ပေတည်း။

လူသားအစ သက်ရှိသတ္တဝါအလုံးစုံနှင့် သက်မဲ့ကျောက်စိုင် ကျောက်ခဲ အလုံးစုံအား သဘာဝဖွဲ့စည်းမှုသည် ချစ်ခြင်းမေတ္တာ (Love)၊ "အီးရော့(စ)(Eros)မှဖြစ်သည်။





မူလဖြစ်တည်မှုကို ခေးအော့(စ)(Chaos)မှ ဖန်တီးထားသည့် အရာအလုံးစုံအပေါ် အီးရော့(စ) (Eros)အချစ်နတ်ဒေဝါမှ အရာရာ အား စနစ်တကျ ဖွဲ့တည်၍ တင့်တယ်သောအရာမှန်သမျှကို ဖြစ်စေ သည်။

အချစ်သည် အရာရာကို ဖန်တီးနိုင်သည်ဟု ဆိုသည်။

"Love Creates Everything" ဟူသော ဒဿနိကအယူအဆ ရှိသည်။

ထိုမှတဆင့် လူသားတို့၏ဖြစ်လိုသောဆန္ဒအားလုံးကို ပြည့် မြောက်စေရန် အီးရော့(စ)(Eros)၏အချစ်သင်္ကေတကို ဆောင်ယူ သော အလေ့အထ ပေါ်ပေါက်လေသည်။

အချစ်မေတ္တာနတ်မင်း၏သင်္ကေတဖြစ်သော အချစ်(Love)ကို တည်ငြိမ်တည်တံ့သော၊ ခိုင်ခန့်သော၊ ယိမ်းယိုင်မှု မရှိသော၊ တည်ငြိမ် သည့်၊ ဖွဲ့တည်မှုရှိသောအချစ် "Love (Unshakeable)" ဟု ဆိုသည်။ ၎င်းမှာ မြန်မာစကား "မေတ္တာ" ဟူသောစကားနှင့် အဓိပ္ပါယ်တူသည်။

တစ်ခုနှင့်တစ်ခု ဖွဲ့စည်းရာမှ လှုပ်ရှားမှုများ ဖြစ်ပေါ်ကာ အသစ်ဖန်တီးမှုများ ထပ်ဆင့် ဆင့်ကဲဖြစ်ပေါ်လာသော အချစ်မေတ္တာ Love (Shakeable) ဟူ၍ဆိုသည်။

၎င်းမှာ မြန်မာစကား "ကိလေသာအချစ်" ဟူသော စကားနှင့် အဓိပ္ပာယ် နီးစပ်သည်။

သို့ဖြစ်၍ အချစ်သင်္ကေတနှစ်မျိုးရှိသည်ဟု မှတ်ယူနိုင်ပေ သည်။

တည်ငြိမ်သော မေတ္တာအချစ်ကို ဖန်တီးသော သင်္ကေတကို ဆောင်ယူခြင်းဖြင့် မိမိဖြစ်လိုသောအရာများကို ဖြစ်ပေါ်စေသည်။

အလွန်တန်ခိုးကြီး၍ အလိုဆန္ဒပြည့်စေသော သင်္ကေတဟု




www.burmeseclassic.com

www.burmeseclassic.com




ဆိုသည်။

မူလသဘာဝတွင် ဖရိုဖရဲ ဖြစ်တည်နေသောအရာများ (Chaos)မှ မိမိစိတ်ဆန္ဒမှ ဖြစ်လိုသောအရာများအဖြစ် အချစ်နတ်ဘုရား အီးရော့(စ)(Eros)မှ လိုလားသည်များ ပေါင်းစည်းဖြစ်ပေါ်စေရန် အထောက်အကူပြုသည်။



ပူးတွဲဖော်ပြထားသည့်ပုံ(၁)သည် အီရော့(စ)(Eros) အချစ်နတ်ဘုရား၏အချစ်(တည်ငြိမ်သည့် ဖွဲ့တည်မှု ရှိသောပုံ) "Love (Unshakeable)" ၏သင်္ကေတဖြစ်သည်။

လူသားတစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာကို ဖြစ်ထွန်းစေသော အီရော့(စ)(Eros) အချစ်နတ်ဘုရား၏အချစ်(လှုပ်ရှားမှုများ ဆင့်ကဲဖြစ်ပေါ်လာပုံ)"Love (Shakeable)၏သင်္ကေတဖြစ်သော ပုံ(၂)ကို ပူးတွဲဖော်ပြပါသည်။







ဤသင်္ကေတကို ဆောင်ယူခြင်းဖြင့် မျက်နှာပွင့်လန်းခြင်း၊ လူအများအပေါ် လွှမ်းမိုးနိုင်ခြင်းဖြစ်သည်။

ထိုကဲ့သို့ ထူးခြားသော သင်္ကေတမျိုး မိမိလက်ဝါးပေါ်၌ မမျှော်လင့်ဘဲ ပေါ်ပေါက်နေသောကြောင့်လည်း များစွာအံ့ဩနေမိလေသည်။

"ဒါ ဘာကြောင့် ပေါ်နေတာလဲဟင်"

"အစ်ကိုနဲ့ကျွန်မနဲ့ သစ္စာရေ အတူတူ သောက်ထားမှတော့ ဒီအမှတ်အသားမျိုး ပေါ်လာတာ အဆန်းမှ မဟုတ်တာ အစ်ကိုရယ်"

ဟု ပြောကာ မြသူဇာက သူ့ရင်ခွင်ထဲကို တိုးဝင်လာလေရာ နီမောင်က အလိုက်သင့် ဖက်ထားလိုက်ရလေသည်။

သူ့အနေနဲ့တော့ အိပ်မက်ရှည်တစ်ခု မက်နေရသကဲ့သို့ ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# ဥစ္စာစောင့်နှင့် ဖူးစာဆုံကြသူများ

နီမောင် ပျောက်နေသည်မှာ ရက်အတန်ငယ်ကြာသွားပြီ ဖြစ်သဖြင့် အားလုံးကတော့ စိတ်ပူနေကြလေသည်။ သူ၏မိဘများ ဖြစ်ကြသော ဦးဘရှိန်နှင့်ဒေါ်ကျင်မေတို့မှာ သားအတွက် များစွာစိုးရိမ်သောက ရောက်နေကြလေသည်။

စောထီးနှင့်ငမဲအောင်တို့ ပြောပြပုံအရတော့ တောထဲမှာ မြေးရင်းလွှားရင်းနှင့် လူချင်းကွဲသွားသည်သာ ရှိသည်။ သေသည်ရှင်သည် မပြောနိုင်ကြသောကြောင့် မျှော်လင့်ချက်တော့ ရှိနေကြသည်။

နောက်ပိုင်းရက်များမှာလည်း စောထီးနှင့်ငမဲအောင်တို့က ရှာ



www.burmeseclassic.com

www.burmeseclassic.com



သူရွာသားအချို့ကို ခေါ်ယူပြီး ထိုနေရာတစ်ဝိုက်သို့ သွားရောက်ရှာဖွေကြသေးသည်။

နေရာအနှံ့ တောနင်းရှာဖွေကြသော်လည်း အစအနမျှပင် မတွေ့ကြရပေ။

"အင်း . . . ပျောက်ပုံကတော့ အတော်ကလေး ဆန်းတယ်၊ တကယ်လို့ အသက်သေသွားရင်လည်း အလောင်းတော့ တွေ့ရမှာပဲ၊ အလောင်းကို တောကောင်တွေ ချီသွားတယ်ဆိုရင်တောင်မှ အစအနတော့ တွေ့ရမှာပဲ၊ အခုတော့ ဘာမှမတွေ့ရဘူး"

"တစ်နေရာကိုများ တောကျွံပြီးတော့ ရောက်သွားလေသလား"

"နီမောင်က ကလေးမှ မဟုတ်တာ၊ ပုံတောင်ပုံညာတစ်ဝိုက်ဆိုရင်လည်း သူ မသိတဲ့နေရာမှ မရှိတာ တစ်နေရာကို နယ်ကျွံသွားရင်တောင်မှ ဒီလောက်ကြာရင် ပြန်လာရမှာပေါ့"

"တကယ်လို့ ပြန်မလာနိုင်ရင် ဘယ်လိုလုပ်မလဲ"

"ဘာလို့ ပြန်မလာနိုင်တာလဲ"

"ဒဏ်ရာရပြီး တစ်နေရာရောက်နေရင် ဘယ်လိုလုပ်မလဲ"

"အင်း . . . ဒါလည်းဟုတ်တာပဲ၊ ဒဏ်ရာရပြီး မထနိုင်တော့လို့ တစ်နေရာမှာ ဝင်ခိုနေရင် ဘယ်လိုလုပ်မလဲ"

"အင်း . . . ဒါလည်း ဟုတ်တာပဲ၊ အူသံပေးကြည့်ကြရင်ကော"

ဟု ပြော၍ ရှာရင်းဖွေရင်းနှင့် အူသံပေးကြည့်ကြသည်။

"အူ . . . ဝူ . . . ဝူ"

"အူ . . . ဝူ . . . ဝူ"

ထိုသို့ အူသံပေးပြီး လိုက်ရှာကြရာ တစ်နေရာသို့ ရောက်သွားလေသည်။





အခြားမဟုတ်ပေ . . .။

ကျောက်နှာမောင်းများ ရှိသောနေရာပင်ဖြစ်၏။

ထိုနေရာရောက်သောအခါ တောင်ကြောတစ်ခု၏အောက်ခြေတွင် နီမောင်ကိုင်သော ဓားနှင့်ပလိုင်းကို တွေ့ကြရသည်။

"ဒါ နီမောင်ကိုင်တဲ့ဓားပဲ၊ ဒါလည်း သူ အမြဲလွယ်တဲ့ ပလိုင်းမဟုတ်လား"

"အေး . . . ဟုတ်တယ်"

ထို့ကြောင့် အားတက်သရေဖြင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံ ရှာဖွေကြသည်။

သို့သော် အစအနမျှပင် မတွေ့ရပေ။

"အူ . . . ဝူ . . . ဝူ"

"အူ . . . ဝူ . . . ဝူ"

အူသံပေးကြည့်ကြသည်။

သို့သော် အခြေအနေ မထူးပေ။

တုံ့ပြန်မှုအသံ မကြားရပေ။

နီမောင်တစ်ယောက် ထိုနေရာတစ်ဝိုက်မှာ ပျောက်ချင်းမလှ ပျောက်သွားသောကြောင့် အားလုံးမှာ အံ့သြနေကြလေသည်။

တောကောင်ချီသွားသည်အထင်နှင့် ထိုနေရာပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြည့်သောအခါတွင်လည်း အစအနမျှပင် မတွေ့ရသဖြင့် အံ့သြနေကြသည်။

နောက်ဆုံးမှာတော့ လက်လျှော့ပြီး ပြန်သွားကြရလေတော့သည်။

နီမောင်တို့အိမ်မှာ ရောက်နေသော ဆရာကြီးသူရဇ္ဇကတော့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း စိတ်မပူကြပါနဲ့၊ အခု သူ့ကို ရှာမတွေ့သေးပေမယ့် အသက်မသေသေးပါဘူး၊ တစ်နေရာရာမှာ ရှိနေပါတယ်"

ထိုစကားကြောင့် ဝမ်းသာအံ့ဩသွားကြလေသည်။

"ဆရာကြီး တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ. . . ကျုပ် သူနဲ့ တွေ့ပြီးပါပြီ"

"ဟင်. . . ဆရာကြီးက ကျွန်မသားလေးနဲ့ တွေ့ပြီးပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ သူ ဘယ်နေရာ ရောက်နေတာလဲဟင်"

"တစ်နေရာမှာတော့ ရှိပါတယ်၊ မကြာခင်တော့ ပြန်လာနိုင်မှာပါ"

"ကျွန်မသားလေးကို ဘယ်သူတွေက ခေါ်ထားတာလဲဟင်"

"ကျုပ်အနေနဲ့တော့ ပြောခွင့်မရှိပါဘူး၊ စိတ်တော့ မဆိုးကြပါနဲ့၊ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်"

ဟု ဆရာကြီးက ပြောသောအခါမှ အတန်အသင့် စိတ်သက်သာရာ ရသွားကြလေသည်။

နီမောင် ပျောက်နေသဖြင့် စိတ်ပူနေကြသောသူများထဲမှာ သူ၏မိဘများသာမကဘဲ နှင်းမေတစ်ယောက်လည်း ပါလေသည်။

နှင်းမေက စောထီးနှင့်ငမဲအောင်တို့ကို တွေ့သောအခါ မေးသည်။

"နင်တို့ တောထဲမှာ လိုက်ရှာကြတာ နီမောင့်သတင်းအစအန ဘာတွေ့ခဲ့ကြသလဲဟင်"

"ဘာမှတော့ မတွေ့သေးပါဘူး နှင်းမေရာ"





"ဒါဖြင့် သူ သေများသေသွားပြီလားဟင်"

"ငါတို့ လိုက်ရှာတာတော့ သူ့စားနဲ့ ပလိုင်းပဲ တွေ့ခဲ့ရတယ်၊ ဒါပေမယ့် ဆရာကြီးတွေကတော့ သူ မသေသေးဘူးလို့ ပြောတာပဲ"

ထိုစကားကြားသော်လည်း နှင်းမေမျက်နှာလေးမှာ ညှိုးငယ်နေဆဲပင် ရှိလေသည်။

"ဖြစ်မှဖြစ်ရလေဟာ. . . ငါ့အသက်ကိုတော့ သူက ကယ်ပေးခဲ့ပြီး သူ ဒုက္ခရောက်နေတဲ့အချိန်ရောက်တော့ ငါက မကယ်နိုင်တော့ဘူး. . . စိတ်မကောင်းလိုက်တာ"

ဟု ပြောကာ မျက်ရည်အဝိုင်းသားနှင့် ရှိနေလေသည်။

ထိုအချိန်တွင် ဆရာကြီးသူရဋ္ဌနှင့်ဦးဗန်ကောင်းတို့မှာလည်း နှစ်ယောက်သား တိုးတိုးတိတ်တိတ် တိုင်ပင်နေကြလေသည်။

နှစ်ယောက်ချင်း တွေ့သောအခါ ဦးဗန်ကောင်းက မေးသည်။

"ဆရာကြီး သူ့ရဲ့ဝိညာဉ်နဲ့ တွေ့ရပြီးပြီလား"

"တစ်ကြိမ်တွေ့ရပြီးပါပြီ"

ဆရာကြီးသူရဋ္ဌက အေးအေးဆေးဆေး အမူအယာနှင့်ပင် ပြန်ပြောလေသည်။

"သူ ဘယ်နေရာ ရောက်နေတာလဲ"

"ကျောက်နှာမောင်းသိုက်ထဲက လူတွေရဲ့ လက်ထဲမှာ ရောက်နေတယ်"

"ဘာကြောင့် သူ့ကို မသတ်ဘဲ လူ့ဘဝအတိုင်း ခေါ်ထားရတာလဲ"

"ကျုပ်အထင်ပြောရရင်တော့ လူချင်း လဲယူဖို့ ခေါ်ထားတာဖြစ်မယ်ထင်တယ်"

"လူတစ်ယောက်ကို ဘဝခြားနေတဲ့ ဝိညာဉ်လောကသားတွေ



www.burmeseclassic.com

www.burmeseclassic.com



က အခုလို ခေါ်ထားလို့ရမလား"

"ကာယကံရှင်ကိုယ်တိုင်က နှစ်သက်သဘောကျလို့ နေရင် ခေါ်ထားလို့ရပါတယ်"

"အိမ်မပြန်ချင်လောက်အောင် ဘယ်လိုနည်းမျိုးတွေ သုံးပြီး ဆွဲထားတာ ဖြစ်မလဲ"

"ကျုပ်ကတော့ သူ့ဝိညာဉ်နဲ့ တွေ့ရတုန်းက အတန်တန် သတိပေးခဲ့တာပဲ၊ ဒါပေမယ့် လူတစ်ယောက်ဟာ အခြားအရာတွေကိုသာ ရှောင်လို့ရချင်ရမယ်၊ အချောအလှ အတွေ့အထိတွေနဲ့ ဆင်တဲ့ မာယာကွန်ယက်ကိုတော့ လွတ်အောင်ရှောင်ဖို့ အတော်ကလေး ခဲယဉ်းတာပဲ၊ သူ့ကိုလည်း ဒီနည်းသုံးပြီး ခေါ်ထားတာ ဖြစ်မှာပေါ့"

ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချပြီး ပါးစပ်ထဲမှ ကွမ်းဖတ်များကို ထွေးထုတ်ပြီး ရေနွေးကြမ်းတစ်ခွက် သောက်လိုက်လေသည်။

"လူတစ်ယောက်နဲ့ ဥစ္စာစောင့်တွေနဲ့ ပေါင်းဖက်လို့ကော ရရဲ့လား ဆရာကြီး"

"ရတာပေါ့ဗျာ. . . ဒီလိုညားပြီး သိုက်ထဲ အပြီးရောက်သွားတဲ့ အဖြစ်တွေ အများကြီးရှိတာပဲ၊

လူမပြောနဲ့. . . သိုက်ဆရာ သာလာရတောင်မှ ရွှေဂျိုးဖြူ မူလာခဲ သိုက်က မူလာခဲဆိုတဲ့ သိုက်စောင့်မလေးနဲ့ ချစ်မိလို့ သူကိုယ်တိုင် သိုက်ထဲ ရောက်သွားခဲ့ရတယ်လေ"

"မှန်ပါတယ်"

"မြစိမ်းရှင် သိုက်သမိုင်းမှာလည်း ကိုဘုန်းကြွယ်ဆိုတဲ့လူဟာ သိုက်စောင့်မမြစိမ်းနဲ့ တွေ့ပြီး လက်ထပ်ပေါင်းသင်းခဲ့ကြတော့ သားရှင်ပြုတဲ့အရွယ် ရောက်တော့မှ သိုက်ထဲ ပြန်သွားခဲ့တာလေ"



"ဟုတ်ပါတယ်"

"ခင်ဗျားကို လူနဲ့ဥစ္စာစောင့်မတို့ ချစ်ကြိုက်ပြီး အတူတကွ ပေါင်းသင်းနေထိုင်ခဲ့တဲ့ တကယ့်အဖြစ်အပျက်တစ်ခုကို ကျုပ်ပြောပြဦးမယ်"

ဟု ဆရာကြီးသူရရွှေက အောက်ပါအဖြစ်အပျက်ကို ပြောပြလေသည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာခန့်က ဟင်္သာတ ဒိစတြိတ်၊ မြန်အောင် ခရိုင်အတွင်း၌ ရွှေကျင်ရွာ ရှိသည်။

ရွှေကျင်ရွာမှာ အိမ်ခြေ(၃၀၀)ခန့်ရှိသော ရွာကြီးတစ်ရွာလည်း ဖြစ်သည်။

ရွာထိပ်တွင် အများကိုးကွယ်သော 'တောင်တွင်းကျောင်း' ဟူသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိသည်။

ထိုကျောင်း၌ ကျောင်းထိုင်သော ဘုန်းတော်ကြီးမှာ အထက်ချင်းတွင်းနယ်ဘက်မှဖြစ်ပြီး တောင်တွင်းကျောင်းသို့ လာရောက်ကျောင်းထိုင်သောအခါ တပည့်ဖြစ်သူ မောင်စံလွင်ကိုပါ ခေါ်လာခဲ့သည်။

ထိုကျောင်းသို့ ရောက်ပြီး (၁၀)နှစ်ကျော်ခန့် ကြာသောအခါ မောင်စံလွင်မှာ မူပျက်လာသည်။

အခြားကျောင်းသားများနှင့် ရောရောနှောနှော မနေဘဲ တစ်ယောက်တည်း သီးခြားနေလာသည်ကို ဘုန်းကြီးက ရိပ်မိလေသည်။

ဆရာတော်မှ ဆေးဝါး၊ ဂါထာမန္တရား စသည်တို့ကို တတ်ကျွမ်းပေါက်မြောက်သူဖြစ်သောကြောင့် တပည့်ဖြစ်သူ မောင်စံလွင်၏အမူအယာကို အကဲခတ်ကြည့်ရှုဖြင့် အမှောင့်ပယောဂနှင့် ပတ်သက်နေသည်ကို အကဲခတ်မိလေသည်။

www.burmeseclassic.com

ထို့ကြောင့် ခေါ်မေးသောအခါ ပထမတော့ မောင်စံလွင်က ငြင်းသည်။

နောက် ဆရာတော်က အတင်းအကြပ် မေးသောအခါမှ မငြင်းသာတော့ဘဲ အမှန်အတိုင်း ဝန်ခံရလေတော့သည်။

"တပည့်တော် ဥစ္စာစောင့် မငွေသိန်းနဲ့ ချစ်ကြိုက်နေသည်မှာ ကြာပါပြီ၊ မကြာခင် သားသမီး ရတော့မည့် အခြေအနေမျိုးပင် ရောက်နေပါပြီဘုရား"

ဟု ဝန်ခံပြောကြားလေသည်။

"မင်း တယ်မိုက်ပါလား၊ လူနဲ့ဝိညာဉ်လောကသားဆိုတာ ပေါင်းစပ်လို့မှ မရနိုင်တာ၊ တစ်နေ့ကျရင် မင်းပဲ ဒုက္ခနဲ့ ရင်ဆိုင်တွေ့မှာပဲ၊ ရပ်တန်းက ရပ်လိုက်ပါတော့"

ဟု ပြောသော်လည်း မောင်စံလွင်မှာ အတော်လွန်နေပြီဖြစ်သောကြောင့် နောက်ဆုတ်၍ မရတော့နိုင်တော့ကြောင်း တောင်းပန်ပြောဆိုလေသည်။

ထိုအခါ ဆရာတော်က အချိန်ကြာလာပါက တပည့်ဖြစ်သူ ဒုက္ခတွေ့ရတော့မည်ကို သိသဖြင့် ကယ်တင်ရန် ဆုံးဖြတ်ရလေတော့သည်။

တစ်နေ့တွင် မောင်စံလွင်အား ခေါ်ပြီး အတတ်ပညာဖြင့် စီရင်ထားသော အပ်သုံးချောင်းကို ပေးသည်။

"မင်း သူ့ကို တကယ်နှစ်သက်သလား"

"နှစ်သက်ပါတယ်ဘုရား"

"သူနဲ့ အမြဲကော အတူမနေချင်ဘူးလား"

"နေချင်ပါတယ်ဘုရား"

"ဒီလိုဆိုရင် ငါပြောတဲ့အတိုင်း လုပ်ပေတော့၊ ဒီတစ်ခါ သူနဲ့ တွေ့ရင် ဟောဒီအပ်သုံးချောင်းကို သူ့ဦးခေါင်းမှာ စိုက်ပေးလိုက်ပေတော့"

ဟု မှာကြားလိုက်လေသည်။

"ကောင်းပါပြီဘုရား"

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီတစ်ခါတွေ့ရင် သူရှိတဲ့နေရာမှာ သွားမတွေ့ဘဲ ဒီကျောင်းဝန်းထဲကို ရောက်အောင် ခေါ်လာပြီးမှ စိုက်ပေတော့၊

ဒီကျောင်းဝန်းထဲမှာဆိုတော့ မင်းကို ဘယ်အန္တရာယ်ကမှ အနှောင့်အယှက် မပေးနိုင်ဘူးပေါ့"

"မှန်လှပါဘုရား"

ထို့နောက် မောင်စံလွင်က ဘုန်းကြီးပေးသော အပ်သုံးချောင်းကို အသေအချာ သိမ်းထားလိုက်လေသည်။

နောက်တစ်ရက်မှာတော့ ဥစ္စာစောင့် မငွေသိန်းနှင့် တွေ့ရန် ချိန်းတွေ့သောအခါ တွေ့နေကျနေရာတွင် မဟုတ်တော့ဘဲ ကျောင်းဝင်းတစ်နေရာ၌ တွေ့ကြရန် ချိန်းလေသည်။

"ဖြစ်ပါ့မလား. . . ကျောင်းဝင်းထဲကို ကျွန်မ မလိုက်ဝံ့ဘူး"

"ဖြစ်ပါတယ်. . . ဘယ်လိုအန္တရာယ်မှ မဖြစ်စေရပါဘူး"

ဟု ခေါ်တော့မှ လိုက်လာလေသည်။

ကျောင်းဝန်းထဲ ရောက်သောအခါ ချစ်စကား ကြိုက်စကား ပြောရင်းနှင့် ဆရာတော် ပေးထားသော အပ်သုံးချောင်းကို မငွေသိန်း ဦးခေါင်းအတွင်းသို့ စိုက်သွင်းလိုက်လေသည်။

ထိုသို့စိုက်သွင်းသည်နှင့် မငွေသိန်းလည်း များစွာထိတ်လန့်သော အမူအယာဖြစ်လျက် မောင်စံလွင်ကို ဖက်လျက် သတိမေ့သွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ ထိုနေရာသို့ ဆရာတော် ရောက်လာလေသည်။

"ကိစ္စပြီးပြီလား"

"ပြီးသွားပါပြီဘုရား"

ထိုအခါ ဆရာတော်က မငွေသိန်းကို သတိပြန်ရအောင် ပြုလုပ်ပေးလေသည်။

မငွေသိန်းမှာ သတိပြန်ရလာသောအခါ ရှက်ကြောက်သော အမူအယာဖြင့် ဆရာတော်ကို ကန်တော့လေသည်။

"မောင်စံလွင်. . . မင်းက အရင်လို ကျောင်းသားမဟုတ်တော့တဲ့အတွက် ငါ့ကျောင်းမှာ နေလို့မရတော့ဘူး၊ သူ့ကို ကောင်းမွန်စွာ လုပ်ကျွေးဖို့အတွက် မင်းတာဝန်ယူရပေတော့မယ်"

မောင်စံလွင်မှာ မငွေသိန်းကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီဖြစ်သော်လည်း ဘယ်မှာနေ၍ ဘာလုပ်စားရမှန်း မသိရှာပေ။ သို့ကြောင့် ဆရာတော်က ရွာထဲမှာ နေထိုင်ကြသော ဒကာရင်းများဖြစ်ကြသည့် မောင်ရွှေဖောင်နှင့် မောင်စီလောင်တို့ကို ခေါ်ပြီး အပ်နှံပေးလိုက်လေသည်။

ဒကာများကလည်း ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်ထားကြလေသည်။

မငွေသိန်းမှာ ဦးခေါင်းမှာ အပ်စိုက်ခံထားရသည်ကိုပင် မသိရှိဘဲ သူမ၏ဘဝဟောင်းဖြစ်သော ဥစ္စာစောင့်ဘဝကိုပင် မေ့လျော့နေတော့သည်။

ဤသို့ဖြင့် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြရာ ရှစ်နှစ်ခန့်ကြာသောအခါ သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားလာလေတော့သည်။

သူတို့နှစ်ယောက်မှာ သားသမီးများပင် ထွန်းကားလာစေကာမူ





ရှေးဘဝ ကုသိုလ်နည်းကြသဖြင့် ဆင်းရဲတွင်းက မတက်နိုင်ကြပေ။

တစ်နေ့တော့ မောင်စံလွင်က ပြောသည်။

"မငွေသိန်း. . ငါ့သားလည်း အရွယ်ကလေး ရလာပြီဆိုတော့ ရှင်ပြုပေးရတော့မယ်၊ ငါ အောက်ပြည်အောက်ရွာ ဆင်းပြီး ရှင်ပြုဖို့အတွက် ငွေရှာသွားချေဦးမယ်"

ထိုသို့ပြောသောအခါ မငွေသိန်းကတော့ ယောကျ်ားဖြစ်သူကို မသွားစေလိုပေ။

သို့သော်လည်း သားဖြစ်သူ ရှင်ပြုပေးရန်အတွက်ဆိုပြန်တော့လည်း မတားသာတော့သဖြင့် ခွင့်ပေးလိုက်ရသည်။

မောင်စံလွင်မှာ အောက်ပြည်အောက်ရွာ ဆင်းသွားခဲ့သည်မှာ သုံးနှစ်ခန့် ကြာပြီဖြစ်သော်လည်း ပြန်ရောက်မလာနိုင်သေးပေ။

တစ်နေ့တော့ မငွေသိန်းမှာ ဦးခေါင်းထဲမှာ တစ်မျိုးဖြစ်နေသောကြောင့် သမီးဖြစ်သူကို ကြည့်ခိုင်းလေသည်။

"သမီး. . . မရှင်လေး. . ငါ့ခေါင်းထဲက ဘယ်လိုဖြစ်နေတာတာလဲ မသိဘူး၊ တစ်ချက်လောက် ကြည့်ပေးစမ်းပါကွယ်"

ဟု ပြောသဖြင့် သမီးဖြစ်သူက ဆံပင်များ သပ်ဖယ်ကြည့်လေသည်။

"အလို. . . ဖြစ်မှာပေါ့ အမေရဲ့၊ အမေ့ခေါင်းထဲမှာ ဆူးတွေသုံးချောင်းတောင် စိုက်နေတာကိုး"

"ဘယ်က ဆူးတွေများ စူးနေတာလဲဟယ်၊ ဇာဂနာနဲ့ နှုတ်ပစ်လိုက်စမ်း"

ဟု ပြောသဖြင့် သမီးဖြစ်သူက မငွေသိန်းဦးခေါင်းမှာ မောင်စံလွင် စိုက်ပေးထားသော အပ်သုံးချောင်းကို ဆွဲနှုတ်ပေးလိုက်လေသည်။

အပ်သုံးချောင်းကို ဖယ်လိုက်သည်နှင့် မငွေသိန်းမှာ အဝ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကို ပြန်သတိရပြီး ဥစ္စာစောင့်ဘဝသို့ ပြန်ရောက်သွားလေတော့သည်။

ထိုအခါ သိုက်ထဲသို့ ပြန်ကာနီးတွင် သားနှင့်သမီးကို မှာကြားထားခဲ့ရသည်။

"အမေက လူစင်စစ်တစ်ယောက် မဟုတ်ဘူး၊ ဥစ္စာစောင့်တစ်ယောက်ဖြစ်တယ်၊ အခု ချုပ်နှောင်ထားတဲ့ အစီအရင် ပြယ်သွားပြီဆိုတော့ သိုက်ထဲကိုပဲ ပြန်သွားရတော့မယ်"

ထိုစကားကြားသောအခါ သားနှင့်သမီးတို့က ငိုယိုပြီး အမျိုးမျိုးတားကြသော်လည်း မရတော့ပေ။

"အမေဟာ ဥစ္စာစောင့်တစ်ယောက်ဆိုပေမယ့် ဘုရားအတွက် ရည်စူးထားတဲ့ဥစ္စာပစ္စည်းတွေကို စောင့်နေရတာမို့ ပေးခွင့်မရှိဘူး၊ အမေပိုင်တဲ့ ငွေသားသုံးရာကို ပေးထားခဲ့မယ်၊ ဒီငွေကို မင်းတို့အဖေ ပြန်မလာခင် ကိုစီလောင်တို့ဆီမှာ အပ်ထားပါ။ မင်းအဖေ ပြန်လာလို့ သားကို ရှင်ပြုပေးရင် အမေပေးတဲ့ငွေကို အလှူငွေ ထည့်ပေးပါ။ ပြီးရင် အမေ့ကို ရည်စူးပြီးတော့ ရေစက်သွန်းချပေးပါ့၊ ဒီလိုဘဝမျိုးက ကင်းဝေးအောင် ဆုတောင်းပေးကြပါကွယ်"

ဟု ပြောဆိုမှာကြားပြီး ငွေဒင်္ဂါး(၃၀၀) ပေးထားခဲ့ပြီး ဘဝဟောင်းသို့ ပြန်သွားရလေတော့သည်။

ထို့နောက်မှာတော့ မောင်စံလွင် ပြန်ရောက်လာပြီး အကြောင်းစုံကို သိရသော်လည်း ပူဆွေးသောကရောက်ရုံမှလွဲပြီး ဘာမှမတတ်သာတော့ပေ။

ရက်အတန်ကြာသောအခါ ကိုစီလောင်တို့ထံမှာ အပ်ထားသောငွေကို ပြန်ယူ၍ သူရှာဖွေရ လာသောငွေနှင့် ပေါင်းကာ သားဖြစ်သူ မောင်ခင်ကို ရှင်ပြုပေးလိုက်လေသည်။



မငွေသိန်းကိုလည်း အမျှအတန်း ဝေပေးလိုက်သည်။

ထို့နောက်တွင် သမီးဖြစ်သူကို ကိုစီလောင်တို့အား သမီးအမှတ်နှင့် ကျွေးမွေးစောင့်ရှောက်ပါရန် အပ်နှံထားခဲ့ပြီး ၎င်းမှာလည်း ရဟန်းဘဝသို့ ကူးပြောင်းသွားလေတော့သည်။

ဆရာကြီးသူရဇ္ဇက ၎င်းပြောပြသောအကြောင်းအရာကို ထိုနေရာမှာ အဆုံးသတ်လိုက်လေသည်။

"ကျုပ်ပြောတဲ့အထိ အကြောင်းတွေက စိတ်ကူးနဲ့ ပြောနေတာမဟုတ်ဘူးဗျ၊ အပြင်မှာ တကယ်ဖြစ်ခဲ့တဲ့အကြောင်းတွေချည်းပဲ၊ ရွှေတချင်ရွာက ဦးစီလောင်နဲ့ သိုက်စောင့် မငွေသိန်းရဲ့သမီးနဲ့သားတွေဆိုရင်လည်း ရှိကြသေးတယ်"

"ဆရာကြီးပြောပုံအရဆိုရင် လူနဲ့သိုက်စောင့်မတွေနဲ့ ညားကြပေမယ့် သားသမီး ရရင် ပြန်ကြရတာပဲ မဟုတ်လား"

"အင်း. . . ဒါကတော့ ကံတရား ရှိသလောက်တော့ နေကြရမှာပေါ့ဗျာ"

"ဒါထက် ကျွန်တော်တို့ ဒီနေရာကို လာကြတဲ့ရည်ရွယ်ချက်က ကျောက်နှာမောင်းနေရာမှာ ရှိနေတဲ့ ပြဒါးရှင်ကို ဖမ်းဖို့ မဟုတ်လား"

"ဟုတ်တယ်ဗျ. . . ပြဒါးမဖမ်းခင် ပြဒါးနဲ့ ဆက်စပ်နေတဲ့ ကျောက်နှာမောင်းသိုက်နဲ့ ပတ်သက်နေတာတွေကို အရင်လုပ်ပေးနေလို့ အခုထိ လာရင်းကိစ္စဆီကို မရောက်သေးတာပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲဆရာကြီး"

"နီမောင့်ကိစ္စကို အရင်လုပ်ပေးရမယ်၊ ကြာလာရင် သူ့အတွက် အန္တရာယ်ရှိနိုင်တယ်"

"တကယ်လို့ သိုက်ထဲက လူတွေက သူ့ကို ပြန်လွှတ်မပေးဘဲ လူချင်း လဲယူမယ်ဆိုရင်ကော ဆရာကြီး ဘယ်လိုစီမံမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကတော့ လိုချင်တာ တောင်းမှာပဲ၊ ကိုယ့်ဘက်ကသာ ကတိပေးမလွန်ဖို့ အရေးကြီးတာပေါ့၊ လူတစ်ယောက်မှာ ကံကြမ္မာနဲ့ အချိန်အခါတော့ ရှိတယ်၊ ဖြစ်ချိန်တန်လာရင်တော့ ဘယ်သူမှ တားလို့ မရဘူးပေါ့ဗျာ"

"ဘယ်တော့ အစီအစဉ် စကြမလဲ ဆရာကြီး"

"ကျုပ်တို့နှစ်ယောက်တည်းနဲ့တော့ မရသေးဘူး၊ ဒီမှာ ရှိတဲ့ လူတွေကိုလည်း အကူအညီတောင်းရဦးမယ်၊ နောက်ပြီး စီစဉ်စရာတွေ စီစဉ်ထားရဦးမယ် မကြာခင်တော့ စပြီးလုပ်ကြရမှာပဲ"

ဟု ဆရာကြီးသူရဇ္ဇက ဦးဗန်ကောင်းအား ပြုလုပ်ရမည့် အစီအစဉ်များကို အသေးစိတ် ပြောပြလေသည်။





# အခန်း(၁၂)

# ကြောက်စရာကောင်းသည့် ပြဒါးပျံ့စက်ကွင်း

တစ်နေ့သ၌ ဆရာကြီးသူရဇ္ဇကိုယ်တိုင် ဦးဆောင်ပြီး ခရီးထွက်ရန် ပြင်လေတော့သည်။

သူသည် လိုအပ်သော ဆေးဝါးပစ္စည်းများကို စုံလင်စွာ ထည့်ယူလေသည်။

ခရီးထွက်ကြရာမှာတော့ ဆရာကြီးသူရဇ္ဇနှင့် ဦးဗန်ကောင်းတို့အပြင် နီမောင်သူငယ်ချင်းများ ဖြစ်သော စောထီးနှင့် ငမဲအောင်တို့လည်း အတူလိုက်ရန် ပြင်ဆင်လေသည်။

နီမောင်၏မိဘများမှာ သူတို့နှင့်အတူ လိုက်လိုကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့အတွက်နှင့် အနှောင့်အယှက်ပေါ်မည်စိုးသောကြောင့် မလိုက်ကြတော့ပေ။

မျက်ရည်လေး စက်လက်နှင့်ပင် သူ့သားကို အပါခေါ်ခဲ့ပါရန် တဖွဖွ မှာကြားနေတော့သည်။

"စိတ်ချပါ. . . ခင်ဗျားသားကို အသက်ရှင်ရက်နဲ့ ပြန်ခေါ်ခဲ့ပေးပါ့မယ်"

ဟု ဆရာကြီးက ကတိပေးတော့မှ အတန်အသင့် စိတ်သက်သာရာ ရသွားကြတော့သည်။

ထို့ပြင် ဆရာကြီးတို့ ခရီးထွက်ရာတွင် ရိက္ခာမှစပြီး လိုလေသေး မရှိအောင် ပြင်ဆင်ပေးကြသည်။

သူတို့လေးယောက် ခရီးထွက်ကာနီးအချိန်ရောက်တော့မှ မမျှော်လင့်သော နောက်ထပ်တစ်ယောက် ရောက်လာလေတော့သည်။

အခြားသူ မဟုတ်ပေ။ နှင်းမေပင်ဖြစ်တော့သည်။

နှင်းမေ အပေါ်အောက် အဝတ်နက်များ ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှာ တဘက်တစ်ထည် ပတ်ထားလေသည်။

"ဟင်. . . မိန်းကလေး ဘာကိစ္စရှိလို့လဲ"

"ဆရာကြီးတို့နဲ့အတူ ကျွန်မလိုက်ခဲ့ပါရစေ"

ထိုစကားကြောင့် ကြားရသူများမှာ အံ့ဩသွားကြလေသည်။ ဆရာကြီးသူရဲ့ကတော့ မျက်မှောင်ကျုံ့ပြီး အတန်ကြာလာသည်အထိ စဉ်းစားနေလေသည်။

"ဘယ်လိုကြောင့်လဲကွယ်"

"ဆရာကြီးကတော့ သိမယ်ထင်ပါတယ်၊ ဒီကိစ္စက ကျွန်မနဲ့ အမိက သက်ဆိုင်နေတယ် ထင်လို့ပါ"

"မင်းက ဘယ်လိုသိနေတာလဲ"





"ကျွန်မ သူတို့နဲ့ စကားပြောခွင့်ရခဲ့ပါတယ်၊ ဆရာကြီးက ကယ်ပေးထားလို့သာ သူတို့ ကျွန်မကို ချက်ချင်းမခေါ်ကြသေးတာပါ၊ သူတို့ အမိက လိုချင်တာ ကျွန်မဖြစ်တယ်ဆိုတာလည်း ရိပ်မိပါတယ်"

ဆရာကြီးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အဲဒီနေရာကို မင်းလိုက်မယ်ဆိုရင် မင်းအတွက် အန္တရာယ်ဘယ်လောက်များတယ်ဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ် ဆရာကြီး"

"မင်းမိဘတွေကရော ခွင့်ပေးကြရဲ့လား"

"အဖေတို့ကတော့ ဆရာကြီးနဲ့ လိုက်သွားမှာမို့ ဘာမှတော့ မပြောကြပါဘူး"

"ဒီလိုဆန္ဒရှိနေမှတော့ လိုက်ချင်လည်း လိုက်ခဲ့ပေါ့၊ မင်းကိုယ်တိုင် ပါလာတော့ အလုပ်လုပ်ရတာ ပိုပြီးအဆင်ပြေတာပေါ့"

ဟု ပြောလိုက်လေသည်။

နှင်းမေကလည်း သူမပါ လိုက်ခွင့်ရသဖြင့် ကျေနပ်သွားဟန်ရှိသည်။

အားလုံး အဆင်သင့် ပြင်ဆင်ပြီးသောအခါ ခရီးထွက်ကြလေတော့သည်။

စုစုပေါင်း ငါးယောက်ဖြစ်ကြသည်။

ဆရာကြီးသူရဲ့၊ ဦးဇန်ကောင်း၊ နှင်းမေ၊ စောထီး၊ ဓမ္မအောင်တို့ ဖြစ်ကြသည်။

ထိုခရီးမှာ စောထီးနှင့်ဓမ္မအောင်တို့နှစ်ယောက် ပါလာသောကြောင့် များစွာအားကိုးကြရသည်။ ၎င်းတို့မှာ တောလမ်းတောင်လမ်း ခရီးများကို ကျွမ်းကျင်ကြသဖြင့် ရှေ့မှ လမ်းပြသွားကြရုံမကဘဲ ပစ္စည်းထည့်ထားသော ပလိုင်းနှင့် အထုပ်များကိုလည်း ဒိုင်ခံသယ်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတို့က အထုပ်များ ထမ်းပေးကြသဖြင့် ကျန်သုံးယောက်က ကိုယ်လွတ်သွားကြရာ များစွာခရီးတွင်လှပေသည်။

ကျောက်နှာမောင်းသိုက်ရှိသောနေရာကိုသာ လူတိုင်း မသိကြစေကာမူ ကျောက်နှာမောင်းများ ရှိသောနေရာကိုတော့ ထိုနေရာဒေသတစ်ဝိုက်မှာ နေထိုင်သူအတော်များများက သိကြသည်။

အချို့ကလည်း ရောက်ဖူးကြသည်။

သူတို့သည် ကျောက်နှာမောင်းများ ရှိသောနေရာဘက်သို့ ဦးတည်သွားကြလေသည်။

"မိန်းကလေး. . . ဒီနေရာက သူတို့ပိုင်နက်နဲ့ တဖြည်းဖြည်းနီးလာပြီ၊ လည်ပင်းမှာ ဆွဲထားတဲ့ လိပ်ပြာကြိုးကို သတိထားကြည့်. . . ပြုတ်ကျမသွားစေနဲ့"

"ကောင်းပါပြီ ဆရာကြီး၊ ဒါထက် နီမောင်က အဲဒီမှာ ရောက်နေတာပေါ့နော်"

"ဟုတ်တယ်ကွဲ့"

"သူ အသက်ရှင်ရက်နဲ့တော့ ရှိသေးတယ် မဟုတ်လားဟင်"

"ရှိပါသေးတယ်"

"သူတို့က အပြစ်မရှိတဲ့လူတစ်ယောက်ကို ဘာဖြစ်လို့ ခေါ်ထားတာလဲဟင်"

"သူတို့ အလိုရှိတဲ့သူနဲ့ လဲချင်လို့ပေါ့၊ နောက်တစ်ချက်ကတော့ နီမောင်ကို သူတို့ သဘောကျနေလို့ ဖြစ်ပါလိမ့်မယ်"

"သူတို့က ဘယ်သူ့ကို လိုချင်နေတာလဲဟင်"

"ဟိုရောက်တော့မှ သိရမှာပေါ့ကွယ်"

ဆရာကြီးသူရဇ္ဇကတော့ သူ့မှာ ပြောခွင့်မရှိသဖြင့် မပြော





သော်လည်း နှင်းမေစိတ်ထဲကတော့ အလိုလို သိနေလေသည်။

တစ်ရက်ခရီးမျှကြာသောအခါ ကျောက်နှာမောင်းများ ရှိသောနေရာသို့ ရောက်သွားကြတော့သည်။

ထိုနေရာမှာ ရှေ့၌ ဖော်ပြခဲ့သည့်အတိုင်း ကျောက်သားများမှာ ဆင်ဦးခေါင်းများသဏ္ဌာန်ဖြစ်နေကာ နှာမောင်းသဏ္ဌာန်များက အပြင်သို့ ထွက်နေလေသည်။ ထိုနေရာရောက်သောအခါ ဆရာကြီးက ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်နေသည်။

အချိန်က ညနေပိုင်းအချိန်ဖြစ်နေသော်လည်း တောထဲမှာ အလင်းရောင် မပျောက်သေးပေ။

ကျောက်နှာမောင်းများ ရှိသောနေရာမှာပင် နေရောင်ခြည်များ ရှိနေသေးသည်။

ဆရာကြီးက မျက်စိမှိတ်ထားပြီး ဂါထာမန္တန်များကို ရွတ်ဆိုနေလေသည်။

အတန်ကြာသောအခါ အခြားနေရာမှ ချိုးငှက်တစ်ကောင် ပျံသန်းလာပြီး ဆရာကြီးပခုံးပေါ်မှာ လာနားလေသည်။ ချိုးငှက်ကလေးမှာ ထူးထူးခြားခြား အဖြူရောင်ဖြစ်သည်။

"စောထီးနဲ့ငမဲအောင်"

"ဗျာ. . . ဆရာကြီး"

"ငါ ဒီချိုးဖြူငှက်ကလေးကို ပြန်လွှတ်လိုက်မယ်၊ သူ ဘယ်နေရာမှာ သွားနားတယ်ဆိုတာ မင်းတို့နှစ်ယောက်က မျက်စိရှင်ရှင်နဲ့ ကြည့်ထားကြပေတော့"

"ဟုတ်. . ဟုတ်ကဲ့ ဆရာကြီး"

ထိုသို့ပြောပြီး ဆရာကြီးသူရဇ္ဇက ပခုံးပေါ်မှာ လာနားနေသော ချိုးဖြူငှက်ကလေးကို လက်ဖြင့် ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်ဆိုင်ရာနေရာမှာ သွားနားပေတော့"

ဟု ပြောပြီး လွှတ်ပေးလိုက်ရာ အပေါ်သို့ ပျံတက်သွားလေသည်။

ထို့နောက်မှာတော့ ကျောက်နှာမောင်းများ ရှိသောနေရာသို့ ပျံသွားပြီး အပေါ်မှာ ဝဲနေသည်။

ထိုအခိုက်မှာပင် မည်သည့်နေရာမှ ထွက်လာမှန်း မသိသော စွန်ရဲတစ်ကောင်၊ သိန်းငှက်တစ်ကောင်တို့က ကောင်းကင်မှာ ပျံဝဲနေသော ချိုးဖြူငှက်ကလေးကို ထိုးသုတ်သတ်ဖြတ်ရန် ကြိုးစားနေကြသည်။

ဆရာကြီးက ထိုအခြေအနေကို မျက်တောင်မခတ် ကြည့်နေလေသည်။

"ဆရာကြီး လွှတ်လိုက်တဲ့ ချိုးဖြူလေးကို သိန်းငှက်တစ်ကောင်နဲ့ စွန်တစ်ကောင်က ထိုးသုတ်နေကြတယ်၊ မြားနဲ့ ပစ်ပေးရမလား"

"မပစ်ပါနဲ့ကွယ်. . . မင်းပစ်လို့လည်း သူတို့ကို မှန်မှာ မဟုတ်ပါဘူး"

ချိုးငှက်ကလေးမှာ ငှက်ရဲနှစ်ကောင်က လိုက်လံထိုးသုတ်နေသော်လည်း လျင်မြန်စွာဖြင့် တိမ်းရှောင်ပျံသန်းနေလေတော့သည်။

ထိုသို့တိမ်းရှောင်နေရင်းမှပင် တစ်ကြိမ်မှာတော့ ငှက်ရဲနှစ်ကောင်က ချိုးဖြူငှက်ကလေးကို အလွတ်မပေးလိုဟန်ဖြင့် ညှပ်ပူးညှပ်ပိတ် ထိုးသုတ်ရန် ဟန်ပြင်လိုက်ကြလေတော့သည်။

ထိုငှက်ရဲနှစ်ကောင်မှာ ပျံသန်းမှုအရှိန် ပြင်းလှသောကြောင့် လေယာဉ်ပျံများပမာ မြန်လှလေသည်။ ဆရာကြီး လွှတ်လိုက်သည့် ချိုးဖြူငှက်ကလေးက သူ မလွတ်သာသောအခြေအနေကို သိသဖြင့် တောင်ကြားတစ်ခုအတွင်းသို့ ဝင်ပြေးလေတော့သည်။





သူဝင်ပြေးသော တောင်ကြားမှာ အတော်ကလေး ကျဉ်းလှပြီး ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသော ကျောက်တောင်နံရံများက ရှိနေသည်။

ချိုးငှက်ကလေး ဝင်ပြေးတော့ ငှက်ရဲနှစ်ကောင်က နှစ်ကောင်ပူးပြီး မလိုက်ကြတော့ပေ။

သိန်းငှက်က နောက်မှ လိုက်သွားပြီး စွန်ရဲက ရှေ့ထွက်ပေါက်မှ ပိတ်ဆီးဖမ်းရန် ထိုးဝင်လာသည်။

အနီးရောက်သည်နှင့် ချိုးငှက်ကလေးက ရုတ်တရက် အပေါ်ထောင်တက်သွားရာ နောက်မှ လိုက်လာသော သိန်းငှက်နှင့် ရှေ့အပေါက်မှ ပတ်ဝင်လာသော စွန်ရဲငှက်တို့မှာ အရှိန်မထိန်းနိုင်တော့ဘဲ တစ်ကောင်နှင့်တစ်ကောင် မျက်နှာချင်းဆိုင် တိုက်မိပြီး နှစ်ကောင်စလုံး အောက်သို့ ပြုတ်ကျသွားကြလေတော့သည်။

ထိုအခါမှ ချိုးဖြူငှက်က ကျောက်နှာမောင်းတောင် ရှိရာသို့ ပြန်လာလေသည်။

သူသည် မီးခိုးငွေ့ကလေးများ တလူလူ ထွက်နေသော ဂူပေါက်ဝတစ်ခုအနီးမှာ ဝင်နားလိုက်ပြီး အော်သံပေးလိုက်လေသည်။

"တကူကူး. . ကူ. . တကူကူး. . . ကူ"

ထိုသို့အော်ပြီး အဝေးသို့ ပြန်သွားလေသည်။

"အခု ချိုးကူသွားတဲ့နေရာဟာ ကျောက်နှာမောင်းသိုက် ရှိတဲ့ ဂူပေါက်ပဲ ဖြစ်ရမယ်၊ အခြေအနေတော့ ဒီက စောင့်ကြည့်ကြရမယ်"

ဟု ကြည့်နေကြလေသည်။

ထိုသို့ကြည့်နေစဉ်မှာပင် ကျောက်ဂူအတွင်းမှ ကျောက်မောင်းတီးသံ ကိုးချက်တိတိ ပေါ်ထွက်လာလေသည်။

"ဒူ. . . ဒူ. . . ဒူ. . . ဒူ"



www.burmeseclassic.com

www.burmeseclassic.com



"ဒူ. . . ဒူ. . . ဒူ. . . ဒူ. . . ဒူ"

ကျောက်မောင်းသံကိုးချက် ပေါ်လာပြီး မရှေးမနှောင်းမှာပင် ကျောက်ဂူတစ်ဂူအတွင်းမှ ဝင်းလက်သောအရာတစ်ခု အပြင်သို့ ထွက်လာပြီး တစ်နေရာမှတစ်နေရာသို့ ကူးလူးသွားလာနေသည်။

ပထမတော့ ဖြေးဖြေးမှန်မှန် သွားလာနေရာမှ တဖြည်းဖြည်းနှင့် အရှိန်မြန်လာလေသည်။

ပိတုန်းတစ်ကောင်အလား တစ်နေရာမှ တစ်နေရာ ပျံသန်းနေရာ သူသွားရာလမ်းတစ်လျှောက်မှာ အဖြူရောင်နှင့် မီးခိုးငွေ့ရောင် သမ်းနေသော အလင်းတန်းများ ကျန်နေခဲ့လေသည်။

"အဲဒါ ကျုပ်တို့ရှာနေတဲ့ ပြဒါးပျံပဲ၊ သူသွားလေရာမှာ ကျန်နေခဲ့တဲ့ အလင်းတန်းတွေက သေမင်းရောင်ခြည်ထက် ကြောက်စရာကောင်းတယ်"

ဆရာကြီးသူရဇ္ဇက ခပ်တိုးတိုး ပြောသည်။

ပြဒါးပျံ ပျံနေသောနေရာမှာ ကျောက်နှာမောင်းများ ရှိသောနေရာတစ်ဝိုက်ဖြစ်ပြီး သိုက်ရှိသော ဂူပေါက်ဝနှင့်လည်း မဝေးလှပေ။

အကယ်၍ သိုက်ရှိသော ဂူပေါက်ဝကို သွားမည်ဆိုပါက ကျောက်နှာမောင်းများ ရှိသည့် ကွက်လပ်ကို ကျော်ဖြတ်မသွားဘဲ မရောက်နိုင်ပေ။

"ဘယ်လိုကြောက်စရာကောင်းတာလဲ ဆရာကြီး"

ထိုသို့ပြောနေစဉ် တစ်ဖက်တောစပ်မှ တောဝက်တစ်ကောင်က ကြောက်လန့်တကြား အပြင်သို့ တိုးထွက်လာသည်။ ဟိုဟိုဒီဒီ ကြည့်နေစဉ်မှာပင် တောထဲမှ ကျားဟိန်းသံတစ်ချက် ပေါ်ထွက်လာသည်။

"ဝေါင်း. . ."

ထိုအသံကြောင့် တောဝက်က ပြဒါးပျံ ပျံနေသော ကွက်လပ်





ကို ဖြတ်ပြေးလေသည်။

တောဝက်မှ ပြဒါးစက်ကွင်း အလင်းရောင်များနှင့် ထိလိုက်သည်နှင့် ချက်ချင်းပျောက်သွားလေတော့သည်။

မရှေးမနှောင်းမှာပဲ တောစပ်မှ တောကောင်ကြီးတစ်ကောင် ထွက်လာပြီး ဝက်ဖြတ်ပြေးသွားသော လမ်းအတိုင်း နောက်မှ ပြေးလိုက်သွားသည်။

ကျားလည်း ဟိုဘက်မရောက်ခင်မှာ ပျောက်ကွယ်သွားလေတော့သည်။

စောထီးနှင့် ငမဲအောင်တို့မှာ ထူးဆန်းသောမြင်ကွင်းကို တွေ့မြင်ရသောအခါ အံ့သြနေကြသည်။

သူတို့စိတ်ထဲမှာ နေဝင်ရီတရောအချိန် တောခြောက်နေသည်ဟု ထင်နေကြသည်။

"ဝက်ရော ကျားပါ ပျောက်သွားပြီ ဆရာကြီး၊ ဘယ်လိုဖြစ်ပြီး ပျောက်သွားတာလဲဗျ"

"ပြဒါးပျံစက်ကွင်းထဲကို ဝင်မိရင် လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ပျောက်သွားမှာပဲ၊ သွေးနဲ့ အသက်ရှင်နေတဲ့ လူနဲ့သတ္တဝါတွေမှန်သမျှ ပြဒါးပျံစက်ကွင်း ထိရင် ခဏချင်းနဲ့ ပျောက်ကွယ်သွားမှာပဲ"

"တယ်လည်း ကြောက်စရာကောင်းပါလား"

စောထီးနှင့်ငမဲအောင်တို့မှာ ထိုမြင်ကွင်းကို မြင်တော့မှ နီမောင် ပျောက်သွားသောညက ယခုကဲ့သို့ ထူးဆန်းသော အလင်းရောင်များ တွေ့မြင်လိုက်ရပြီး ထောင်ချောက်ထဲမှာ မိနေသော ဝက်ဝံကြီး ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားခြင်း အဖြေကို ယခုမှပင် သိရပေတော့သည်။

"ဆရာကြီး ဒီလောက်ကြောက်စရာကောင်းတဲ့ ပြဒါးပျံကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူတွေက စီရင်ခဲ့တာလဲ"

"ရှေးဆရာတွေ စီရင်ခဲ့တာပါပဲ၊ ဒါပေမယ့် သိုက်စောင့်တွေက သူတို့အတွက် အကာအကွယ် အတားအဆီးရအောင် အသုံးပြုနေတာလည်း ဖြစ်နိုင်တယ်"

"ဒါကြောင့် ဒီနေရာတစ်ဝိုက်ကို မျက်စိလည် လမ်းမှားပြီး ရောက်လာတဲ့လူတွေ ပျောက်ချင်းမလှ ပျောက်သွားကြတာပဲ ဖြစ်မယ်"

"ဒီလိုပေါ့ကွယ်. . . သိဒ္ဓိအစွမ်းရှိတဲ့ အရာဝတ္ထုတွေကို မကောင်းတဲ့ဘက်မှာ အသုံးပြုတော့ ပိုပြီးကြောက်စရာကောင်းတာမျိုး ဖြစ်လာတာပေါ့"

"ဒါထက် ဆရာကြီးတို့က ဒီနေရာကို လာတာ အခု တွေ့ရတဲ့ ပြဒါးပျံကို ဖမ်းယူဖို့ လာတာလားဟင်"

"ဟုတ်တယ်"

"ဒီလောက်ကြောက်စရာကောင်းနေတာ ဖမ်းယူလို့ ရပ့ါမလားဟင်"

"ဆေးဝါးအစီအရင်နဲ့ ဖမ်းယူရင် ရနိုင်ပါတယ်ကွဲ့"

ဟု ပြောဆိုနေကြစဉ်မှာ ကြားနေရသော ကျောက်မောင်းတီးသံလည်း ရပ်သွားလေသည်။

မကြာမီမှာပင် ပိတုန်းတစ်ကောင်ပမာ ကျောက်နှာမောင်းများကြားမှာ ဝဲပျံနေသော ပြဒါးပျံလည်း ဂူပေါက်တစ်ခုအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါ ဦးဗန်ကောင်းက ပြောသည်။

"ဆရာကြီး. . ကျောက်မောင်းထုသံ ကြားရပြီး မရှေးမနှောင်းမှာ ပြဒါးပျံ ထွက်လာတာဟာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူး"

"အမှန်ပေါ့ဗျာ. . . ဦးဗန်ကောင်း တွေးတာ အမှန်ပါပဲ၊ ပြဒါးပျံ





က သူ့အလိုလို ထွက်လာတာ မဟုတ်ဘူးဗျ၊ မောင်းသံကြားမှ ထွက်လာတာ၊ ပြဒါးနဲ့ မောင်းထုတာဟာ ရန်ဓာတ်နှစ်ခုကို ကက်ကင်း ဝင်အောင် စီရင်ထားတာပဲ ဖြစ်မှာပေါ့ဗျာ"

"အခု ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"ဒီနေရာပဲ စောင့်ကြည့်ရုံ ရှိတာပေါ့၊ ကျုပ်တို့ ရောက်နေမှန်း သိရင် သူတို့ ထွက်လာကြမှာပါ၊ ဒါပေမယ့် သတိဝီရိယတော့ ထားကြရမယ်"

ဟု ပြောပြီး ထိုနေရာတစ်ဝိုက်တွင် အစီအရင် အတားအဆီးများ ပြုလုပ်ပြီးနောက် အေးအေးဆေးဆေးနှင့်ပင် စောင့်နေကြတော့သည်။

ထိုနေရာရောက်လာတော့ သူတို့နှင့်အတူ ပါလာသောနှင်းမေမှာ မျက်စိမျက်နှာပျက်နေလေသည်။

သို့သော် အားလုံးက မသိဟန်ပင် ပြုနေကြသည်။

အချိန်က တဖြည်းဖြည်းနှင့် ညဉ့်ဦးပိုင်းအချိန်သို့ ရောက်လာခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# ဘဝဟောင်းသို့ ပြန်ခွင့်ရခဲ့သူ

အချိန်က ညဦးပိုင်း ကျော်လွန်လာခဲ့ချေပြီ။

၎င်းတို့ စခန်းချနေသောနေရာမှာ သိုက်ရှိသော ဂူပေါက်ဝကို လှမ်းမြင်နေရသော ကျောက်နှာမောင်းတစ်ခုအောက်၌ ဖြစ်သည်။

ကြားတွင် ကျောက်နှာမောင်းများက ပတ်ပတ်လည် ရှိနေပြီး အလယ်နေရာတွင် ကွက်လပ်တစ်ခုရှိသည်။

သိုက်ရှိသော ဂူပေါက်ဝသို့ သွားမည်ဆိုပါက ထိုကွက်လပ်နေရာမှ ဖြတ်သွားရပြီး အခြားနေရာမှ သွားစရာလမ်း မရှိပေ။

အကယ်၍ ထိုလမ်းမှဖြတ်လျှောက်သွားစဉ် ကျောက်နှာမောင်း



www.burmeseclassic.com

www.burmeseclassic.com



တီးသံ ပေါ်လာပြီး ပြဒါးပျံ ထွက်လာပါက လွတ်လမ်းမရှိနိုင်ပေ။

ထိုကွက်လပ်မှာ ရန်သူများအတွက် ပြန်လမ်းမရှိသော သတ်ကွင်းတစ်ခုဆိုကလည်း မမှားပါချေ။

ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့က ၎င်းတို့နေရာတစ်ဝိုက်ကို စိတ်ချရအောင် စီမံပြီး ပုတီးစိပ်နေကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန် ကျော်လွန်လာခဲ့ချေပြီ။

ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း အမှောင်ရိပ်များ ဖုံးလွှမ်းနေသော်လည်း သစ်ပင်ရိပ်များကြားမှ ထိုးဆင်းလာသော အလင်းရောင်အချို့ကြောင့် ဝိုးတဝါး မြင်နိုင်လေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

စောထီးနှင့်ငမဲအောင်တို့ကတော့ ပတ်ဝန်းကျင်မှ ဝင်လာမည့် အန္တရာယ်များကို သတိထားပြီး စောင့်ကြည့်နေကြသည်။

သူတို့နှင့်အတူပါလာသောနှင်းမေကတော့ ကျောက်နှာမောင်းသိုက် ရှိသည်ဟု ထင်ရသော ဂူပေါက်ဝ ရှိရာသို့ မကြာခဏ လှမ်းကြည့်ရင်း တစ်စုံတစ်ခုကို စိုးရိမ်နေဟန် ရှိလေသည်။

ညဥ့်နက်ပိုင်းရောက်သောအခါ သူတို့ရှိနေသောနေရာနှင့် မနီးမဝေး၌ ရှိသော ဂူပေါက်ဝအတွင်းမှ အဖြူရောင်မီးခိုးငွေ့များ ထွက်လာသည်ကို လှမ်းမြင်ရသည်။

ထိုအခြေအနေကြောင့် ဆရာကြီးက ပုတီးစိပ်နေရာမှ ရပ်ကာ ထိုနေရာသို့ လှမ်းကြည့်နေလေသည်။

ခဏကြာတော့ ဂူအတွင်းမှ လူနှစ်ယောက် ထွက်လာကြလေသည်။





အခြားမဟုတ်ပေ. . .။

ဦးဒီပါနှင့် မြသူဇာတို့နှစ်ယောက်ပင် ဖြစ်သည်။

သူတို့နှင့်အတူ နီမောင်တော့ ပါမလာသေးပေ။

သူတို့ထွက်လာသောအခါမှ ပတ်ဝန်းကျင်မှ မည်းမည်းသဏ္ဌာန်များ နေရာအနှံ့မှ ပေါ်လာခြင်းဖြစ်သည်။

စောစောက သူတို့ရောက်နေသောနေရာနှင့် မနီးမဝေး ပတ်ဝန်းကျင်မှာ ပရလောကသားများ ရှိနေဟန် ရှိနေသော်လည်း မမြင်ရပေ။

ဂူအတွင်းမှ လူနှစ်ယောက် ထွက်လာတော့မှ တဖြည်းဖြည်းပေါ်လာခြင်းဖြစ်၏။

ထိုအခါမှ စောစောက ထူးထူးခြားခြား ငြိမ်သက်နေခြင်းကို သဘောပေါက်ကြလေတော့သည်။

ဦးဒီပါနှင့် မြသူဇာတို့က သူတို့ရှိနေသောနေရာနှင့် မနီးမဝေးနေရာအထိ လျှောက်လာပြီးမှ ရပ်လိုက်ကြသည်။ အလင်းရောင် ရှိနေသောကြောင့် ၎င်းတို့ရုပ်အသွင်များကို ကောင်းစွာမြင်နေရသည်။

မြသူဇာမှာ နှင်းမေနှင့် ရုပ်ရော အရွယ်ပါ တူလှပေသည်။ နှင်းမေမှာ သူတို့နှစ်ယောက်ကို မြင်သောအခါ မျက်လုံးအပြူးသားဖြင့် လှမ်းကြည့်နေသည်။

အနားရောက်သောအခါ ဦးဒီပါက ပုံမှန်အသံဖြင့် လှမ်းမေးလိုက်သည်။

"ဘယ်လိုအကြောင်းကိစ္စရှိလို့ ရောက်လာကြတာလဲ"

"ကျုပ်တို့ရွာက နီမောင် ပျောက်နေတာ ခင်ဗျားတို့လက်ထဲမှာ ရှိတယ်ဆိုတာ သိလို့ လာခေါ်တာပါ"

"ဒီအတိုင်းတော့ ပြန်ခေါ်လို့မရပါဘူး၊ နီမောင်ကို ပြန်ခေါ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျုပ်တို့လူကို ပြန်လွှတ်ပေးရမယ်၊ အခု သူလည်း တစ်ပါတည်း ပါလာတော့ ပိုကောင်းပါတယ်"

"မိန်းကလေးကို ကျုပ်တို့သဘောနဲ့ ပေးလို့မရပါဘူး၊ သူ့သဘောဆန္ဒက ရှိပါသေးတယ်၊ သူ့ကိုသာ မေးကြည့်ပါ"

ထိုအခါ ဦးဒီပါက နှင်းမေကို ကြည့်ပြီး မေးသည်။

"မြမာလာ. . နင်က တောင်နှာမောင်းသိုက်ထဲက သိုက်စောင့်တစ်ယောက်ပဲ ဖြစ်တယ်၊ လူ့လောကမှာ ကုသိုလ်ကောင်းမှု ပြုပါရစေဆိုပြီး ခွင့်ပန်သွားတာ၊ အခုဆိုရင် ပြန်လာရမယ့်အချိန် စေ့နေပြီ"

ထိုစကားကြောင့် နှင်းမေမှာ မျက်လုံးပြူးသွားသည်။

ထို့နောက် ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။

"ဒါ သမီးရဲ့အစ်မ မြသူဇာပဲ၊ သူက နီမောင်နဲ့ မေတ္တာရှိနေကြလို့ အဘိုးကိုယ်တိုင် လက်ထပ်ပေးထားပြီးပြီ"

"ဟုတ်ပါတယ် ညီမလေးရယ်၊ အစ်မက အစ်ကိုကို မခွဲနိုင်တော့ပါဘူး၊ ဒါကြောင့် သူ့ကို ပြန်ခေါ်သွားမယ်ဆိုရင် အစ်မလည်း လိုက်ခဲ့မှ ဖြစ်မှာပါကွယ်၊ ဒါပေမယ့် အစ်မတို့နှစ်ယောက် တစ်ယောက်သွားရင် တစ်ယောက်က ကျန်ခဲ့ရတယ်၊ အခု ညီမလေး သွားနေတဲ့အချိန်မှာ အစ်မက တာဝန်ယူ စောင့်ရှောက်ပေးနေရတယ်"

ထိုစကားကြားသောအခါ နှင်းမေမှာ ရှိုက်ကြီးတငင် ငိုကြွေးနေလေသည်။

"ငါ့ညီမလေး ပြန်လာမှ မမက အစ်ကို့နောက်ကို လိုက်ခွင့်ရမှာဆိုတော့ ငါ့ညီမလေး ပြန်လာခဲ့ပါကွယ်"

ထိုအခြေအနေမှာ ဆရာကြီးသူရဇ္ဇတို့အနေဖြင့် ဘာမှဝင်ပြီး ဆောင်ရွက်ပေး၍မရပေ။

ဆရာကြီးသူရဇ္ဇမှာ သိုက်ဆရာတစ်ယောက် မဟုတ်သော



ကြောင့် ဆေးဝါး၊ မန္တန်၊ ပညာရပ်များဖြင့် အတင်းအကြပ် ပြုလုပ်ရန်လည်း ဆန္ဒမရှိပေ။

ထို့ကြောင့် ၎င်းတို့အချင်းချင်း ပြောနေသည်ကိုသာ နံဘေးမှ နားထောင်နေကြသည်။

အတန်ကြာတော့မှ. . .

"ကောင်းပါပြီ. . . ကျွန်မ အားလုံးသတိပြန်ရပါပြီ၊ မမတို့ချစ်ခြင်းကိုတော့ မခွဲလိုတော့ပါဘူး၊ မမတို့အတွက် ကျွန်မ အနစ်နာခံပေးပါ့မယ်"

ဟု ပြောလိုက်လေသည်။

"ဒီစကားကြားရတာ မမ ဝမ်းသာလိုက်တာ ညီမလေးရယ်. . ဝမ်းသာလိုက်တာ"

ဟု ပြောပြီး မြသူဇာက ငိုနေပြန်လေသည်။

"ကဲ. . . သူတို့အချင်းချင်း သဘောတူသွားကြပြီဆိုတော့ ဘာမှ ပြဿနာ မရှိတော့ပါဘူး၊ မိတ်ဆွေကြီးတို့ကို ဧည့်ခံချင်ပါတယ်၊ နီမောင်နဲ့လည်း တွေ့ရအောင် အားလုံး ကျုပ်တို့နေရာကို လိုက်ခဲ့ကြပေါ့"

ဟု ခေါ်သွားရာ အားလုံးလိုက်သွားကြလေသည်။

ဂူကြီးအတွင်းပိုင်းသို့ ခေါ်သွားရာ အတွင်းရောက်သောအခါ ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြသော အဲစောင့်ရုပ်ထုများကို တွေ့ရသည်။

၎င်းရုပ်ထုများမှာ အကြောင်းရှိပါက အသက်ဝင်လာကာ ရန်ပြုတတ်ကြောင်းကိုတော့ ဆရာကြီးတို့က သိသော်လည်း စောထီးနှင့်ငမဲအောင်တို့ကတော့ မသိကြပေ။

တစ်နေရာမှာတော့ ဂူအပေါ်ပိုင်းမှ တွဲလောင်းကျနေသည့် ကျောက်မောင်းကြီးများကို တွေ့ကြရသည်။ ထိုနေရာမှာပင် ကျောက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းထိုးတံများလည်း ရှိသည်။ အတွင်းပိုင်းရောက်တော့ အသံများ ကြားရလေသည်။

"အစ်မလေး ပြန်လာပြီဟေ့၊ အစ်မလေး ပြန်ရောက်လာပြီ"

ဟူသောအသံများဖြစ်သည်။

ဂူ၏အတွင်းပိုင်းမှာတော့ ရှေးဟောင်းပစ္စည်း အသုံးအဆောင်များဖြင့် ခမ်းနားကျယ်ဝန်းသော အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့မှ နီမောင်နှင့် ပြန်တွေ့ကြရသည်။ နီမောင်က သူတို့ကို မြင်တော့ ဝမ်းသာအားရ ပြောလေသည်။

"ဟာ. . . ဆရာကြီးတို့ပါလား၊ စောထီးနဲ့ငမဲအောင်လည်း ပါလာကြတယ်၊ ဟင်. . . နှင်းမေလည်း ပါလာတယ်"

ဟု ဝမ်းသာအားရဖြင့် တစ်ယောက်ချင်း လိုက်ပြီး နှုတ်ဆက်လေသည်။

"ငါတို့ မင်းကို လာခေါ်ကြတာ မောင်နီမောင်ရဲ့"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ဒါ. . ဒါပေမယ့် ကျွန်တော့်မှာ. . ."

မြသူဇာကို တစ်ချက်လှမ်းကြည့်ပြီး ဆက်မပြောတော့ပေ။

"ဘာလဲ. . . မင်းက ဒီမှာ အိမ်ထောင်တွေဘာတွေ ကျနေပြီလား"

ဦးဗန်ကောင်းက မေးလိုက်သည်။

"ဟုတ်. . ဟုတ်ပါတယ်"

"ဒီလိုဆိုတော့လည်း သူ့ကိုပါ ခေါ်ခဲ့ပါကွယ်"

နီမောင်က တအံ့တသြ ဖြစ်သွားလေသည်။

သူ့အနေနှင့် မြသူဇာတို့အကြောင်းကို သိတန်သလောက် သိရ





ပြီး ဖြစ်သောကြောင့် သူနှင့်အတူ ခေါ်သွား၍မရနိုင်ဟု တွေးကာ စိတ်ပူပန်နေခြင်းဖြစ်သည်။

ထို့နောက်မှာတော့ ဦးဒီပါက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးရင်း မေးလေသည်။

"ကျုပ်တို့ကို အခုလို အဆင်ပြေအောင် အကူအညီပေးတာ ဆရာကြီးတို့ကို အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီနေရာကို ဘယ်လိုအကြောင်းကိစ္စရှိလို့ ရောက်လာကြတာပါလဲ"

"ကျုပ်တို့ ဒီနယ်ကို ရောက်လာတာတော့ အခြားမဟုတ်ပါဘူး၊ ပြဒါးပျံသတင်းကို ကြားလို့ ရှာရအောင် လာခဲ့တာပါပဲ"

"ပြဒါးပျံက ကျုပ်တို့ရဲ့သိုက်စောင့်အဖြစ် ထားတာမို့ ပေးခွင့်မရှိပါဘူး၊ ဆရာကြီးတို့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အခြားသိဒ္ဓိရှိတဲ့ ပြဒါးရှင်နဲ့ သိုက်ဝင်ဆေးတွေကို ပေးလိုက်ပါ့မယ်ဗျာ"

ဟု ပြောကာ သီးသန့်ထားသော အခန်းတစ်ခန်းအတွင်းသို့ ခေါ်သွားလေသည်။

ထိုအခန်းထဲမှာ ရွှေငွေကျောက်သံပတ္တမြားတို့က တောင်ပုံရာပုံ ရှိနေကြသည်။

ရွှေသေတ္တာ၊ ငွေသေတ္တာ၊ ရတနာပစ္စည်းမျိုးစုံ၊ ရွှေမန်ကျည်းတောင့်များကို တောင်ပုံရာပုံ တွေ့ကြရသည်။ ထိုနေရာမှ ကျော်သွားတော့ ဘုရားခန်းထဲသို့ ရောက်သွားကြသည်။

"ဒါ ခတ်ပေါင်းစု သိုက်ဝင်ဆေးဘုရား ဖြစ်ပါတယ်၊ ဒီဘက်က စေတီသုံးဆူကတော့ ရွှေစေတီ၊ ငွေစေတီ၊ ပတ္တမြား စေတီတော် ဖြစ်ပါတယ်၊ ကြုံကြိုက်တုန်း ဖူးမြော်ကန်တော့ပေါ့"

ဟု ပြောသဖြင့် အားလုံး ရှိသေစွာ ကန်တော့ကြလေသည်။

ထို့နောက်မှာတော့ သိုက်ဝင်ဆေးများ ထားသောနေရာသို့ ခေါ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် အပြင်မှာ ဘယ်လိုမှ ရှာမရနိုင်သော သိုက်ဝင်ဆေးတော်များနှင့် သိဒ္ဓိရှိသောပြဒါးတစ်လုံးကို ဦးဒီပါက လက်ဆောင်ပေးလိုက်ရာ ဆရာကြီးသူရရွှေနှင့် ဦးဇန်ကောင်းတို့မှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

ထို့နောက်မှာတော့ အပြင်သို့ ပြန်ထွက်ကြလေသည်။ အချိန်ကလည်း အရုဏ်တက်ချိန်သို့ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်၏။

ဂူအပြင်ဘက်သို့ ပြန်ထွက်ကာနီးသောအခါ နှင်းမေတဖြစ်လဲ မြမာလာက ငွေနှင့်ရွှေများ ထည့်ထားသော အိတ်သုံးလုံးကို ပေးသည်။

"ရွှေငွေထည့်ထားတဲ့ အိတ်တစ်လုံးကို ကျွန်မ မိဘတွေကို ပေး,ပေးပါ၊ ကျွန်မအကြောင်းကိုလည်း အမှန်အတိုင်းသာ ပြောပြပေးကြပါ"

"ကောင်းပါပြီကွယ်"

"ဒီတစ်လုံးက စောထီးနဲ့ ငမဲအောင်တို့အတွက်ပေါ့"

"ငါတို့က ဒါတွေ မလိုပါဘူးဟာ"

"ဒီတစ်လုံးက ကိုနီမောင်နဲ့မမြသူဇာတို့အတွက် လက်ဖွဲ့အဖြစ် ပေးလိုက်တာပါ"

ဟု ပြောပြီး ပေးရာ အားလုံး နှင်းမေအတွက် စိတ်မကောင်းဖြစ်ကြရကာ မျက်ရည်များပင် ကျလာလေတော့သည်။

ထို့နောက်မှာတော့ နီမောင်နှင့်မြသူဇာတို့က ဦးဒီပါကို ကန်တော့လိုက်ကြသည်။

အပြင်သို့ ပြန်ထွက်ကာနီးတွင် ဥစ္စာစောင့်မလေး မြမာလာက မှာလိုက်သေးသည်။

"ကျွန်မမိဘတွေကို ပြောပြပေးပါ၊ ကျွန်မကို တွေ့ချင်ရင် ကျောက်မောင်းသံ ကြားရတဲ့ ကျောက်နှာမောင်း ရှိတဲ့နေရာကို လာရင်





တွေ့ရပါစေမယ်လို့ ပြောပြပေးပါ"

"ကောင်းပါပြီကွယ်. . . ဆက်ဆက်ပြောပြလိုက်ပါ့မယ်"

ထို့နောက်မှာတော့ မြသူဇာကိုပါ တစ်ပါတည်း ခေါ်ပြီး ဂူအပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

ဦးဒီပါနှင့် မြမာလာတို့က ဂူပေါက်ဝအထိ လိုက်ပို့ပေးရင်း လက်ပြနှုတ်ဆက်ရင်းနှင့် ကျန်ရစ်ခဲ့ကြလေသည်။

အပြင်ဘက်မှာ အရုဏ်ဦး အလင်းရောင်များ ဖြန့်ကျက်စ ပြုလာကြလေပြီ။

ထိုအခိုက်မှာပင် ကျောက်နှာမောင်းသိုက်ရှိရာဘက်မှ ကျောက်နှာမောင်းထိုးသံများ ပေါ်ထွက်လာလေသည်။

ချစ်စခင်စ ကြင်နာစ ဖြစ်ကြသော နီမောင်နှင့် မြသူဇာတို့နှစ်ယောက်မှာတော့ သိုက်ထဲမှာ ကျန်ခဲ့သော ဥစ္စာစောင့်မလေး မြမာလာအတွက် ဆုတောင်းမေတ္တာပို့ပေးရှာသာ တတ်နိုင်ကြတော့ပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(ပြဒါးပျံစက်ကွင်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။



စာပြီးချိန် ။ ။ (၂၀၁၁)ခုနှစ်၊ နိုဝင်ဘာ(၁၉)ရက်၊ စနေနေ့၊ နံနက်(၁၀)နာရီ။



www.burmeseclassic.com